# သစ်တောကြေးမုံ

၂၀၁၇ ဇွန်စ်၊ ဇွန်လ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း (၁၃)ကြိမ်မြောက် ဘာဆယ်ကွန်ဗင်းရှင်း၊ (၈)ကြိမ်မြောက် ရော့တာဒမ်ကွန်ဗင်းရှင်းနှင့် (၈)ကြိမ်မြောက် စတော့ဟုမ်းကွန်ဗင်းရှင်း ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ခြင်း







(၁၃)ကြိမ်မြောက် ဘာဆယ်ကွန်ဗင်းရှင်း၊ (၈)ကြိမ်မြောက် ရော့တာဒမ်ကွန်ဗင်းရှင်းနှင့် (၈)ကြိမ်မြောက် စတော့ဟုမ်းကွန်ဗင်းရှင်းဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (High Level Segment of the 13th Conference of Parties of Basel Convention, the 8th Conference of Parties of Rotterdam Convention, the 8th Conference of Parties of Stockholm Convention) ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့နှင့် ၅ ရက်နေ့တွင်ကျင်းပခဲ့ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်(၁၀၀)ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ - ၂ သို့

# မာတိကာ


- ပြည်ထောင်စုဝန်ကြီးသည် ဘာဆယ်ကွန်ဗင်းရှင်း၊ ရော့တာဒမ် ကွန်ဗင်းရှင်းနှင့် စတော့ဟုမ်းကွန်ဗင်းရှင်းဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အစည်းအဝေးတက်ရောက် — မျက်နှာဖုံး
- ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ — ၁
- သတင်းများကဏ္ဍ — ၂ - ၁၀
- တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၁၁ - ၁၄
- သုတေသနဖြင့် ခရီးသွားခြင်း — ၁၅ - ၁၈
- ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံလိုက်ရသည့် မိုးစုံဒေသခံတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဓါတ် — ၁၉ - ၂၀
- သိမှတ်ဖွယ်ရာအတိုကောက်စကားလုံးများ — ၂၀
- ကမ္ဘာလုံးဆိုင်ရာ မျိုးသုဥ်းရန်အန္တရာယ်ရှိသောမျိုးစိတ်များအဆင့်သတ်မှတ်ခြင်းဆိုင်ရာ IUCN Category များ — ၂၁၊ ၂၄
- နိုင်ငံခြားသို့ရောက်ခဲ့စဉ်က — ၂၂ - ၂၄
- မြန်မာ့ရေဝပ်ဒေသများတိုးချဲ့ထိန်းသိမ်းခြင်း — ၂၆ - ၂၇
- သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဆွေးနွေးခဲ့သမျှ မှတ်မှတ်ရရ — ၂၈ - ၃၂
- လွတ်လပ်ရေးရပြီးခေတ် သစ်တောပညာရှင်များ — ၃၃ - ၃၆
- အငြိမ်းစားယူမည့်သူတစ်ဦး၏ အတွေးနယ် — ၃၄ - ၃၇
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ကဗျာ) — ၃၇
- ဝင်ငွေလည်းရ ဝမ်းလည်းဝ အခြားသစ်တောထွက်ပစ္စည်းများ — ၃၈ - ၄၀
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်းများ — ၄၁ - ၄၄
- ပိုးဆေးနွယ်ရှင်(ခေါ်) ရှီးပဒီး — ၄၅ - ၄၆
- FUTURE CHANGES, RICKS AND IMPACTS. of Climate Change — ၄၇ - ၄၈
- ခနီ — ၄၉-ကျောဖုံး



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ချိန်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**ဆက်သွယ်ရန်** - ၀၆၇-၄၀၅၃၉၄
extension@forestdepartment.gov.mm

**စာတည်း**

ဦးလှမြင့် ၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးအောင်ကျော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးစိန်မိုး | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |
| ဦးကိုကိုထွန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

ကမ္ဘာ့လူဦးရေတိုးတက်လာခြင်းနှင့်အတူ လူသားတို့၏စားဝတ်နေရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဦးစားပေး၍ သဘာဝသယံဇာတများကို လွန်ကဲစွာထုတ်ယူအသုံးပြုခဲ့သဖြင့် ကမ္ဘာတစ်ဝန်းသဘာဝဝန်းကျင်များ ယိုယွင်းပျက်စီးလာပြီး ဂေဟစနစ်များဆုံးရှုံးခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းစသည့် ဆိုးကျိုးများအား ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်လာစေရန် နှိုးဆော်တိုက်တွန်းပေးသည့်အနေဖြင့် ဇွန်လ(၅)ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီးမှုများထဲမှ အဓိကစိန်ခေါ်မှုများအား ပိုမိုအလေးထားဖြေရှင်း ဆောင်ရွက်လာစေရန် ၁၉၇၄ ခုနှစ်ကတည်းက UNEP မှ အထိမ်းအမှတ်ဆောင်ပုဒ်များကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ယခုနှစ်ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "တို့ကမ္ဘာမြေတစ်ခွင် သာယာလှစေဖို့ သဘာဝကိုထိန်းသိမ်းစို့" ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဇွန်လ(၅)ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့များတွင်ကျင်းပပြုလုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် အမျိုးမျိုးသော ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ရှိနေသည့်အတွက် အာရှဒေသတွင် သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူသားတိုင်းတန်ဖိုးထားရမည့် သဘာဝတရားကပေးထားသည့် လက်ဆောင်များဟုတင်စားခေါ်ဆိုနိုင်ပါသည်။ နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီအားဖွဲ့စည်း၍ ဗဟိုကော်မတီ၏လမ်းညွှန်မှုနှင့်အညီ ဝန်ကြီးဌာနအလိုက် မိမိတို့ဌာနနှင့်ဆက်နွယ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ရှုထောင့်ပေါင်းစုံမှ အကောင်အထည်ဖော်လျက်ရှိရာတွင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများဖုံးလွှမ်းမှုတိုးမြှင့်လာစေရေးအတွက် သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်းအား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သဘာဝနယ်မြေများနှင့် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအား တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းများအပြင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်းများ တည်ထောင်ခြင်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ပြုစုထိန်းသိမ်းခြင်း/ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများအား ပြည်သူလူထုများအကြား စိမ့်ဝင်ပျံ့နှံ့လာစေရန်နှင့် လူမှုရေးအရပွင့်လင်းမှုရှိသည့် အစိမ်းရောင်စီးပွားရေး(Green Economy)လုပ်ငန်းကို အားပေးမြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိပြည်သူများ၏ လိုအပ်ချက်များနှင့် အနာဂတ်ပြည်သူများ၏ လိုအပ်ချက်များကို ဆက်လက်ဖြည့်စွမ်းပေးနိုင်ရန်အတွက် လူမှုဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည့်မဏ္ဍိုင်(၃)ရပ်ကိုအခြေပြုပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်ရရှိစေရန် ပြည်သူများအားလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မျက်နှာဖုံးမှအဆက်

# သတင်းများကဏ္ဍ

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဂျနီဗာအခြေစိုက် မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးထိန်လင်းတို့တက်ရောက်ခဲ့သည်။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ နိုင်ငံဖြတ်ကျော်သယ်ယူမှု ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း (Basel Convention on the Control of Transboundary Movements of Hazardous Wastes and their Disposal)၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ နိုင်ငံတကာကူးသန်းရောင်းဝယ်မှု ကြိုတင်အသိပေး သဘောတူညီမှုရယူခြင်းလုပ်ထုံးလုပ်နည်းဆိုင်ရာ ရော့တာဒမ်ကွန်ဗင်းရှင်း(Rotterdam Convention on the Prior Informed Consent Procedure for Certain Hazardous Chemicals and Pesticides in International Trade)နှင့် နှစ်ကာလကြာမြင့်စွာ ဆွေးမြေ့ပျက်စီးခြင်းမရှိသော ဩဂဲနစ်ညစ်ညမ်းပစ္စည်းဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း (Stockholm Convention on Persistent Organic Pollutants - POPs)တို့၏ အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(High Level Segment)ကို ဆက်လက်ကျင်းပခြင်းဖြစ်သည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

High Level Segment အစည်းအဝေးတွင် ဘာဆယ်ကွန်ဗင်းရှင်း၊ ရော့တာဒမ်ကွန်ဗင်းရှင်းနှင့် စတော့ဟုမ်းကွန်ဗင်းရှင်းတို့နှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ရရှိနိုင်ရေးအတွက် ကွန်ဗင်းရှင်းအလိုက် နောင်အနာဂတ်ကာလတွင် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်းသိရှိရပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၊ သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ (၂-၅-၂၀၁၇)ရက် နံနက်(၈း၃၀)နာရီအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်းသစ်တောကဏ္ဍအနေဖြင့် ထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုအနေဖြင့်

၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး သစ်ထုတ်လုပ်ခြင်းရပ်ဆိုင်းခဲ့ပြီး၊ ပဲခူးရိုးမကို သစ်ထုတ်ခြင်း(၁၀)နှစ်ရပ်ဆိုင်း၍ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်တွင်းသစ်လိုအပ်ချက်အပေါ်မူတည်ပြီး နှစ်စဉ်တောထွက်AAC ထက်လျော့နည်းသစ်ထုတ်ရန်သာ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်ထုတ်ခြင်းလုပ်ငန်းအား သစ်မထုတ်မီ၊ သစ်ထုတ်နေစဉ်နှင့် သစ်ထုတ်ပြီးနောက်စစ်ဆေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှာဖြစ်ကြောင်း၊ သစ်ထုတ်ရာတွင်လည်း မြန်မာ့သစ်လုပ်ငန်းကသာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဖမ်းဆီးရမိသည့်သစ်များကိုလည်း ပြည်ပပို့ခွင့်ပိတ်ပင်ထား၍ ပြည်တွင်းသုံးစွဲရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇– ၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ခုနှစ်အထိ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး(၁၀)နှစ် စီမံကိန်းချမှတ်ရေးဆွဲပြီး ဆောင်ရွက်နေပါကြောင်း၊ စီမံကိန်းပါလုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများမှ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ လုံလောက်သည့် ဘဏ္ဍာရန်ပုံငွေကိုလည်း ခွဲဝေချထားပြီးဖြစ်သလို အခြားလိုအပ်သောအထောက်အပံ့များ ဆက်လက်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊

ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို ၂၀၂၅–၂၀၂၆ခုနှစ်အထိရေးဆွဲပြီးဖြစ်ရာ နောင်တွင်ကိုးကားနိုင်ရန်အတွက် နှစ်အလိုက် ဖြည့်သွင်းရမည့် နောက်ဆက်တွဲဇယားများကို ဖြည့်သွင်းကြရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံများ စစ်ဆေးအတည်ပြုကြရန်၊ နှစ်အလိုက်ကျွန်းနှင့်သစ်မာပင်ထောင်ရိုက်မှတ်ခြင်းများကို ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပါ နှစ်စေ့ရောက်သည့်အကွက်များနှင့် ပင်ထောင်လက်ကျန်ပြန်တမ်းများကို အခြေပြုပြီး သတ်မှတ်ရမည်ဖြစ်ရာ စာရင်းပြုစုထားကြရန်လည်းမှာကြားလိုကြောင်း၊ သစ်တောများစီမံအုပ်ချုပ်ရာတွင် ဝန်ထမ်းအင်အားမလုံလောက်သည့်အတွက် သစ်တောဦးစီးဌာန၏ လက်ရှိခွင့်ပြုအင်အားထက် ဖွဲ့စည်းပုံပြင်ဆင်တိုးချဲ့ဖွဲ့စည်းရန်ဆောင်ရွက်နေကြောင်း၊

တရားမဝင်သစ်ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်တန် (၅၀, ၀၀၀)ကျော်နှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိပြီး၊ တရားမဝင် သစ်ဖမ်းဆီးသည့်နေရာတွင် ကိုယ်တိုင်ဖမ်းဆီးနိုင်သည့်ဝန်ထမ်းများ၊ အချိန်မီသတင်းတင်ပြနိုင်သည့် တာဝန်ကျေပွန်သောဝန်ထမ်းများကို ရာထူးတိုးမြှင့်ခြင်းအပါအဝင် ဂုဏ်ပြုချီးမြှင့်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ တာဝန်မကျေပွန်မှုများကြောင့် အရေးယူမှုအနေဖြင့်လည်း ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းအရာထမ်း(၂၇)ဦး၊ အမှုထမ်း(၃၅၆)ဦးအပြစ်ပေး အရေးယူခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊

ဝန်ထမ်းများ၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားလာအောင်၊ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးတိုးတက်လာအောင် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိသစ်များနှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းရောင်းချပေးလျက်ရှိသည့်အပြင် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များ၊ သစ်စက်လုပ်ငန်းရှင်များ အသင်းနှင့် သစ်ခွဲသားအရောင်းဆိုင် အသင်းအဖွဲ့များကို စည်းကမ်းချက်များဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဧရိယာ၏(၃၀ ရာခိုင်နှုန်း)ကို သစ်တောမြေနှင့်(၁၀ရာခိုင်နှုန်း)ကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ်ဖွဲ့စည်းခြင်းကို ၂၀၃၀ ခုနှစ်တွင် ပြည့်မီရန်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ အခြားမြေအသုံးချမှု ပြောင်းလဲမှုများကို ကွင်းဆင်းစစ်ဆေး၍ အမြဲတမ်းသစ်တောနယ်မြေတည်မြဲရေးကို အထူးအလေးထားထိန်းသိမ်းကြရန် မှာကြားခဲ့ပါသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီမှ အမှာစကားပြောကြားခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဌာနအသီးသီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် တာဝန်ခံများက ဆွေးနွေးတင်ပြခြင်းများနှင့် တာဝန်ရှိသူများမှ သုံးသပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ကြပါသည်။ အစည်းအဝေးသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို(၃–၅–၂၀၁၇) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

**သစ်စက်စစ်ဆေးခြင်း**

၁၉၉၂ခုနှစ် သစ်တောဥပဒေပုဒ်မ–၃၀အရ လုပ်ကိုင်ခွင့်ပြုထားသော သစ်စက်၊ လွှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက်၊ သစ်အခြေခံအချောထည်စက်အားလုံးကို S.O.S အပိုဒ်(၂၅၀)အရ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများသည် လိုင်စင်တွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးရမည်။

**SOP for Saw Mail Inspection**

## လေိုက်စခန်းသာ ဆင်စခန်းဖွင့်ပွဲကျင်းပခြင်း





နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်–မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၂၁၇/၀)မှ (၂)ဖာလုံခန့်အကွာ၊ လေိုက်ကြိုးဝိုင်းအကွက်အမှတ်(၇၈)တွင် လေိုက်ဆည်အားအခြေပြု၍ လေိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို(၈–၅–၂၀၁၇) နံနက်(၈)နာရီအချိန်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက ဖွင့်လှစ်ပေးခဲ့ပါသည်။

လေိုက်စခန်းသာဆင်ထိန်းသိမ်းရေးစခန်းအား၊ ဌာနပိုင်ဆင်များသည် လွတ်လပ်စွာနေထိုင်ကျက်စားရမှု အခက်အခဲများဖြစ်ပေါ်နေရခြင်းအပေါ် ဆင်ဝန်ထမ်းများနှင့်အတူ အများပြည်သူတို့မှ ပူးပေါင်းပါဝင်၍ ဆင်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊ ဌာနဝန်ထမ်းများအနေဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဆန်းသစ်သောစိတ်ကူးများဖြင့် ထိတွေ့ဆောင်ရွက်ခွင့်ရရှိစေရန်၊ အများပြည်သူများနှင့် နိုင်ငံခြားဧည့်သည်များ အပန်းဖြေလည်ပတ်နိုင်ရန်၊ Save the Elephant, Save the Environment ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ဆင်စခန်းတွင် နေပြည်တော်(တောင်ပိုင်း)သစ်ထုတ်ရေးဒေသရှိ လုပ်ငန်းခွင်တွင် အနားပေးထားသည့် ဆင်များနှင့် အမိနောက်လိုက်ဆင်ကလေးများအား ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် ဆင်များအား ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်အကြောင်းသိကောင်းစရာ အချက်အလက်များအား ရှင်းလင်းပြသပေးခြင်း၊ သက်ကြီးကျွန်းစိုက်ခင်းအတွင်း ဆင်စီး၍လေ့လာနိုင်ခြင်း၊ ဆင်များအစာကျွေးခြင်း၊ ဆင်များ၏သဘာဝအတိုင်း စားသောက်နေထိုင်မှုများအား ဆင်ဦးစီးများနှင့်အတူလေ့လာခြင်း၊ ဆင်ဝန်ထမ်းများကျေးရွာတွင် ဝန်ထမ်းများ၏နေထိုင်မှု သဘာဝအားလေ့လာနိုင်ခြင်း၊ ကမ်းခြေစားသောက်ဆိုင်တွင် အပန်းဖြေအနားယူနိုင်ခြင်းနှင့် လေိုက်ဆည်အတွင်း အပျော်စီးစက်လှေဖြင့် လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ဆင်များအား နေ့စဉ် နံနက်(၈)နာရီမှ ညနေ(၆)နာရီအထိ ဆင်စခန်းတွင်ထားရှိပြီး အများပြည်သူများလေ့လာနိုင်မည်ဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်စခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပိတောက်၊ မဟော်ဂနီ၊ ကံ့ကော်၊ တမလန်း၊ ပျဉ်းကတိုးပင်များအားစိုက်ပျိုးခြင်း၊ ဆင်စခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းနှင့် ဆင်များအား အစာကျွေးမွေးခြင်းများ ဆောင်ရွက်ကြပါသည်။

## မဲခေါင်သစ်တောများအတွက် ဒေသခံတို့အသံ စီမံကိန်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲ




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အာရှ–ပစိဖိတ်ဒေသဆိုင်ရာဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလေ့ကျင့်ပညာပေးရေးဗဟိုဌာန (RECOFTC- Centre for the People and Forest) ၊ မြန်မာ့ပတ်ဝန်းကျင် ထူထောင်ထိန်းသိမ်းရေးကွန်ရက်(MERN- Myanmar Environmental Restoration

Network)နှင့် WWF (World Wildlife Fund)အဖွဲ့တို့ ပူးပေါင်း၍ (၁၇-၅-၂၀၁၇)ရက် နံနက်(၉း၃၀)အချိန်တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်တွင်ကျင်းပသည့် ''မဲခေါင်သစ်တောများအတွက် ဒေသခံတို့အသံ''စီမံကိန်းဆိုင်ရာ ကနဦးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ''မဲခေါင်သစ်တောများအတွက် ဒေသခံတို့အသံ'' စီမံကိန်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအပေါ် မိတ်ဖက်အဖွဲ့အစည်းများ၏ ဆွေးနွေးအကြံပြုချက်များကိုရယူ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာသူများမှ မိမိတို့၏အတွေ့အကြုံများအပေါ်အခြေခံပြီး ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)နှင့်အရာရှိကြီးများ၊ EU, MERN, RECOFTC, WWF မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပါသည်။

## အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ်သုံးသပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ''အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် အပြီးသတ်သုံးသပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ''ဖွင့်ပွဲအခမ်းအနားကို(၁၉-၅-၂၀၁၇)ရက် နံနက်(၈း၃၀)နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင်- နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့်နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒနှင့်မဟာဗျူဟာများကို ရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း အကောင်အထည်ဖော်နိုင်မှု အားနည်းခဲ့ပြီးမျက်မှောက်ကာလတွင် ကဏ္ဍပေါင်းစုံကိုလွှမ်းခြုံစေသည့် လမ်းညွှန်မူဝါဒတစ်ရပ် လိုအပ်လာသည့်အတွက် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် ပင်မအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်နှောင်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြုလုပ်ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ(၉)ရက်နေ့ စတုတ္ထအကြိမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၌ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အပြီးသတ်မူကြမ်းအဖြစ် ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် မဟာဗျူဟာမူဘောင်မူကြမ်းကို ချပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အကြံပြုဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာမူကြမ်းအဆင့်ဆင့်ရေးဆွဲပြုစုခဲ့ပါကြောင်း၊ မိမိတို့ အပြီးသတ်မူကြမ်း ရေးဆွဲထားပြီးဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒတွင် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကျန်းမာသန်စွမ်းပြီး ကောင်းစွာလည်ပတ်နေသော ဂေဟစနစ်များ၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးကို အဓိကကဏ္ဍခေါင်းစဉ် အဖြစ်ထည့်သွင်းခြင်းနှင့် အခြေခံမှု ၂၃ ချက်ကို ထည့်သွင်းသတ်မှတ်ထားပါကြောင်း၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အခြေခံကျသော ဆက်စပ်မှုများကို ပေါင်းစပ်ထည့်သွင်းထားသည့်အတွက် အဆိုပါမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် အခြားတစ်ဖက်တွင်လည်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို

သိသိသာသာ ဖြည့်ဆည်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မဟာဗျူဟာမူဘောင်ကို အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့်အတူ အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အမျိုးသားအဆင့်တွင်သာမက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အသေးစိတ်အချက်အလက်များပါဝင်သည့် ပင်မအစီအစဉ်ကိုလည်း ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံးအနေဖြင့် မိမိတို့ဆိုင်ရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းအားဖြင့် အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောလူသားအားလုံး၏ စိတ်အေးချမ်းသာမှု ဖြစ်ပေါ်စေမည့် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကျန်းမာသန်စွမ်း၍ ကောင်းစွာ လည်ပတ်နေသောဂေဟစနစ်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပြီး မိမိတို့အားလုံးမျှော်မှန်းသည့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးစည်ပင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ Deputy Country Director ဖြစ်သူ Ms. Dawn Dal Rio က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး က မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုကိုလည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အကြံပြုဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲများမှ ရရှိသောအကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်ကိုယ်စားလှယ်များက ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခြင်း၊ အုပ်စုများခွဲ၍ ဆွေးနွေးကြခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

## ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌(၂၅–၅–၂၀၁၇)ရက် နံနက်(၉)နာရီက ပုဂ္ဂလိကသစ်တောစိုက်ခင်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန် က အဖွင့်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ တည်ထောင်ပြီး၊ တည်ထောင်ဆဲပုဂ္ဂလိက သစ်တောစိုက်ခင်းများအား စိုက်ခင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနည်းစနစ် မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနားလည်စေရေး၊ ရရှိနိုင်သည့်အခွင့်အလမ်းများ၊ တွေ့ကြုံရင်ဆိုင်ရသည့်အခက်အခဲများနှင့် ဖြေရှင်းရမည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးပြီးရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်တောများပြန်လည် ထူထောင်ရေးစီမံကိန်းကို (၂၀၁၇–၁၈ မှ ၂၀၂၆– ၂၇) ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ရန် စတင်အကောင်အထည်ဖော်လျက်ရှိပြီး စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းများ၊ ထင်းစိုက်ခင်းများ၊ ဒီရေတောစိုက်ခင်းများနှင့် သီးနှံသစ်တောရောနှောစိုက်ခင်းများကို နေရာဒေသအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိကြောင်း၊

ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်နိုင်ရန်စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယခုအချိန်အထိ ပုဂ္ဂလိကကျွန်းစိုက်ခင်း(၁၃၈,၆၃၃)ဧကနှင့်သစ်မာစိုက်ခင်းဧက(၉၀,၀၁၉)ကို တည်ထောင်စိုက်ပျိုးပြီးဖြစ်သည့်အပြင်၊ ပြည်တွင်းသစ်လိုအပ်ချက် ထောက်ပံ့နိုင်ရေးနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများအတွက် ၂၀၁၄–၁၅ခုနှစ်မှစ၍ ပြည်တွင်း ပြည်ပ

လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြေငှားရမ်း၍ သစ်တောမြေ(၉၀၈၆၁)ဧကကို ပုဂ္ဂလိကသစ်တောစိုက်ခင်းအဖြစ် တည်ထောင်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။ သို့ပါ၍ ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် နည်းလမ်းများအားတက်ကြွစွာ ပူးပေါင်းပါဝင်ဆွေးနွေးအကြံပြုပေးကြပြီး ရလဒ်များအား အကျိုးဆက်စပ်ပတ်သက်သူအားလုံးပြန်လည်မျှဝေပေးကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများမှ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးတင်ပြခြင်းနှင့် အခက်အခဲများအား ဝိုင်းဝန်းဖြေရှင်းမည့်နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်းသိရှိရသည်။

## ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ဝါးအခြေခံလက်မှုပညာသင်တန်းဖွင့်လှစ်ခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ (ICIMOD)တို့ ပူးပေါင်း၍ (၁၅-၅-၂၀၁၇)ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် သစ်တောသုတေသနဌာန(ရေဆင်း)စုဝေးခန်းမတွင် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြု ဝါးအခြေခံလက်မှုပညာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ပါသည်။

မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ်ပေါင်း(၁၀၀)ကျော်ရှိ၍ ပဲခူးရိုးမ၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများတွင် အထူးပေါများစွာ ပေါက်ရောက်ပြီး တစ်နိုင်တစ်ပိုင်ဝါးထုတ်လုပ်မှုများမှသည် စီးပွားဖြစ်ဝါးထုတ်လုပ်ခြင်း၊ ဝါးအခြေခံအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ကျေးလက်ပြည်သူများနှင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ပြည်တွင်းတွင်မိရိုးဖလာနည်းဖြင့် ဝါးထွက်ပစ္စည်းများအဖြစ်ထုတ်လုပ်၍ ကျယ်ပြန့်စွာသုံးစွဲလျက်ရှိနေသော်လည်း တိုးတက်သည့်နည်းပညာများ၊ စက်ကိရိယာများသုံးစွဲပြီး တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်မှုမှာ အနည်းငယ်သာရှိသဖြင့် လက်မှုပညာနှင့် နည်းပညာသုံးအဆင့်မြင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

ဝါးများကိုသဘာဝတောများက ထုတ်ယူသုံးစွဲရုံသာမက စိုက်ခင်းများတည်ထောင်၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသဖြင့် ဝါးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်ပြည်သူများအနေဖြင့် မိမိတို့၏ရပ်ရွာဒေသများတွင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများတည်ထောင်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများတွင် ဝါးများထည့်သွင်းစိုက်ပျိုးခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။ ယနေ့ဖွင့်လှစ်သည့် သင်တန်းသည်ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကျေးလက်ပြည်သူများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းမှာ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာစေရေးအတွက်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ သင်တန်းကို မေလ(၁၅)ရက်နေ့မှ (၂၆)ရက်နေ့အထိ ရက်သတ္တပတ်(၂)ပတ်ကြာဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသူ၊ သင်တန်းသားများအား ဝါးအခြေခံအိမ်သုံးနှင့် လယ်ယာသုံးကုန်ပစ္စည်းများပြုလုပ်သည့် လက်မှုပညာရပ်များ၊ ရှမ်းပြည်နယ်အတွင်း ဒေသသုံးဝါးအခြေခံထုတ်ကုန်ပစ္စည်းများကို နေပြည်တော်နှင့် ရှမ်းပြည်နယ်မှ ကျွမ်းကျင်သူပညာရှင်များက တက်မြောက်သည်အထိ စာတွေ့လက်တွေ့သင်ကြားပေးခြင်းနှင့် ပျိုးဥယျာဉ်များတည်ဆောက်ခြင်း၊ ပျိုးပင်ထုတ်လုပ်မှုများကို ကျွမ်းကျင်စွာ စီမံခန့်ခွဲထုတ်လုပ်နိုင်ရန် စာတွေ့လက်တွေ့သင်ခန်းစာများလည်း လေ့လာသင်ကြားပေးခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် အရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားကျေးလက်ပြည်သူ(၂၂)ဦး၊ သုတေသီများနှင့်ဖိတ်ကြားထားသူများ အပါအဝင် စုစုပေါင်း(၁၁၀)ဦး တက်ရောက်ကြပါသည်။

## နယ်သာလန်နိုင်ငံအစိုးရ၏ ရန်ပုံငွေနှင့် နည်းပညာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ စီမံကိန်းလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နယ်သာလန်နိုင်ငံ ဘက်စုံရေသယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ စီမံကိန်းလုပ်ငန်းကော်မတီအစည်းအဝေးကို သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌(၅-၅-၂၀၁၇)ရက် နံနက်(၉)နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

မိတ္ထီလာကန်ကြီးအား လွန်ခဲ့သည့် နှစ်ပေါင်း(၉၀၀)ကျော်ခန့်က တည်ဆောက်ခဲ့ပြီး ယနေ့တိုင် မိတ္ထီလာမြို့နယ်တွင်နေထိုင်ကြသည့် လူဦးရေ(၆)သိန်းကျော်၏ လူနေမှုဘဝနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများသည် မိတ္ထီလာကန်နှင့်ကန်၏ရေပေးဝေမှုစနစ်တို့အပေါ် မှီခိုအားထားလျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် ကန်မြောက်ဘက်ပိုင်းမှာ နုန်းပို့ချမှုများကြောင့် တိမ်ကောလာသဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကန်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ရေခေါ်မြောင်းများဖောက်လုပ်ခြင်းများ၊ မိတ္ထီလာကန်ရေဝေရေလဲဧရိယာအတွင်း နုန်းပို့ချမှုလျော့နည်းစေရန်အတွက် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ရေဝေရေလဲစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ နုန်းထိန်းတမံများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေသယံဇာတစီမံခန့်ခွဲမှုတွင် ဘက်စုံပူးပေါင်း၍လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ခြင်းများ အဓိကလိုအပ်လျက်ရှိပါသည်။

ယနေ့ကြုံတွေ့နေရသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် မိတ္ထီလာကန်နှင့်ပတ်သက်သည့် ''ရေအရင်းအမြစ် ဘက်စုံစီမံအုပ်ချုပ်မှု'' (Integrated Water Resource Management, IWRM)အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အဓိကဦးစားပေးရန်လိုအပ်ပြီး ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သည့်လုပ်ငန်းစဉ်(Programme) တစ်ရပ်ချမှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယခုစီမံကိန်းကို နယ်သာလန်နိုင်ငံအစိုးရက ရန်ပုံငွေနှင့်နည်းပညာအကူအညီအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ရှေ့ပြေးစီမံကိန်းသုံးခု(Tryouts)နှင့် အကဲဖြတ်စိစစ်ရရှိမှုအပေါ်အခြေခံ၍ မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကိုရေးဆွဲသည့်အတွက် မိတ္ထီလာကန်ရေရှည်တည်တံ့ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

အစည်းအဝေးတွင် မိတ္ထီလာကန်ကြီးထာဝစဉ် တည်တံ့ပြီးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီအဖွဲ့ဝင်အားလုံးနှင့် တက်ရောက်လာကြသူများအားလုံးမှ မိမိတို့၏ကျွမ်းကျင်မှုနှင့်အသိပညာများကို အခြေခံ၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြပါသည်။ လုပ်ငန်းကော်မတီ အစည်းအဝေးသို့ကော်မတီဥက္ကဋ္ဌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ ညီညီကျော်နှင့် အစိုးရဌာနအသီးသီးမှ ကော်မတီဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ Mr. Armand Evers နှင့် ကိုယ်စားလှယ်များ၊ နယ်သာလန်နိုင်ငံ ဘက်စုံရေသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် Mr. Luuk Brinkman၊ Mr. JeenKootstra နှင့် အဖွဲ့၊ မိတ္ထီလာမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရှိရပါသည်။

သစ်ပင်စိုက်မှ
အရိပ်ရ၏။
ရိပ်ခိုနားနေ
အပန်းပြေ၏။

## သစ်တောမြေလုပ်ပိုင်ခွင့် မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် (National Dialogue on Forest Tenure Rights) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် Land Core Group တို့ပူးပေါင်း၍ သစ်တောမြေလုပ်ပိုင်ခွင့် မြှင့်တင်ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို(၁၁-၅-၂၀၁၇) ရက် နံနက်(၉)နာရီအချိန်တွင် မက်စ်ဟိုတယ်(နေပြည်တော်) ၌ ကျင်းပပြုလုပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူတို့အတွက် သယံဇာတ အရင်းအမြစ်များအား အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျအသုံးချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မြေအသုံးချမှုမူဝါဒ (Land Use Policy)နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေး(Land Use Management)တို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန် (၁၈-၆-၂၀၁၂)ရက်နေ့တွင် မြေယာ ခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပြည်သူလူထုသို့ ချပြဆွေးနွေးပွဲများကို အကြိမ်ကြိမ်ဆောင်ရွက်၍ ပြည်သူတို့၏ လိုလားချက်၊ အကြံပြုချက်များအား မူဝါဒတွင် ထိရောက်စွာ ထည့်သွင်းအသုံးပြုလျက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အမျိုးသားမြေအသုံးချမှုမူဝါဒ (Land Use Policy)ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြအသုံးချနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် Land Core Groupတို့ပူးပေါင်း၍ သစ်တောမြေအတွင်းနေထိုင်ကြသည့်ဒေသခံများ၏ မြေယာနှင့် အရင်း အမြစ်လုပ်ပိုင်ခွင့်များကို မူဝါဒ၊ ဥပဒေနှင့်ကနဦး စမ်းသပ်ဆောင်ရွက်မှုများဖြင့် မြှင့်တင်ပေးမည့် စီမံကိန်း တစ်ခုကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အမျိုးသားမြေအသုံးချမှု မူဝါဒအပိုင်း(၈)တွင် တိုင်းရင်းသားလူမျိုးများ၏ မြေလုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းမြေယာ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အမျိုးသားမြေဥပဒေတွင် ထည့်သွင်း၍ အသိအမှတ်ပြုကာကွယ်ပေးရန်လမ်းညွှန်ထားရှိပါသဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စီမံကိန်းတွင် ဖော်ထုတ်ပေးနိုင်မည်ဟု မျှော်မှန်းထားရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူတို့၏ မြေယာနှင့်အရင်းအမြစ်များ ရယူသုံးစွဲခွင့်ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းတည်ထောင်သည့် နည်းလမ်းဖြင့် ပေးအပ်လျက်ရှိပြီး၊ သစ်တောများပြုစုထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်းများတွင် ပြည်သူများ ထိရောက်စွာ ပါဝင်လာနိုင်ရန် မူဝါဒ၊ ဥပဒေများကို ပိုမိုအားကောင်းစွာ ပြင်ဆင်ရေးသားနိုင်ရန် စီစဉ်လျက်ရှိသည့်အပြင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ ရရှိလာသော ရလဒ်များအား သစ်တောမူဝါဒနှင့် ဥပဒေများ ပြန်လည်သုံးသပ်ပြင်ဆင်ရာတွင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောမြေလုပ်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များအား နိုင်ငံတကာနှင့် ဒေသတွင်း အတွေ့အကြုံများကို ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး) ဦးဇော်မင်း နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ Development Partners များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပညာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဧည့်သည်တော်များစုစုပေါင်း(၇၅)ဦး တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအား(၁၂-၅-၂၀၁၇)ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ပါသည်။

## မုတ္တမကမ်းရိုးကမ်းရိုးတန်းအပြည်ပြည်ဆိုင်ရာရေဝပ်ဒေသ (Ramsar Site) သတ်မှတ်ခြင်းအခမ်းအနား




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့၏ပံ့ပိုးဦးဆောင်မှုအရ HELVETAS, NAG, UCL, BANCAတို့မှ ဆောင်ရွက်လျက်ရှိသည့် Community led Coastal Management in the Gulf Mottama Project ၏အစီအစဉ်ဖြင့် မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို ၃၀-၅-၂၀၁၇ ရက်နေ့၊ နံနက်(၈း၀၀)နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာတွင် ကျင်းပပြုလုပ်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ မွန်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ အမှာစကားပြောကြားခြင်း SDC လက်ထောက်ဌာနေကိုယ်စားလှယ်မှ ကျေးဇူးတင်စကားပြောကြားခြင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း)မှ အသိပညာပေးစကားပြောကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသအတွင်းရေးမှူးရုံး၏ တာဝန်ရှိသူမှ မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသသတ်မှတ်ခြင်းအတွက် ကြေညာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကမ်းရိုးတန်းစီမံခန့်ခွဲမှုစီမံချက်၏ အစီအစဉ်များကို UCL မှတာဝန်ရှိသူက ရှင်းလင်းတင်ပြခြင်းနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်သို့ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း)မှ မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုလက်မှတ်အားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။ ထို့နောက် မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသသတ်မှတ်ခြင်း အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ခြင်းအခမ်းအနားကို ကျိုက်ထိုမြို့နယ် ခလွန်ကျေးရွာရှိ သတ်မှတ်ထားသည့်မြေနေရာတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး သစ်မျိုးစုစုပေါင်း(၁၂၄၀)ပင်အား စိုက်ပျိုးခဲ့ကြပါသည်။

## သစ်အုပ်ကြီးများ အလုပ်ဝင်သင်တန်းဖွင့်ပွဲကျင်းပ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၂)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ သစ်ထုတ်ရေးဌာန၏ သစ်အုပ်ကြီးများ အလုပ်ဝင်သင်တန်းအမှတ်စဉ်-(၁/၂၀၁၇-၂၀၁၈)ဖွင့်ပွဲအခမ်းအနားကို (၈-၅-၂၀၁၇)ရက် နံနက်(၁၀း၃၀)နာရီတွင် အဆိုပါသင်တန်းကျောင်းရှိ ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီးက သင်တန်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားပါသည်။

သစ်အုပ်ကြီးများ အလုပ်ဝင်သင်တန်းကို လုပ်ငန်းခွင်ဝင်ရောက်မည့် သစ်အုပ်ကြီးများအား လုပ်ငန်းခွင်တွင် ဆောင်ရွက်ရမည့်အချက်များကို ပိုမိုသိရှိနားလည်စေရန်၊ ဝန်ထမ်းဘဝစနစ်ကျစွာ စည်းကမ်းလိုက်နာတတ်စေရန်နှင့် အခြားဌာနများ ဘာသာရပ် အသိအမြင်အသစ်များကို သိရှိနားလည်ဗဟုသုတရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ သင်တန်းသို့ သစ်ထုတ်ရေးဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်မည့် သိပ္ပံ(သစ်တော)ဘွဲ့ရ သင်တန်းသား၊ သင်တန်းသူ(၃၂)ဦးတက်ရောက်ပြီး သင်တန်းကို (၈-၅-၂၀၁၇)ရက်နေ့မှ (၂၆-၅-၂၀၁၇)ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်းများ

## ရှမ်းပြည်နယ်



၃-၅-၂၀၁၇ ရက်နေ့၌ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်း (၁)ဦး ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ခိုးယူထုတ်လုပ်ရောင်းဝယ်မှုအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ်၊ (၁၈)မိုင်ဘိနယ်၊ ကျိုင်းခမ်းရွာ၏ အရှေ့မြောက်ဘက်(၆)မိုင်ခန့် အကွာနေရာမှ တရားမဝင် အင်သစ်လုံး/ လုံးပတ်(၃)ပေအောက် သစ်စုစုပေါင်း (၁၈၀၀)လုံး (၃၄၀)တန်ခန့်ကို ဖမ်းဆီးရမိခဲ့ပါသည်။

## ချင်းပြည်နယ်













၆-၅-၂၀၁၇ ရက်နေ့၌ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ဟားခါးမြို့နယ်၊ ဘုံဖုံး(က)ဘိနယ်၊ ဘုံဖုံးကြိုးပြင်ကာကွယ်တော (XVI) တောတွင်းနေရာများမှ ယာဉ်အမှတ်၊ KCN-3I/7370 တပ်ဆင်ထားသော Skat ယာဉ်(၁)စီး၊ ယာဉ်အမှတ် MDY-1M/3367 တပ်ဆင်ထားသော Forland အမျိုးအစားယာဉ်(၁)စီး၊ ဆိုင်ကယ်(၁၇)စီးနှင့်အတူ လက်ကိုင်လွှ(၇)လက်၊ တရားမဝင်အင်ကြင်းခွဲသား(၁၃၇)ချောင်း၊ (၄.၇၀၉၂)တန်၊ တရားခံ (၃၀)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

## ရခိုင်ပြည်နယ်



၇-၅-၂၀၁၇ရက်နေ့၌ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင် သစ်ခိုးယူထုတ်လုပ်မှုအား စုံစမ်းရှာဖွေဖော်ထုတ်ရာ အမ်းမြို့နယ်၊ မြို့မဘိနယ်၊ ဂါယ်လောင်းကျေးရွာ၏ အရှေ့တောင်ဘက် (၃)ဖာလုံခန့်အကွာ

တောစပ် အနီးနှင့် အနောက်ဘက်(၄)ဖာလုံခန့်အကွာ ဂါယ်လောင်းချောင်းအတွင်းနေရာတို့မှ တရားမဝင် ပိတောက်ခွဲသား (၂၇၄)ချောင်း (၂၀)တန်ခန့်နှင့် ကညင်ခွဲသား (၁၄)ချောင်း (၁. ၇၀၃၈)တန်တို့အားဖမ်းဆီးရမိခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ၃-၅-၂၀၁၇ ရက်နေ့၌ ဟင်္သာတမြို့နယ်၊ မြို့မ(၁)ဘိနယ်၊ ဟင်္သာတမြို့အဝင် ဘီးခွန်ကောက်ခံရေးဂိတ်နေရာတွင် ယာဉ်အမှတ်၊ MDY 6K/6490 တပ်ဆင်ထားသော Nissan Atlas ယာဉ်ပေါ်မှ ကျွန်း တံခါးဆိုဒ်စုံ (၁၆၅)ချပ် (၂. ၂၆၈၂)တန်ကို တရားခံ(၄)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး



၁၀-၅-၂၀၁၇ရက်နေ့၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာ ခရိုင်၊ ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေ ဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်စဉ် ထီးချိုင့်မြို့ အမှတ်(၃) သင်္ဘောဆိပ် တွင် တရားမဝင်ကျွန်းခွဲသားဖြင့် ပြုလုပ်ထားသော ကျွန်း လှေ(၃၁)စီး (၅. ၈၇၀၈)တန်ကို ပိုင်ရှင် (၆)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး၊ တရားမဝင် ကျွန်းလှေ/ပိုင်ရှင်တို့အား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး





တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုအဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ခိုးယူ ထုတ်လုပ်မှုအား ရှာဖွေဖော်ထုတ်ဖမ်းဆီးစဉ် ၁၂-၅-၂၀၁၇ ရက်နေ့၌ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးဘိနယ်၊ လုံးဖောသွားလမ်း၊ ပါချန်ကြိုးဝိုင်းအကွက်အမှတ်(၁၉၂) တောတွင်းနေရာမှ တရားမဝင် ကညင်/ ကံ့ကော်အပါအဝင် တရားမဝင်သစ်ခွဲသား(၁၇၄)ချောင်း (၂၇. ၅၁၁၈)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

## ကယားပြည်နယ်



၁၅-၅-၂၀၁၇ ရက်နေ့၌ ကယားပြည်နယ်၊ သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူးခေါင်းဆောင်သော သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ခမရ ၃၃၇ ၊ ခမရ ၅၃၁ နှင့် ခမရ ၄၂၈ မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ် ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ခိုးထုတ်မှုအား ဖော်ထုတ်

ဖမ်းဆီးခြင်းဆောင်ရွက်ရာ ဖရှူးဆိုမြို့နယ်၊ ကေးလျှားကျေးရွာ၊ အရှေ့တောင်ဘက်(၁)မိုင်ခန့်အကွာမှ တရားမဝင် ကျွန်း/ ပိတောက်/ပျဉ်းကတိုး/ သစ်ယာ/အင်သစ်/ (၃)ပေအောက် သစ်လုံး/ခွဲသားစုစုပေါင်း (၃၆၈)လုံး/ချောင်း (၅၃.၉၃၃)တန်အား သစ်စက်အင်ဂျင်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး၊ တရားမဝင်သစ်နှင့် ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး







၁၅-၅-၂၀၁၇ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ခေါင်းဆောင်သည့် သစ်တောဦးစီးဌာနဝန်ထမ်းများသည် သတင်းအရ တရားမဝင်သစ် စုံစမ်းရှာဖွေဖမ်းဆီးခြင်းနယ်မြေ ရှင်းလင်းဆောင်ရွက်ခဲ့ရာ စဉ့်ကူးမြို့နယ်၊ ပင်လယ်ကြီးဘိနယ်၊ ပင်လယ်ကြီးရွာ အရှေ့တောင်ဘက် (၁)မိုင်ခန့်အကွာ၊ လက်ပန်လှကျေးရွာ၊ ပြည်စိုးအောင်ရပ် အရှေ့ဘက်(၄)ဖာလုံခန့်အကွာ၊ ပြည်စိုးအောင်ရပ်နေဦးကံဝင်း၏ နေအိမ်ဝန်းအတွင်း၊ ပြည်စိုးအောင်ရပ် အနောက်ဘက် (၁)မိုင်ခန့်အကွာနှင့် ညောင်ဝန်းဘိနယ်၊ ညောင်ဝန်းကျေးရွာအရှေ့ဘက်(၈)မိုင်ခန့် အကွာနေရာတို့မှ တရားမဝင် ကျွန်း/သစ်မာ/အခြားစုစုပေါင်း (၃၁.၁၉၅၉)တန်ကို တရားခံ(၁)ဦး၊သစ်စက်(၂)လုံး/ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## မွန်ပြည်နယ်



၁၆-၅-၂၀၁၇ ရက်နေ့၌ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများသည် သတင်းအရ ရေကြောင်းခရီးဖြင့် တရားမဝင် သစ်သယ်ဆောင်မှုအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာ မုဒုံမြို့နယ်၊ မြို့မဘိနယ်၊ ဘလောက်ညောင်ပိုင်းကျေးရွာအနောက်ဘက်၊ ရေလယ်ဆိပ်တွင် ရပ်တန့်ထား သော စိုးမင်းငွေစက်လှေပေါ်မှ တရားမဝင် ပိတောက်(စကွဲယား/ ပကာခွဲခြမ်း) (၃၂၆)ချောင်း/ခြမ်း စုစုပေါင်း(၃၄.၅၇၈၂)တန်အား တရားခံ(၁)ဦး နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်တွင် ဆင်မုဆိုးများအား ဆင်သားရေခွံခြောက်၊ လက်နက်များနှင့်အတူဖမ်းဆီးရမိခြင်း



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ သာယာဝတီမြို့မရဲစခန်းနှင့် သစ်တောလုံခြုံရေးတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့သစ်လုပ်ငန်း သာယာဝတီ သစ်ထုတ်ရေးမှ ဝန်ထမ်းများ၊ ကျောက်နိုင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောရိုင်းတိရစ္ဆာန်များအား တရားမဝင် ပစ်ခတ်ဖမ်းဆီးပြီး၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ လိုးဖြတ်သယ်ယူ၍ ရောင်းဝယ်ဖောက်ကားသူများအား

ကွင်းဆင်းစစ်ဆေးရှာဖွေရာ(၁၄-၅-၂၀၁၇)ရက်နေ့ (၁၀း၃၀)နာရီအချိန်တွင် သာယာဝတီမြို့နယ်၊ သုံးဆယ်ကြိုးဝိုင်းအကွက်အမှတ်(၄၃) ရေအောက်တောကြောပေါ်နေရာတွင် မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊ စမ်းကျေးရွာနေ ဆင်မှုဆိုး(၂)ဦးအား သက်သေခံပစ္စည်းများဖြစ်သည့် ပိန်အိတ်(၆)လုံးဖြင့်ထည့်ထားသော ဆင်သားရေခွံ အခြောက်(၇၀. ၅၀)ပိဿာ၊ တူမီးသေနတ်(၂)လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပါသည်။ ဖမ်းဆီးရမိတရားခံများအား ဖမ်းဆီးခေါ်ဆောင်၍ ဆင်သတ်ထားသောနေရာသို့ သွားရောက်ရှာဖွေရာ သုံးဆယ်ကြိုးဝိုင်းအကွက်အမှတ်(၁၁၃)၊ ဖျံချောင်းဖျားနေရာတွင် ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်၍အရေခွံခွာထားပြီး သေဆုံးနေသည့် ဆင်မတစ်ကောင်ကို စစ်ဆေးတွေ့ရှိရပါသည်။ ဖမ်းဆီးရမိသည့် ဆင်မှုဆိုး(၂)ဦးအား သာယာဝတီ မြို့မရဲစခန်းတွင် သားငှက်ဥပဒေပုဒ်မ(၃၇)ကနှင့် လက်နက်ဥပဒေပုဒ်မ၁၉(ခ)ဖြင့် အမှုဖွင့်ထားရှိပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး



၁၆-၅-၂၀၁၇ ရက်နေ့၌ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင် သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ပေါက်ခေါင်းမြို့နယ်၊ ကြပ်ခုံဘိနယ်၊ ဂတ်အစ်ကုန်းကျေးရွာ၊ အနောက်မြောက်ဘက် (၁)မိုင်ခွဲခန့်အကွာ ဒေသအခေါ် ကန်ပောင်းမြောင်ဘေးနေရာမှ တရားမဝင် ကျွန်း/ သစ်မာ/ အခြားစုစုပေါင်း (၄၇)လုံး/ချောင်း (၁၁. ၈၀၄၆)တန်အား ဖမ်းဆီးရမိခဲ့ပါသည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလ မှ မေလအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁၆၄၂.၇၉၇၁ | |
| ၂ | သစ်မာ | တန် | ၃၄၁၇.၅၅၁၁ | |
| ၃ | အခြား | တန် | ၉၁၆၁.၇၃၄၂ | |
| စုစုပေါင်း | | | ၁၄၂၂၂.၀၈၂၄ | စဉ် (၁) မှ (၃) |
| ၄ | မီးသွေး | တန် | ၁၃၅၁.၈၇၀၄ | |
| ၅ | ကား | စီး | ၄၇၉ | |
| ၆ | မြေတူး/ မြေကော်စက်/ ကရိန်း | စီး | ၂ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ဝွန်ဒေါင်း/ ထွန်စက် | စီး | ၄၂ | |
| ၈ | ဆိုင်ကယ်/ဆိုက်တွဲ/သုံးဘီးဆိုင်ကယ် | စီး | ၁၂၁ | |
| ၉ | စက်လှေ/ ရေယာဉ် | စီး | ၅၄ | |
| စုစုပေါင်း | | | ၆၉၈ | စဉ် (၅) မှ (၉)၊ ယာဉ်/ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၁၀၆ | |



# သုတေသနဖြင့်ခရီးသွားခြင်း

ဦးအောင်စိုး၊ လက်ထောက်သုတေသနအရာရှိ၊ သုတေသနဌာန

**ယခင်လမှအဆက်** >>>

ဒေါ်တမကြီးရွာသည် ရေရှားပါးသဖြင့် ဘုန်းကြီးကျောင်းအတွက် တစ်နေ့(၃)အိမ် အလှည့်ကျဖြင့် တစ်မိုင်ခန့်ဝေးသောရေကန်မှ ရေခပ်ပေးရပါသည်။ စာရေးသူပင် ဘုန်းကြီးထံမှ မျက်နှာသစ် ခွင့်သာရခဲ့ပါသည်။ ဆရာတော်သည် ရွာသားများမှ ဆွမ်းချိုင့်များ ပေးပို့ကြသော်လည်း ဘုန်းပေး၍မရပေ။ အကြောင်းမှာ ရေရှားပါးသဖြင့် အိုးခွက်များသန့်စင်မှုမရှိပါ။ တချို့မှာ မနက်ချက်ပြီးထမင်းအိုးကို ရေဖြင့်မဆေးကြောတော့ဘဲ လက်ဖြင့်သပ်ချကာ နောက်ထပ်ဆန်ထည့်၍ ရေထည့်ကာချက်လေသည်။ ကြာလာသော် အိုးနံ့၊ ခွက်နံ့တို့သည် ထမင်း၊ ဟင်းတွင်စွဲလာကာ ညှီနံ့ရပြီး ပျို့အံ့ချင်စိတ် ဖြစ်ပေါ်လာခဲ့ကြောင်း၊ တစ်ခါတစ်ရံမှသာ မြို့၌နေထိုင်သည့် ရွာသားများ ရွာပြန်လာမှသာ ကပ်သောဆွမ်းကိုဘုန်းပေးခဲ့ရကြောင်း သိရှိခဲ့ရပါသည်။

ညဘက်၌ ကျွန်တော်သိလို သောပတ်ဝန်းကျင်ဒေသ အခြေအနေများနှင့်ချိပ်လုပ်ငန်းများကို ဆရာတော်အား လျှောက်ထားပါသည်။ ဒေါ်တမကြီးရွာ၏ အရှေ့ဘက်၊ တောင်နှင့် မြောက်ဘက်တောင်တန်းတစ်လျှောက်တွင် ကြို့ပင်များ အများဆုံးပေါက်ကြောင်း ကျွန်းပင်ကို ဒေါ်တမကြီး၏ အရှေ့တောင်ဘက် မွန်ချောင်းဘက်တွင်သာတွေ့ရှိရပြီး ဒေါ်တမကြီးရွာသည် ရှေးယခင်က အင်္ဂလိပ်အုပ်စိုးစဉ် အချိန်ကတည်းက အိန္ဒိယနိုင်ငံ၏ ချိပ်ဈေးကွက်ကြီးဖြစ်ခဲ့ကြောင်းနှင့် ငွေဒင်္ဂါးဖြင့်ရောင်းဝယ်ခဲ့ကြပြီး (၁၉၉၄ ခုနှစ်၊ ငွေဒင်္ဂါးတစ်ပြားလျှင် ၃၀၀ကျပ်ဖြင့်လဲလှယ်) ဒေါ်တမကြီး အရှေ့တောင်တန်းတစ်လျှောက် ဘုမ္မရာဇာပင်၊ တပင်ရွှေထီးပင်၊ စလင်းကျောက်နှင့်မြ ထွက်ကြောင်းသိရှိခဲ့ရပါသည်။

ဆရာတော်နှင့်စကားပြောစဉ် မိမိဘဝအတွက် အပြောင်းအလဲကြီးတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ အကြောင်းမှာ ဆရာတော်သည် မိမိအားပုတီးစိပ်ရန်ပြောပါသည်။ နိုင်ငံခြားဆုံးဖြူစေး သုတေသနပြုလုပ်စဉ် ရေပိုးစားကန် ဘုန်းကြီးနှင့် ယောဂီမှလည်း ပုတီးစိပ်ရန် တိုက်တွန်းခဲ့ဖူးရာ စိပ်ပါမည်ဟုပြောခဲ့ဖူးပါသည်။ နောက်တစ်နေ့ နံနက်(၅)နာရီခန့်တွင် ဆရာတော်က 'ဒကာ ထ ထ'ဟုဆိုပြီး အလေ့အကျင့်ဖြစ်သွားအောင် ဂုဏ်တော်တစ်ထောင် ပုတီးစိပ်ခြင်းကို အခုကတည်းကစပြီး စိပ်ရန်ပြောပါသည်။ မိမိလည်းစပြီးစိပ်ရပါတော့သည်။ ဂုဏ်တော်တစ်ပါး၊ ပုတီးတစ်လုံးစိပ်ရသဖြင့်(၁)နာရီခွဲကြာသော် ဂုဏ်တော်(၅၀၀)သာပြီးသေးသဖြင့် ဆရာတော်အား နောက်(၅၀၀)ကို ညဘက်စိပ်ပါ့မယ်လို့ ခွင့်တောင်းရပါတော့သည်။ ဆရာတော်လည်း တစ်ထောင်ပြည့်ရင်ပြီးရောဆိုပြီး ခွင့်ပြုခဲ့ပါသည်။

မိမိလည်း မျိုးချိပ်နှင့် ကြို့သီးများဝယ်ယူပြီးနောက် ဆရာတော်အား 'တပည့်တော်အိမ်ပြန်ရောက်ပြီး သီတင်းကျွတ်လပြည့်နေ့မှစတင်၍ ဂုဏ်တော်တစ်ထောင် ပုတီးစိပ်ခြင်းကို(၄၅)ရက် အဓိဋ္ဌာန်ပြုစိပ်မည်ဖြစ်ကြောင်း နှစ်စဉ်(၄၅)ရက်စိတိုးပြီး



ပေါက်ပင်၌ချိပ်တင်စမ်းသပ်ပုံ



ပဲခင်းငုံပင်၌ချိပ်တင်စမ်းသပ်ပုံ



ဆီးပင်၌ချိပ်တင်စမ်းသပ်ပုံ

စိပ်မည်ဖြစ်ကြောင်း' ကတိပြုခဲ့ပါသည်။ ဒေါ်တမကြီးခရီးစဉ်သည် အစစအရာရာ အဆင်ပြေခဲ့ပါသည်။ တစ်ခါတစ်ရံဒီမောဆိုမြို့နှင့် ဒေါ်တမကြီးသည်(၂၈)မိုင်သာဝေးသော်လည်း ကားပျက်၍အဆင်မပြေပါက လမ်းတွင်နှစ်ညအိပ်ရသော ခရီးဖြစ်ပါသည်။

မိမိ၌သုတေသနမှတ်တမ်းများရိုက်ရန် ကင်မရာပါခဲ့ကာ ဆရာတော်ကျေးဇူးကြောင့်ကိုင်ဆောင်ခွင့်ရခဲ့ပြီး သူပုန်နယ်မြေတာဝန်ခံထံမှ လာရောက်ခွင့်ပြုလက်မှတ်ရပြီဖြစ်၍ တစ်ကြိမ်လာရောက်နိုင်ကြောင်းနှင့် တစ်ဦးတည်းသာ လာရောက်ရမည်ဖြစ်ကြောင်း မှာကြားလိုက်ပါသည်။

ဆရာတော် ကျေးဇူးကြောင့်လားမသိ လမ်းခရီးတစ်လျှောက် အဆင်ပြေချောမွေ့ခဲ့ပြီး လွိုင်ကော်၌တစ်ည၊ မိတ္တီလာ၌တစ်ညအိပ်ကာ ရေဆင်းသို့ (၁၉၉၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊၁၄)ရက်နေ့တွင် ပြန်ရောက်ခဲ့ပါသည်။ ရောက်ပြီးပြီးချင်း သစ်တောသုတေသနဌာနအရှေ့ဘက် နှစ်မိုင်အကွာရှိ ညောင်အိုင်ရွာသို့သွားရောက်၍ မျိုးချိပ်တင်ရန် ပြင်ဆင်ထားသော ပဲစင်းငုံစိုက်ခင်း၊ ကြို့ပင်များ၊ ပေါက်ပင်များ၌ မျိုးချိပ်များကို လုအင်အားနှင့် နေ့ချင်းပြီးတင်ရပါတော့သည်။ အကြောင်းမှာ ပထမဆုံးကြိမ်အတွေ့အကြုံဖြစ်၍လည်းကောင်း၊ ဒေါ်တမကြီးရွာ၏ထုံးစံအရ သားလောင်းပေါက်ခါနီးမှ ချိပ်ဆွတ်ရခြင်းကြောင့် လမ်းခရီး၌သားလောင်းများထွက်နေပြီဖြစ်သဖြင့် သားလောင်းများမဆုံးရှုံးရန် အပြီးဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၁၉၉၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ဒေါ်တမကြီးရွာသို့ တောင်တန်းသာသနာပြု ဆရာတော်ဦးပဏ္ဍဝံသ ရောက်ရှိလာချိန်၌ ဗုဒ္ဓဘာသာတစ်ဦးမျှမရှိကြဘဲ နတ်ဗုဒ္ဓကိုးကွယ်သူ သုံးဦးလေးဦးသာရှိသဖြင့် ဆရာတော်သည် ချမ်းမြေ့သိဒ္ဓိကျောင်းဟုဆိုင်းဘုတ်တင်ကာ ခြေတံရှည်ယာယီကျောင်းဆောက်လုပ်ပြီး နေထိုင်ကာ သာသနာကိစ္စရပ်များနှင့် ဆက်သွယ်လျက်ရှိသော လူမှုရေးယဉ်ကျေးမှုဓလေ့ထုံးစံများကို တတ်နိုင်သမျှ တရားလမ်းကြောင်းဖြင့် အချိန်တိုအတွင်း သွန်သင်ပြသမှုကြောင့်(၃)လအတွင်း လောင်းကစားမှုများ ပပျောက်လာခြင်း၊ မွေးကြောရွတ်ဖတ် ပူဇော်လာနိုင်ခြင်းစသည်များဖြစ်ပေါ်တိုးတက်ခဲ့ပါသည်။

ကယားပြည်နယ် ဒေါ်တမကြီးသည် ထိုင်းနိုင်ငံသို့သွားရာတွင် အလယ်လမ်းတစ်လမ်းဖြစ်ခဲ့ပြီး ကျွဲ၊နွားမှောင်ခိုလမ်းကြောင်းဖြစ်ခဲ့ပါသည်။ ဒေါ်တမကြီးရွာသားများသည် အလွန်ရိုးသားသူများဖြစ်ကြသည့် အားလျော်စွာ ယခင်ကတစ်ခါတရံနယ်စပ်သို့ ကုန်ထမ်းရန်အငှါးလိုက်သွားပြီး စစ်ကြောင်းနှင့်တွေ့၍ ၃၊၄ လအကြာ ကုန်ပိုင်ရှင်ပြန်လာပါက ၎င်းကုန်အားပြန်ထုတ်ပေးပြီး အငှါးခယူ၍ ပြန်ပို့ပေးကြကြောင်း သိရှိခဲ့ရပါသည်။

ပစ္စည်းခိုးသူမရှိပါ။ မိမိခြံထဲသို့ အိမ်မွေး၊ ဝက်၊ ကြက်၊ နွားဝင်လာ၍ တစ်ခုခုနှင့်ပစ်ပေါက်လိုက်သဖြင့် သေဆုံးသွားပါက ကြက်၊ ဝက်ပိုင်ရှင်ထံ အကြောင်းကြားပြီးနောက် မိမိခြံထဲမှသီးနှံများပျက်သည်ဖြစ်စေ၊ မပျက်သည်ဖြစ်စေ အလျော်သဘောဖြင့် အသားတစ်တွဲ သွားရောက်ပေးကြောင်းလည်း သိရှိရပါသည်။ အိမ်တိုင်းလိုလိုပင် ခေါင်ရည်နှင့် အရက်ချက်လုပ်ကြပါသည်။ တချို့ကလေးများသည် မွေးစမှ(၆)လလောက်အထိ ခေါင်ရည်ဖြင့်ကြီးပြင်းလာခဲ့ကြောင်း၊ ငယ်ငယ်က ခေါင်ရည်ဖြင့်ကြီးပြင်းလာသူသည် ကြီးလာလျှင်ခေါင်ရည်မသောက်တော့ကြောင်း၊ ငယ်ငယ်က ခေါင်ရည်မသောက်ခဲ့ပါက ကြီးလာလျှင် ခေါင်ရည်စွဲသွားတတ်ကြောင်း သိခဲ့ရပါသည်။

မျိုးချိပ်များ ထပ်မံလိုအပ်လာသဖြင့် ၁၉၉၅ ခုနှစ်၌ ဒုတိယအကြိမ်ထပ်မံသွားရောက်ခဲ့ပါသည်။ ချိပ်ထွက်ချိန်ထက်နှစ်ပတ်ခန့်စော၍ သွားရောက်ခဲ့ပါသည်။ အကြောင်းမှာ ရွာတွင်ကတိပြုခဲ့သည့်အတိုင်း ချိပ်နှင့်ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်ရန်ဖြစ်ပါသည်။ လွိုင်ကော်ရောက်၍ ဒေါ်တမကြီးရွာသို့သွားရန်စုံစမ်းသောအခါ ဆရာတော်လွိုင်ကော်မြို့သို့ရောက်နေကြောင်း သိရှိခဲ့ရသဖြင့် ဆရာတော်အား သွားရောက်ဖူးမြော်ကာ ဆရာတော်နှင့်အတူ ရွာသို့သွားရောက်ခဲ့ပါသည်။

ဒေါ်တမကြီးရွာသို့ သွားနေစဉ်ဆရာတော်သည် ရွာ၏တိုးတက်လာပုံကို တစ်လမ်းလုံး မမောနိုင်မပမ်းနိုင် ပြောလာပါတော့သည်။ ရွာရောက်စဉ် ကြည့်လိုက်ရာ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ဘုန်းကြီးကျောင်းသို့ လာရောက်သူများပြားလာကြောင်းတွေ့ခဲ့ရပါသည်။ ဘာသာရေးကိုင်းရှိုင်းသူ လူငယ်လူရွယ်များပါမကျန်ပြောဆိုမှုများပါ ယဉ်ကျေးလာပါသည်။

ဆရာတော်နှင့် ညှိနှိုင်း၍ ချိပ်နှင့်ပတ်သက်သည့် သိကောင်းစရာများကိုဟောပြောရန် ဆရာတော်မှ ချိပ်မွေးသူအားလုံးလာရောက်ရန် အသံချဲ့စက်ဖြင့်အော်ရာ ဘုန်းကြီးကျောင်းရှေ့ရှိ ကြို့ပင်များတွင် ညဘက်၌စုရုံး၍ အောက်လင်း ဓာတ်မီးဖြင့် ဟောပြောရပါသည်။ ဟောပြောရာတွင် ချိပ်သားလောင်းဘဝမှစတင်၍ ချိပ်စေးဖြစ်ပေါ်လာပုံ၊ ချိပ်မျိုးပွားပုံ၊ ချိပ်သားလောင်း အသစ်ဖြစ်ပေါ်လာပုံ၊ ကြို့ပင်၌ မျိုးချိပ်တင်ပုံနည်းစနစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကယားစကားပြန်မှတစ်ဆင့် လက်တွေ့ ရှင်းလင်းပြသရပါသည်။ ထို့အပြင် စနစ်တကျ ချိပ်မျိုးတင်ခြင်းဖြင့် အသက်ပေါင်းသန်းချီ၍ ကယ်တင်ရာရောက်ကြောင်း ကုသိုလ်လည်းရ ဝမ်းလည်းဝမည်ဖြစ်ကြောင်း စနစ်တကျမဆောင်ရွက်ပါက **'မှုဆိုးတစ်သက် ချိပ်တစ်ခက်'** ဟု ဆိုရိုးစကားအတိုင်း ငရဲကြီးကြောင်း၊ ထို့အပြင်


ဒေါ်တမကြီးဘုန်းကြီးကျောင်းနှင့် အတောင်(၄၀)ရှိစေတီ

ချိပ်ပိုးလောင်း များမကြာမီ သူ့ထက်ငါ ဦးအောင် ချိပ်ကိုင်းများကို ချိုင်ပါက ကြာလာလျှင် ချိပ်မျိုးသုဉ်းသွားနိုင်ကြောင်း၊ အဝေးပြေးလမ်းမများရှိ ကုက္ကိုပင်များမှ ချိပ်ထွက်လျော့နည်းသွားရခြင်းမှာ ဤအချက်ကြောင့်ပင်ဖြစ်ကြောင်း (၂)နာရီကြာခန့် ရှင်းလင်းဟောပြောခဲ့ပါသည်။

အလျဉ်းသင့်၍ ချိပ်အကြောင်း အနည်းငယ်တင်ပြလိုပါသည်။ ချိပ်ပိုးကို သိပ္ပံနည်းဖြင့် လက်စီဖာရာလကား (ကား) laccifer lacca (Kerr) (သို့) လက်တာဒီယားလကား lactardia lacca (Kerr) (ကား)ဟုခေါ်ပါသည်။ ချိပ်ပိုးပေါက်ဖွားစဉ် အလျား ဝ.၅ မီလီမီတာနှင့် ဖြက် ဝ.၂ မီလီမီတာခန့်ရှည်လျားသည့် ချိပ်ပိုးမသည် တစ်ကြိမ်တွင် ဥ ၃၀၀ မှ ၅၀၀ အထိပေါက်၍ ချိပ်လက်ခံပင်ကိုင်း၏ တစ်လက်မပတ်လည်တွင် ချိပ်ပိုးလောင်း ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ အခြေစိုက်နေထိုင်ပြီး ပေါက်ဖွားရာ၌ ချိပ်ပိုးမအရေအတွက်သည် ချိပ်ပိုးထီးအရေအတွက်ထက် ၃ ဆပိုမိုပေါက်ဖွားကြောင်းနှင့် ချိပ်ပိုးမသည်မိတ်မလိုက်ဘဲ အလိုအလျောက်သန္ဓေယူတတ်ကြောင်း၊ ချိပ်ပိုးဖို၊ ချိပ်ပိုးမ၏ သက်တမ်းသည် တစ်နှစ်၏ တစ်ဝက်မျှသာဖြစ်ကြောင်း၊ ချိပ်ပိုးဖို၏ အစေးထုတ်မှုသည် ချိပ်ပိုးမ၏ သုံးပုံတစ်ပုံသာရှိကြောင်း၊ ချိပ်ပိုးမတွင် အထီးများသာပေါက်သော ချိပ်ပိုးမ၊ အမများသာပေါက်သော ချိပ်ပိုးမနှင့် အထီးနှင့်အမရောပေါက်သော ချိပ်ပိုးမဟူ၍ (၃)မျိုးရှိပါသည်။ ချိပ်ပိုးလောင်းကောင်များကို ပေါက်ဖွားပြီးနောက် ချိပ်ပိုးမိခင်တို့သည် သက်တမ်းကုန်ဆုံး၍ သေဆုံးကြပါသည်။

**'မုဆိုးတစ်သက် ချိပ်တစ်ခက်'** သို့မဟုတ် **'တံငါတစ်သက် ချိပ်တစ်ခက်'** ဟူသော ဝေါဟာရသည် မုဆိုးတို့ တံငါတို့ ဖမ်းယူထားသော အကောင်အရေအတွက်သည် ချိပ်တစ်ခက်ထဲတွင်ရှိသော အရေအတွက်နီးပါးနှင့် ညီသည်ဟု ဆိုလိုဟန်ရှိပါသည်။ ထို့အပြင် ချိပ်တစ်ခက်ပျက်စီးသွားပါက မုဆိုးတစ်သက်ပစ်တဲ့ အကောင်နှင့်ညီမျှသဖြင့် ချိပ်ခက်မပျက်စီးစေရန်အတွက်လည်း ယူဆနိုင်ပါသည်။

သိပ္ပံနည်းကျ ချိပ်ပိုးမွေးမြူနည်းဆိုသည်မှာ ချိပ်ပိုးလောင်းကောင်များကို နောက်သက်တမ်းတစ်ဆက်အတွက် မသေမပျောက်စေရန် အသက်ဆက်ပေးသည့် နည်းစနစ်ဖြစ်ပါသည်။

အသက်ဆက်ပုံမှာ ချိပ်ပိုးသားလောင်းကောင်များမထွက်မီ (၈)ရက် (၁၀)ရက်ခန့်အလိုတွင် ချိပ်လက်ခံပင်မှဆွတ်ခူး၍ နောက်အရန်သင့်ပြင်ဆင်ထားသော ချိပ်မိုးပင်ပေါ်သို့သားလောင်းများ စနစ်တကျထွက်လာစေရန်နှင့် ၎င်းတို့ကိုယ်တိုင် သစ်ရည်စုပ်ယူနိုင်သည့် အရွက်ကြီးပြီး မိုးဒဏ်လေဒဏ်ခံနိုင်သည့် နေရာတွင်အခြေစိုက်၍ သစ်ရည်ကို အစာရေစာအဖြစ် မှီဝဲစားသုံးနိုင်ရန် ပြင်ဆင်ပေးခြင်းပင်ဖြစ်ပေသည်။

တစ်နှစ်လျှင် ဧပြီလနှင့် အောက်တိုဘာလများတွင် ချိပ်နှစ်ကြိမ်ထွက်ရှိပါသည်။ သို့သော်ဧပြီချိပ်သည် အထွက်နည်းသဖြင့် ကယားပြည်နယ်တွင် အောက်တိုဘာလ တစ်ကြိမ်သာ ဆွတ်ခူးကြပါသည်။ ဆွတ်ခူးပြီး မျိုးတင်မည့်ချိပ်ကိုသာဖယ်ထားပြီး ကျန်ရောင်းချမည့်ချိပ်များကို နေလှမ်းကြပါတော့သည်။ အကြောင်းမှာ ချိပ်သားလောင်းများ ပေါက်ဖွားကာနီး၌လည်းကောင်း ချိပ်ခက်ပတ်ပတ်လည်တွင် အပ်ဖျားအရွယ်အပေါက်ကလေးများ ဖြစ်ပေါ်လာပါသည်။ ၎င်းအပေါက်မှ သားလောင်းများ အပြင်ထွက်ခြင်းဖြစ်ပါသည်။

ချိပ်ကိုနေပူလှန်းလိုပါက ၎င်းအပေါက်ကလေးများ နေပူရှိန်ကြောင့် ပျော်၍ ပိတ်သွားကာရောင်းချရာတွင် အလေးချိန်မလျော့ရန်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအချက်ကို နားလည်အောင်ရှင်းပြရပါသည်။ ချိပ်တစ်ခက်၏ တစ်လက်မပတ်လည်တွင် အကောင် ၃၀၀ မှ ၅၀၀ အထိရှိကြောင်း ချိပ်တစ်ခက် ဆိုလျှင် အကောင် ၂၀၀၀ ဝန်းကျင်ရှိကြောင်း ချိပ်ခက်တစ်ထောင်ကျော်ပါက ချိပ်သားလောင်းနှစ်သန်းခန့်ရှိပြီး ဗုဒ္ဓဘာသာနည်းအရ ချိပ်မွေးမြူခြင်းသည် အသက်ပေါင်းများစွာကို ကယ်သည့်ကုသိုလ်လည်းရ ဝမ်းလည်းဝလုပ်ငန်းဖြစ်ကြောင်းနှင့် ယခုအခါ အသက်နှစ်သန်းကျော်ပိတ်ပြီး သတ်သည့် အကုသိုလ်ကြီးရသလိုဖြစ်နေကြောင်း အကိုးအကားများဖြင့် ပြောကြားခဲ့ပါသည်။

နောက်နှစ်ရက်ခန့်အကြာ၌ ဒေါတမကြီးရွာ၏ အနောက်တောင်ဘက် အိမ်ခြေ ၁၂၀ ရှိ ဒေါဆောင်ပြတ်ရွာဘုန်းကြီး၏ စီစဉ်ပေးမှုဖြင့်လည်းကောင်း၊ ရွာမူလတန်းကျောင်း၌ ညဘက်တွင်ချိပ်အကြောင်း သိကောင်းစရာအထွေထွေကို ရှင်းလင်းပြသခဲ့ပါသည်။ ဘုန်းကြီးကျောင်း၌ ဆရာတော်အား ဆွမ်းချက်ကပ်ခြင်း၊ ဝေယျာဝစ္စများဆောင်ရွက်ပေးခြင်းနှင့် ဆရာတော်၏မေးမြန်းမှုကြောင့် ရွာ၏လူနေမှုစနစ် မိရိုးဖလာအစွဲကြောင့် မှားယွင်းနေမှုများကို အကြံဉာဏ်များပေးခဲ့ရပါသည်။

နတ်ကိုသာကိုးကွယ်သော ဗုဒ္ဓဘာသာများဖြစ်နေကြသဖြင့် ဗုဒ္ဓဘာသာကိုးကွယ်မှုကို အစစ်အမှန်မသိရှိကြဘဲ မိသားစုအသိုင်းအဝိုင်းအတွင်း အယူအဆမှားနေသည်ကို တွေ့ခဲ့ရပေသည်။ အကြောင်းမှာ အိမ်ထောင်တစ်ခုတည်ထောင်ပြီးနောက် စိတ်အခန့်မသင့်၍ ကွဲမည်ဆိုလျှင် ယောကျ်ားသည်(သမီးရှင်မိဘထံ) ခေါင်ရည်တစ်အိုး၊ ကြက်တစ်ကောင်နှင့် ငွေ ၂၅၀ကျပ်ကို အပ်နှံလိုက်ပါက ကွာရှင်းပြီးဖြစ်ပါသည်။ သား၊သမီးရှိပါကလည်း သမီးရှင်ထံထားခဲ့လေသည်။ မကြာမီ ယောကျ်ားသည် နောက်ထပ်အိမ်ထောင်ပြုလေသည်။ ဤသို့ဖြင့် သမီးရှင်အိမ်အတော်များများတွင် ယောကျ်ားနှင့်ကွာရှင်းသော တစ်ခုလပ်များ များပြားနေပါသည်။ ၎င်းကိစ္စကို ဘုန်းကြီးကမကြိုက်သဖြင့် တစ်လင်တစ်မယားစနစ် ဖြစ်စေရန်အတွက် အကြံဉာဏ်တောင်းလေသည်။ မိမိလည်းအဆိုပါထုံးစံကို မနှစ်သက်သဖြင့် ဖြစ်နိုင်သည့်အကြံများပေးခဲ့ပါသည်။

ဘုန်းကြီးသည် အဆိုပါအကြံကိုသဘောကျကာ ချက်ချင်းဆိုသလိုပင် ညဘက်၌ ရွာလူကြီးအချို့အား ကျောင်းသို့ခေါ်ပြီးဆွေးနွေးပါသည်။ ရွာလူကြီးအချို့က မိရိုးဖလာအစဉ်အလာဖြစ်သဖြင့် ပြုပြင်ရန်ခက်ခဲကြောင်း တင်ပြကြသော်လည်း ဆရာတော်က သူတာဝန်ယူလုပ်မည်ဖြစ်ကြောင်း၊ သမီးရှိတဲ့မိဘတွေအားလုံး ဒီအဖြစ်ကို

ကြုံတွေ့နေကြရကြောင်း၊ ဒီလိုမှမလုပ်ရင် ဆက်ပြီးတွေ့နေရမည်ဖြစ်ကြောင်း၊ ယောကျ်ားဖြစ်သူတွေမှာလည်း သား၊သမီး ခင်တွယ်ရကောင်းမသိကြကြောင်း၊ ဒီလုပ်ငန်းမအောင်မြင်ရင် ဘုန်းကြီးရွာကထွက်သွားမည်ဖြစ်ကြောင်းပြောပြသောအခါ ရွာလူကြီးများသည် ဆရာတော် ရွာမှထွက်ခွာမှာစိုးရိမ်ကြသဖြင့် ခေါင်းငြိမ့်ကြရပါတော့သည်။ နောက်တစ်နှစ်သွားရောက်သည့်အခါ အဆိုပါလင်မယားကွာရှင်းသည့်ကိစ္စ တစ်ခုမှ မရှိတော့ကြောင်း ဝမ်းမြောက်စွာသိရှိခဲ့ရပါသည်။ မိမိအကြံပြုချက်မှာ ရိုးရာအစဉ်အလာအရ ခေါင်းရည်တစ်အိုး ကြက်တစ်ကောင်အပြင် ခေတ်ကာလရွေ့လျားလာမှုကြောင့် မိန်းမအတွက် ၂၅၀ ကျပ်အစား ၂၅၀၀၀ ကျပ်နှင့် သား၊သမီးတစ်ဦးလျှင် ၁၀၀၀၀ကျပ်နှုန်းဖြင့် သမီးရှင်အားပေးရန် (ထိုအချိန် ငွေဒေါ်လာတစ်ပြား= ၃၀၀ နှုန်း–၁၉၉၅ ခုနှစ်) အကြံပြုခဲ့ခြင်းသာဖြစ်ပါသည်။

ယခင်က ဘုန်းကြီးကျောင်းကိုမတွေ့ဘူးကြသဖြင့် အပြင်မှလှည့်ပတ်ကြည့်ကြသော ရွာသားများပင်ရှိခဲ့ရာ ယခုအခါ ဆရာတော်သည် နေမကောင်းသူများအား ဆေးအခမဲ့ကုသပေးခြင်း၊ ပယောဂဖြစ်သူများအားကုသပေးခြင်း၊ ရွာ၏လူနေမှုစနစ်မြင့်မားအောင်ဆောင်ရွက်ပေးခြင်း၊ အတောင် ၄၀ ရှိ ရွှေတိဂုံဘုရားပုံစေတီတစ်ဆူ တည်ထားရန်အတွက် ချောင်းဦးမြို့နှင့် ပျော်ဘွယ်မြို့တို့မှ ဘုရားတည်သူနှင့် အုတ်ဖုတ်၊ ထုံးဖုတ်သူ(၂)ဦးတို့အားခေါ်ဆောင်၍ ရွာလုပ်အားဖြင့် ဆောင်ရွက်ကြခြင်းကြောင့် အုတ်ဖုတ်ခြင်း၊ ထုံးဖုတ်ခြင်း၊ လက်သမားလုပ်ငန်းများ တတ်မြောက်လာကြခြင်း၊ ယခင်က ရွာနှင့်တစ်မိုင်ခန့်အကွာ ရေတွင်းပျက်တစ်တွင်း၌ အမျိုးသား၊ အမျိုးသမီးသုံး ရေကိုရောနှောသုံးစွဲကြသဖြင့် ဆရာတော်သည် ရေချိုးရန်အမျိုးသားသီးသန့်၊ အမျိုးသမီးသီးသန့်၊ သုံးရေသီးသန့်ဖြစ်အောင် ရေတွင်းပြုပြင်ခြင်း၊ အုတ်ကန်ပြုပြင်ခြင်း စသည့်ဖြင့်ဆောင်ရွက်ခဲ့ရာ ဆရာတော်၏စေတနာကို နားလည်သဘောပေါက်လာကြသောကြောင့် အလင်းဝင်ရွာသားများပင်လျှင် ဆရာတော်၏အရိပ်အောက်၌ ခိုလှုံလာကာ ဘုရားတည်ရန်ကိစ္စရပ်များ၊ ဆေးကုသခြင်းလုပ်ငန်းများ ပါဝင်ဆောင်ရွက်လာကြကြောင်းသိရှိခဲ့ရပါသည်။

ဆရာတော်သည် ချိပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ရွာသားများအား မျိုးချိပ်တင်ချိန်၌ အခက်အခဲမဖြစ်စေရန်အတွက် ချိပ်ရောင်းချမှုကိုကြီးကြပ်၍ ထိန်းသိမ်းပေးပါသည်။ ၁၉၉၆ခုနှစ် စက်တင်ဘာလ၌ ချိပ်များဝယ်ယူရန် တတိယအကြိမ် ဒေါတမကြီးသို့ သွားရောက်ခဲ့ပါသည်။ လှိုင်ကော်မြို့သို့ရောက်ရှိသည့်အခါ ဆရာတော်၏သတင်းကို မေးမြန်းကြည့်ရာ ခ. ဝ. တ အတွင်းရေးမှူးအိမ်တွင် သီတင်းသုံးနေသည်ဟု ကြားသိရသဖြင့် ဆရာတော်ထံသွားရောက်ခဲ့ပါသည်၊ ဆရာတော်က 'ရောက်လာပြီလား၊ ဒါဆိုမနက်ဖြန် ဒေါတမကြီးသို့သွားတာပေါ့ဟုပြောဆိုရာ ဆရာတော်သည် မိမိလာမည်ကို သိနှင့်ပြီလားဟုထင်မိပါသည်။ နောက်တစ်နေ့ ဆရာတော်နှင့်အတူ ခ. ဝ. တ အတွင်းရေးမှူးကတော်တို့နှင့် ဒေါတမကြီးသို့ သွားရောက်ခဲ့ပါသည်။ ခ. ဝ. တ အတွင်းရေးမှူးတို့သည် ဒေါတမကြီးရှိတောင်တစ်ခုပေါ်တွင် စေတီတည်ရန်အတွက် ကြိုတင်လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။

ဆရာတော်သည် ၁၉၉၆ ခုနှစ်၊ နှစ်ဆန်းပိုင်း၌ လှိုင်ကော်မှ ရန်ကုန်အထိ ဒေါတမကြီးဘုရားအ တွက် ထီးတော်ပင့်ဆောင်ရန်လာ ရောက်စဉ် ရေဆင်းအရောက် မိမိအား လှမ်းခေါ်၍ ရန်ကုန်–မန္တလေးလမ်းမထိပ်၌ သွားရောက်ဖူးတွေ့ရပါသည်။ ရန်ကုန်မှ အပြန်လမ်းခရီးတစ်လျှောက် ဒေသစာရီကြွချီခဲ့ရာတွင် စိန်ဖူးတော်ဌာပနာအတွက် မိခင်ပေးထားသော လက်စွပ်တစ်ကွင်းကို လှူဒါန်းခွင့်ရခဲ့ပါသည်။ ဆရာတော်မှ ပြေလည်ကျင်းပမည့် ထီးတင်ပွဲသို့လာရောက်ရန် ဖိတ်ကြားခဲ့သော်လည်း အလုပ်မအားလပ်သဖြင့် ဒေါတမကြီးသို့ မသွားရောက်နိုင်ခဲ့ပါ။

ဒေါတမကြီးသို့ရောက်စဉ် ဆရာတော်၏ကြိုးပမ်းမှုကို မျက်ဝါးထင်ထင်တွေ့ခဲ့ရပါသည်။ ဆရာတော်သည် ရွာသားများထံမှ လုပ်အားအကူအညီကိုသာရယူပြီး အလျားပေ ၆၀ အနံပေ ၄၀ ရှိ နှစ်ထပ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ထားခြင်း၊ ရေဆွဲအိမ်သာဘိုထိုင် ၂ လုံး၊ ရိုးရိုးထိုင် ၂ လုံး ဆောက်လုပ်ထားခြင်း၊ မိုးတွင်းရေသိုလှောင်ရန် ၁၀ ပေ× ၅ ပေ× ၁၅ ပေအရွယ် အုတ်ကန်ဆောက်လုပ်ထားခြင်းနှင့် အတောင်(၄၀)အရွယ် စေတီတစ်ဆူကိုပါ နယ်စပ်ဒေသ၌ဖူးတွေ့ခဲ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ဆရာတော်၏ သံယောဇဉ်ကြီးမားပေစွ၊ ဆရာတော်သည် ထီးတင်ရန် တနင်္ဂနွေသား အဓိပတိဖွား မိမိအား စောင့်မျှော်နေသေးကြောင်း၊ ဘုရားထီးတင်ပွဲ၌ ဆရာတော်၏ ဦးဆောင်မှုကြောင့်လည်းကောင်း ရွာသားများမှ နယ်မြေအေးချမ်းမှုကို တာဝန်ယူ၍လည်းကောင်း၊ ရန်ကုန်မှ သံဃနာယကဒုတိယ ဥက္ကဋ္ဌအဖွဲ့အား ပင့်ဆောင်ခြင်းနှင့် သံဃာအပါး(၅၀)ခန့်အား နေရာထိုင်ခင်းစီစဉ်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ထီးတော်တင်ခြင်းတို့ကိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ ဆရာတော်၏ ကျေးဇူးသည်ကြီးမားလှပါသည်။ ရန်ကုန်–မန္တလေးမြို့တို့၌ ပစ္စည်းလေးပါး ဒါယိကာများစွာရှိသော်လည်း တောင်တန်းသာသနာပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ မြေပုံကိုကြည့်၍ ကယားပြည်နယ်၏ အစွန်ဆုံးကျေးရွာဖြစ်သော ဒေါတမကြီးကိုရွေးချယ်ခဲ့ပါသည်။ ဆွမ်းကပ်ရန်ခက်ခဲသည်ကိုအမှုမထားဘဲ ဗုဒ္ဓဘာသာ သာသနာထွန်းကားပြန့်ပွားအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။ ဒေါတမကြီးကျေးရွာ၌ သီတင်းသုံးသည့်အချိန်မှစတင်၍ ဗုဒ္ဓဆင်းတုတော်များ ထိုလမ်းမှပြည်ပနိုင်ငံများသို့ ထွက်နေခြင်းကို ဟန့်တားပေးနိုင်ခဲ့ခြင်း၊ ကျေးရွာသူ၊ ရွာသားများ ဘာသာရေးကိုရိုသေကိုင်းရှိုင်းမှုများ တိုးတက်လာခဲ့သဖြင့် လူနေမှုအဆင့် အတန်းမြင့်မားတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့သည် နိုင်ငံတော်၏ သာသနာတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားပင် ဖြစ်ပါတော့သည်။

တောင်တန်းသာသနာပြု ဆရာတော် ဦးပဏ္ဍိဝံသကို ကျန်းမာချမ်းသာပြီး သာသနာ့အကျိုးဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ရန် နေ့စဉ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။




# ကမ္ဘာ့အဆင့်အသိအမှတ်ပြုခံလိုက်ရသည့် ရှိုးစုံဒေသခံတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစိတ်ဓါတ်

**တက်နေထွန်း၊ တောအုပ်ကြီး**

ရှိုးစုံရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ဝမ်းတွင်းမြို့နယ်အတွင်းရှိ ရွာတစ်ရွာဖြစ်သည်။ အညာဒေသရှိ အခြားသောရွာများကဲ့သို့ပင် ရှိုးစုံရွာသူရွာသားတို့၏ သက်မွေးဝမ်းကျောင်းလုပ်ငန်းသည် လယ်ယာစိုက်ပျိုးခြင်းပင်ဖြစ်သည်။ အခြားသောလုပ်ငန်းတစ်ခုမှာ ရွာအနီးရှိတောမှ ဆေးကုလားမပင်ဟုခေါ်သော လျှော်ဖြူပင်၏ အစေ့နှင့်အစေ့ကို စုဆောင်းရောင်းချခြင်းဖြစ်သည်။

လျှော်ဖြူစေးကို မြန်မာနိုင်ငံတွင် ဆေးကုလားမဟုခေါ်ကာ ရေခဲမုန့်၊ ဂျယ်လီမုန့်၊ ရွှေရင်အေး၊ ဖာလူဒါအစရှိသည့် စားသောက်ကုန်များတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေး၌ ဆီးရှင်ဆေး၊ ဝမ်းနုတ်ဆေးများဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုသော အမယ်တစ်ခုလည်းဖြစ်သည်။ အသုံးပြုမှုများလာသည့်အလျောက် လျှော်ဖြူစေး၏ ဈေးနှုန်းတက်လာကာ ထုတ်ယူမှုများလာပြီး ရွာအနီးရှိတောမှ လျှော်ဖြူပင်များ တဖြည်းဖြည်းနည်းလာသည်ကို ရှိုးစုံရွာသားအချို့ သတိပြုမိခဲ့သည်။ တစ်ချိန်တည်းမှာပင် လျှော်ဖြူအပါအဝင် သဘာဝတောမှ သစ်ပင်များ နည်းပါးလာသည့်အလျောက် စိုက်ပျိုးသီးနှံ အထွက်နှုန်းများ သိသိသာသာကျဆင်းလာခဲ့သည်။ မိုးရွာချိန်တွင် မိုးရေကိုထိန်း၍ အစိုဓာတ်ကိုထိန်းပေးသော၊ ရာသီဥတုကို မျှတစေသောသစ်ပင်များ နည်းပါးလာခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။

ရွာအနီးရှိတောပြုန်းတီးလာခြင်းနှင့် လျှော်ဖြူပင်၏အသုံးဝင်မှုကို သတိထားမိသော ဦးအုန်းညွန့် ခေါင်းဆောင်သည့် ရွာသူရွာသားတို့ စုဝေးတိုင်ပင်ခဲ့ကြသည်။ အကြောင်းအရာမှာ ရွာအနီးတောကိုထိန်းသိမ်းရင်း ၎င်းတို့စားဝတ်နေရေးကိုဖြေရှင်းနိုင်မည့် နည်းလမ်းကိုရှာဖွေကြဖို့ဖြစ်သည်။ ဦးအုန်းညွန့်တို့အဖွဲ့ ကံကောင်းခဲ့ပါသည်။ ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်သော တောထိန်းရင်း စားဝတ်နေရေး ပြေလည်နိုင်မည့်နည်းကို ဝမ်းတွင်းမြို့နယ်၊ သစ်တောဦးစီးဌာနထံမှ သိလိုက်ရ၍ဖြစ်သည်။

၎င်းနည်းမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖြစ်သည်။ သစ်တောဦးစီးဌာနမှ ၁၉၉၅-ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည့် ဒေသခံတို့ပူးပေါင်းပါဝင်သော သစ်တောသယံဇာတထိန်းသိမ်းခြင်းနှင့်အသုံးချခြင်း သစ်တောလုပ်ငန်းတစ်ခုဖြစ်သည်။ အစုအဖွဲ့ပိုင်သစ်တောလျှောက်ထားခြင်း နည်းလမ်းများကို မြို့နယ်သစ်ဦးစီးဌာနနှင့်တိုင်ပင်၍ ရွာအနီးရှိသဘာဝတော (၅၅၀)ဧကကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖြစ်လျှောက်ထားခဲ့သည်။ ဦးအုန်းညွန့်တို့အဖွဲ့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ဆောင်ရွက်ခွင့်ကို သစ်တောဦးစီးဌာနမှစိစစ်၍ ၂၀၀၄ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။

ဆောင်ရွက်ခွင့်ရရှိပြီးနောက် ဦးအုန်းညွန့်တို့အဖွဲ့ ၎င်းတို့၏ ရည်မှန်းချက်ကို စတင်အကောင်အထည်ဖော်တော့သည်။ အဖွဲ့ဝင်များစုဝေးတိုင်ပင်ပြီးတော့ အခြေအနေကောင်းသေးသော သဘာဝတော(၇၅)ဧကကို ထိန်းသိမ်းပြီး ကျန်ရှိသော(၄၇၅)ဧကခန့်ကို သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ဖြင့် လျှော်ဖြူနှင့် စိုက်ပျိုးသီးနှံ ပဲ၊ နှမ်းတို့ကို စိုက်ပျိုးသွားကြရန်ဖြစ်သည်။






အစုအဖွဲ့ပိုင်တောလေးကိုထိန်းရင်း စိုက်ပင်လျှော်ဖြူပင်လေးတွေကိုပြုစုရင်းဖြင့် ဆယ်နှစ်ကာလကျော်လွန်ပြီး နောက် ဦးအုန်းညွန့်တို့အဖွဲ့ အကျိုးအမြတ်စတင်ခံစားရပြီဖြစ်သည်။ ခွဲဝေရရှိသည့်မြေ(၅)ကေခန့်ပေါ်တွင် စိုက်ပျိုးခဲ့သော လျှော်ဖြူပင်များမှ အစေးထုတ်ယူရောင်းချခြင်းဖြင့် တစ်ရာသီလျှင် အနည်းဆုံးသိန်း(၁၀၀)ခန့် ဝင်ငွေရရှိနေပြီဖြစ်သည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရိုးစုံဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော၏အောင်မြင်မှုအား အသိအမှတ်ပြုပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဒေသခံတို့အားသွားရောက်တွေ့ဆုံခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံအနှံ့ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း စိတ်ဝင်စားသူများနှင့် လက်တွေ့လုပ်ကိုင်နေသူတို့လာရောက်လေ့လာရာ စံပြအစုအဖွဲ့ပိုင်သစ်တောတစ်ခု ဖြစ်နေပြီဖြစ်သည်။

ဦးအုန်းညွန့်တို့အဖွဲ့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုသောစိတ်ဓာတ်၊ ၎င်းတို့အဖွဲ့၏ အစုအဖွဲ့ပိုင်တော၏ အောင်မြင်မှုကို မြန်မာနိုင်ငံသာမက ကမ္ဘာကပါ သတိထားမိလာစေရန်၊ အသိအမှတ်ပြုလာစေရန်အတွက် ကမ္ဘာမှအသိအမှတ်ပြု အလေးထားအခံရဆုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆုများအနက် တစ်ခုဖြစ်သည့် Energy Globe Award ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ Energy Globe Award ဆုသည် ဩစတြီးယားနိုင်ငံ၌ ၁၉၉၉-ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Energy Globe အဖွဲ့မှ ချီးမြှင့်သည့်ဆုဖြစ်သည်။ ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်မှာ သယံဇာတများကို ရေရှည်တည်တံ့စေသောနည်းဖြင့် စီမံအုပ်ချုပ်နေသော၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို အားပေးသောအဖွဲ့အစည်းများနှင့် စီမံကိန်းများကို ကမ္ဘာမှသတိပြုမိလာစေရန်နှင့် အသိအမှတ်ပြုလာစေရန်ဖြစ်သည်။ ၂၀၁၇ခုနှစ် Energy Globe Award ဆုအတွက် နိုင်ငံပေါင်း(၁၇၀)မှ အဖွဲ့အစည်းပေါင်း(၂၀၀၀)ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ယှဉ်ပြိုင်ခဲ့ရာတွင် ဦးအုန်းညွန့်တို့အဖွဲ့၏ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောသည် မြန်မာနိုင်ငံမှ ယှဉ်ပြိုင်လျှောက်ထားလာသော စီမံကိန်းများအနက် အကောင်းဆုံးစီမံကိန်းဆု(The Best Project in Myanmar) အဖြစ်ရွေးချယ်ခံရပြီး National Energy Globe Award ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ ဦးအုန်းညွန့်တို့အဖွဲ့၏ အားထုတ်မှုကို ကမ္ဘာအဆင့်အသိအမှတ်ပြုခံလိုက်ရခြင်းဖြစ်သည်။ ဆုရရှိခဲ့သည့် စီမံကိန်းများကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ ဇွန်လ(၅)နေ့တွင် Energy Globe အဖွဲ့၏ ဝဘ်ဆိုဒ်တွင်ကြေငြာသွားခဲ့သည်။ ဦးအုန်းညွန့်တို့အဖွဲ့၏ အားထုတ်မှု၊ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏ အောင်မြင်မှုကိုကမ္ဘာသို့ချပြနိုင်ခဲ့ပြီဖြစ်သည်။

ယခုအောင်မြင်မှုသည် ဒေသခံတို့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအပေါ် ယုံကြည်မှု၊ စိတ်ဝင်စားစွာကြိုးစားအားထုတ်မှုနှင့် ဝမ်းတွင်းမြို့နယ်၊ သစ်တောဝန်ထမ်းများ၏ အားထုတ်မှုတို့၏ အသီးအပွင့်ပင်ဖြစ်သည်။ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အောင်မြင်မှုသည် မြန်မာနိုင်ငံအနှံ့ရှိ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအပေါ် စိတ်ဝင်စားသော ဒေသခံတို့အတွက်သာမက အကောင်အထည်ဖော်ဆောင်ရွက်နေသော သစ်တောဝန်ထမ်းများအတွက်ပါ အားတက်ဖွယ်ရာသတင်းစကားဖြစ်မည်ဟု ယုံကြည်ပါသည်။

## သိမှတ်ဖွယ်ရာ အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| MPA | **အဏ္ဏဝါ သဘာဝနယ်မြေ** (Marine Protected Areas) |
| MSY | **စဉ်ဆက်မပြတ် အမြင့်ဆုံးထုတ်လုပ်နိုင်မှုနှုန်း** (Maximum Sustained Yield) |
| MTE | **မြန်မာ့သစ်လုပ်ငန်း** (Myanma Timber Enterprise) |
| NCNPP | **သဘာဝထိန်းသိမ်းကာကွယ်ရေးနှင့် အမျိုးသားဥယျာဉ်များစီမံကိန်း** (Nature Conservation National Park Project) |
| NECC | **အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ** (National Environmental Conservation Committee) |
| NEQG | **နိုင်ငံအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှုများ) ညွှန်ကြားချက်များ** (National Environmental Quality (Emissions) Guidelines) |

**နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(၂၀၁၅-၂၀၂၀)စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။**

# ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များ အဆင့်သတ်မှတ်ခြင်းဆိုင်ရာ IUCN Category များ

၂၀၁၆ ခုနှစ်၊ ဇွန်လ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ထုတ်ဝေသော မြန်မာနိုင်ငံရှိ IUCN Red List စာရင်းဝင် အပင်မျိုးစိတ်များ Plant Species of IUCN Red List in Myanmar စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။

## မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened-NT)

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်(Critically Endangered-CR)၊ မျိုးသုဉ်းရန်အန္တရာယ် ရှိသောမျိုးစိတ်(Endangered-EN)နှင့် မျိုးသုန်းရန် အန္တရာယ် ကျရောက်နိုင်သောမျိုးစိတ်(Vulnerable-VU)တို့သတ်မှတ်ရန် ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင်လက်ရှိအချိန် ၌ ဖော်ပြပါအုပ်စု(၃)ခုအနက် မည်သည့်အုပ်စုတွင်မှ ထည့်သွင်း ရန်မကိုက်ညီသော်လည်း မဝေးတော့သောကာလတစ်ခုတွင် ဖော် ပြပါအုပ်စုတစ်ခုခုတွင် ကျရောက်ရန်အလားအလာရှိပါက သို့မဟုတ် ကျရောက်ရန်နီးကပ်နေပါက မျိုးသုဉ်းရန်အန္တရာယ် ကျရောက်လုနီးပါးမျိုးစိတ်(Near Threatened-NT)ဟု သတ် မှတ်ပါသည်။

## မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ်(Least Concern-LC)

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်(Critically Endangered-CR)၊ မျိုးသုဉ်းရန်အန္တရာယ် ရှိသောမျိုးစိတ်(Endangered-EN)၊ မျိုးသုဉ်းရန်အန္တရာယ်ကျ ရောက်နိုင်သောမျိုးစိတ်(Vulnerable-VU)နှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ်(Near Threatened-NT) တို့သတ်မှတ်ရန်ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင် လက်ရှိအချိန်၌ ဖော်ပြပါအုပ်စု(၄)ခုအနက် မည်သည့်အုပ်စု တွင်မှထည့်သွင်းရန်မကိုက်ညီပါက ၎င်းမျိုးစိတ်ကို မျိုးသုဉ်း ရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ်(Least Concern-LC)ဟု သတ်မှတ်ပါသည်။ နေရာအနှံ့အပြားပေါက်ရောက်ပြီး ပေါများ သောမျိုးစိတ်များကို LC ဟုသတ်မှတ်ပါသည်။

## မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှုနည်းပါးသောမျိုးစိတ် (Lower Risk-LR)

မျိုးစိတ်တစ်ခုကို မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်(Critically Endangered-CR)၊ မျိုးသုဉ်းရန်အန္တရာယ် ရှိသောမျိုးစိတ်(Endangered-EN)နှင့် မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သောမျိုးစိတ်(Vulnerable-VU)တို့ သတ်မှတ်ရန် ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးရာတွင် လက်ရှိအချိန်၌ ဖော်ပြပါအုပ်စု(၃)ခုအနက် မည်သည့်အုပ်စုတွင်မှ ထည့်သွင်းရန် မကိုက်ညီပါက ၎င်းမျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ်ကျရောက် မှုနည်းပါးသောမျိုးစိတ်(Lower Risk-LR)ဟုသတ်မှတ်သည်။ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်မှု နည်းပါးသောမျိုးစိတ်များ ကို အုပ်စု(၃)ခုထပ်မံခွဲခြားပါသည်။

### (၁) ကာကွယ်ထိန်းသိမ်းထားသည့်မျိုးစိတ် (Conservation Dependent-CD)

မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သည်ဟု သံသယရှိသော မျိုးစိတ်နှင့်ပတ်သက်၍ ပေါက် ရောက်/ကျက်စားရာနယ်မြေကို အဓိကထိန်းသိမ်း ခြင်း သို့မဟုတ် မျိုးစိတ်ကိုအဓိကထိန်းသိမ်းခြင်း တွင် အလေးပေးထားသည့်မျိုးစိတ်ကို ကာကွယ် ထိန်းသိမ်းထားသည့်မျိုးစိတ် (Conservation Dependent-CD)ဟုသတ်မှတ်သည်။ ထိန်းသိမ်း ခြင်းလုပ်ငန်းများရပ်စဲက (၅)နှစ်ကာလအတွင်း CR သို့မဟုတ် EN သို့မဟုတ် VU အဖြစ်သို့ ရောက်ရှိမည်ဖြစ်သည်။

### (၂) မျိုးသုဉ်းရန်အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened-NT)

မျိုးသုဉ်းရန် အန္တရာယ်ကျရောက်မှုနည်းပါးသော မျိုးစိတ်(Lower Risk-LR)ဟုသတ်မှတ်ထား သောမျိုးစိတ်သည် CDနှင့်မကိုက်ညီသော်လည်း VU အဖြစ်သို့ရောက်ရှိနိုင်သောမျိုးစိတ်ကို မျိုး သုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် (Near Threatened-NT)ဟုသတ်မှတ်ပါသည်။

### (၃) မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ် (Least Concern-LC)

မျိုးသုဉ်းရန် အန္တရာယ်ကျရောက်မှုနည်းပါးသော

စာမျက်နှာ-၂၄သို့

# နိုင်ငံခြားသို့ရောက်ခဲ့စဉ်က

**ဒေါ်ဝင်းဝင်းနွယ်၊ တောအုပ်ကြီး၊ သစ်တောသုတေသနဌာန**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့် RECOFTC-ASFCC (Regional Community Forestry Training Center) (ASEAN-Swiss Partnership on Social Forestry and Climate Change)၏ထောက်ပံ့မှုဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်သည့် 'ဒေသခံပြည်သူပူးပေါင်းပါဝင်သော သုတေသနလုပ်ငန်းဆိုင်ရာ အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲ'ကိုတက်ရောက်ရန် အခွင့်အရေးရရှိခဲ့ပါသည်။ ခရီးအတွက်လိုအပ်သည်များပြင်ဆင်၍ စက်တင်ဘာလ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့သွားရောက်ခဲ့ပြီး ည(၁၂)နာရီအချိန်တွင် RECOFTC ရုံးသို့ရောက်ရှိ၍ ဧည့်ရိပ်သာတွင် တည်းခိုခဲ့ပါသည်။ RECOFTC ရုံးသည် Kasetsart တက္ကသိုလ်ဝင်းအတွင်းတည်ရှိပြီး RECOFTC ရုံးသို့ Taxi ဖြင့်လိုက်ပါလာစဉ် တက္ကသိုလ်ဝင်းအတွင်း ဘေးဘယ်ညာ ဟို ဒီ ကြည့်ရှုမိပါသည်။ တက္ကသိုလ်ဝင်းအတွင်း အဆောက်အဦတစ်ခုနှင့် တစ်ခုအကြားတွင် သစ်ပင်တန်းများရှိနေပြီး အချို့နေရာများတွင် ကျောင်းသူကျောင်းသားများ နားနေအပန်းဖြေရန်၊ ခိုနားရန် သစ်ပင်အစုအဝေးများလည်း ရှိနေပါသည်။ RECOFTC ရုံးနှင့် ဧည့်ရိပ်သာဘေးပတ်လည်တွင်လည်း သစ်ပင်တန်းနှင့် သစ်ပင်အစုအဝေးလေးများရှိနေပြန်ပါသည်။

အူး ရှူး ကူး. . . ၊ ဝှစ် ဝှစ် ဝှစ်. . . ၊ ကပ် က ရှူး ကပ် ကပ် ကရှူး ကရှူး အူး ကပ်. . . နံနက်အိပ်ယာနိုးသည်နှင့် တစ်ပြိုင်တည်း ပထမဆုံးကြားလိုက်ရသောအသံသည် ငှက်ကလေးများ၏ တေးဆိုသံ၊ ခေါ်သံ၊ အချင်းချင်း သတိပေးသံများပဲဖြစ်ပါတော့သည်။ ငှက်ကလေးများ၏ အသံများသည် ကျွန်မအား အိပ်ယာမှ စောစောထရန် ဆွဲဆောင်လိုက်ပါတော့သည်။ 'ကျွန်မအိပ်ယာမှ ဝုန်းကနဲထလိုက်ပါသည်၊ နာရီကြည့်လိုက်ပါသည်၊ နံနက် ၆ နာရီ အလင်းရောင်မရှိသေးပါသော်လည်း နောက်၁၅မိနစ်ဆိုလျှင် နေထွက်လာတော့မည်၊ ငှက်များအား ရှင်းရှင်းလင်းလင်းမြင်နိုင်ပြီး ဓာတ်ပုံကောင်းကောင်းရိုက်ယူနိုင်ပြီဖြစ်ပါသည်။' ကျွန်မသည် ငှက်မျိုးစိတ်များအားအသံကြားရုံဖြင့် မခွဲခြားနိုင်ပါ။ (ယခုအချိန်တွင်လည်း ငှက်မျိုးစိတ် (၁၀)မျိုးလောက်သာအသံဖြင့် ခွဲခြားနိုင်ပါသေးသည်။) ငှက်မျိုးစိတ်မျိုးခွဲခြင်းနှင့်ပတ်သက်၍ စနစ်တကျ လေ့လာသင်ယူခဲ့ခြင်းမျိုးမရှိခဲ့ပါ။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ စစ်ဆောင်းပနား အပူပိုင်းရုက္ခဗေဒဥယျာဉ် (Xishuangbanna Tropical Botanical Garden- XTBG)တွင် ဖွင့်လှစ်ပို့ချသော ဂေဟဗေဒနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ မြေပြင်လက်တွေ့သင်တန်းမှ ငှက်မျိုးစိတ်ကွဲပြားမှုလေ့လာခြင်းအား စာတွေ့လက်တွေ့ ၃ ရက်သာသင်ကြားခဲ့ရပါသည်။ ထိုအချိန်မှ အစပြုကာငှက်ကြည့်ခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းတို့ကို အားလပ်သည့် အချိန်တိုင်းတွင် ဆောင်ရွက်ခဲ့ပါသည်။

ငှက်များအကြောင်းအား အနည်းငယ်တင်ပြလိုပါသည်။ ငှက်များသည် Kingdom- Animalia၊ Phylum- Chordata၊ Class- Aves တွင်ပါဝင်ကြပြီး Order၊ Family၊ Genuse နှင့် Species တို့မှာ ငှက်အမျိုးအစားအလိုက်ကွဲပြားနိုင်ပါသည်။ ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်ပေါင်း ၁၀၀၀၀ ခန့်ရှိပြီး ကျူးဘားနိုင်ငံတွင်ရှိသော ပဒုငှက် "Bee humming- bird" သည် ကိုယ်အလေးချိန် ၁/၂ အောင်စသာရှိ၍ အရွယ်အစားအသေးဆုံးငှက်ဖြစ်ပြီး အရွယ်အစားအကြီးဆုံးငှက်မှာ ကိုယ်အလေးချိန်ပေါင် ၃၀၀ ခန့်ရှိသော အာဖရိကတိုက်မှ ငှက်ကုလားအုတ် "Ostrich" ဖြစ်သည်။ ပဒုငှက်သည် တစ်စက္ကန့်လျှင် အကြိမ် ၇၀ မျှအတောင်ခတ်၍ ပျံသန်းနိုင်သော်လည်း ငှက်ကုလားအုတ်မှာ လုံးဝမပျံသန်းနိုင်ဘဲ ပျံသန်းနိုင်သောငှက်များ၏ ကိုယ်အလေးချိန်မှာအများဆုံး ၃၅ပေါင်ခန့်ရှိပါသည်။

ငှက်များသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများ၊ သမပိုင်းဒေသ သစ်တောများ၊ အပူပိုင်းဒေသသစ်တောများ၊မြက်ခင်းလွင်ပြင်၊ တောင်ပေါ်တောများ၊ သဲကန္တာရများ၊ မြစ်ချောင်းအင်းအိုင်များ၊ ကမ်းရိုးတန်းဒေသများ၊ ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ကျွန်းများနှင့် ပင်လယ်ပြင်အစရှိသဖြင့် ကမ္ဘာအနှံ့နေရာဒေသအမျိုးမျိုးတွင် နေထိုင်ကျက်စားကြသည်။ ငှက်များသည် နေရာတစ်နေရာမှ တစ်နေရာသို့ပြောင်းရွှေ့နိုင်ပြီး ပင်လယ်ကမ်းရိုးတန်းများ၊ မြစ်ချောင်းများ၊ နေနှင့် ကြယ်များအားကြည့်ရှုပြီး လမ်းမပျောက်စေဘဲမိမိတို့ လိုရာဒေသများသို့ ရောက်အောင်ပျံသန်းကြသည်။

# ဘန်ကောက်မြို့ RECOFTC ရုံးတွင် တည်းခိုစဉ် လေ့လာမိခဲ့သော ငှက်မျိုးစိတ်(၁၁)မျိုး



Asian openbill



Feral pigeon or rock pigeon



Zebra dove



Spotted dove



Common iora



Scaly-breasted munia



Oriental magpie-robin



Eurasian sparrow



Streakeared bulbul



Common myna



Copper-smith barbet

**မှတ်ချက်**

ဖော်ပြပါ ငှက်အမျိုးအစားများနှင့် ပတ်သက်၍ ဖော်ပြထားသော အကြောင်းအရာများတွင် အမှားအယွင်း တစ်စုံတစ်ရာများပါရှိနေပါက ထောက်ပြပေးပြီး အကြံပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ငှက်များသည် မွေးရာပါပင်ကိုယ်စွမ်းရည်ဖြင့် ဥအုသားမွေးရန် အသိုက်ဆောက်လုပ်နိုင်ကြသော်လည်း မှန်ကန်သော အစား အစာများကို စားသုံးတတ်ရန်နှင့် အန္တရာယ်မှပုန်းအောင်းရှောင်ရှားတတ်ရန် မိခင်ငှက်မကြီးက သင်ကြားပေးမှသာ တတ်မြောက်ကြောင်း တွေ့ရသည်။ ငှက်မျိုးအချို့တွင် အမျိုးတူငှက်များ တေးဆိုပုံကိုအတုယူ၍ ပိုမိုကောင်းမွန်စွာတေးဆိုတတ်ရန် လေ့ကျင့်သီဆိုကြောင်း တွေ့ရသည်။ ငှက်များသည် အသီးအနှံအစေ့များ၊ အင်းဆက်များ၊ ပိုးကောင်မွှားကောင်များ၊ ဖား၊ ခရု၊ ကဏန်း၊ ကြွက်နှင့် ငါးများကိုစား သောက်ကြသည်။ ငှက်အမျိုးအစားအလိုက် စားသုံးသောအစားအစာများမှာ ကွဲပြားနိုင်ပါသည်။

ဘန်ကောက်မြို့ RFCOFTC ရုံးတွင် တည်းခိုစဉ် လေ့လာမိခဲ့သော ငှက်မျိုးစိတ် ၁၁ မျိုးနှင့်ပတ်သက်သည်များအား အတတ်နိုင်ဆုံး ဖော်ပြပေးလိုက်ပါသည်-

| နိုင်ငံတကာသုံး အမည် | မြန်မာ အမည် | Order | Family | သိပ္ပံအမည် | အစားအစာ |
|---|---|---|---|---|---|
| Asian openbill | ခရုတုတ်/ ခရုစုပ် | Ciconiiformes | Ciconiidea | *Anastomus oscitans* | ခရု၊ ပတ်ကျိ၊ ရေမြွေ၊ဖား၊အင်းဆက် အကောင်ကြီးများ |
| Feral pigeon or rock pigeon | ခို | Columbiformes | Columbidea | *Columba livia* | မြက်သီးစေ့များ၊ အရည်ရွှမ်းအသီးများ၊ အင်းဆက်များ၊ ပင့်ကူ၊ စွန့်ပစ်အစားအစာများ |
| Zebra dove | ချိုး | Columbiformes | Columbidae | *Geopelia striata* | ပေါင်းမြက်အသီးအစေ့ များ၊ အင်းဆက်များ၊ ကျောရိုးမဲ့သတ္တဝါလေးများ |
| Spotted dove | ချိုးလည် ပြောက် | Columbiformes | Columbidae | *Streptopelia chinensis* | မြက်သီးစေ့များ၊စပါး စေ့များ၊သစ်သီးများ၊ သစ်စေ့များ၊အင်းဆက် များ၊ အတောင်ပါခြများ |
| Common iora | ရွှေပြည်စိုး | Passeriformes | Aegithinidae | *Aegithina tiphia* | အင်းဆက်များ |
| Scaly-breasted munia | စာပတီး/ ငှက်ပုတီး/ စာပြောက် | Passeriformes | Estrildidae | *Lonchura Punctulata* | မြက်သီးစေ့များ၊ အင်းဆက်အကောင် ငယ်များ |
| Oriental magpie-robin | သပိတ်လွယ် | Passeriformes | Muscicapidae | *Copsychus saularis* | အင်းဆက်များ၊ ကင်းခြေများ၊ကျောရိုးမဲ့ သတ္တဝါလေးများ၊ ဝတ်ရည်၊ငါး၊မျှော့၊ကျွတ် |
| Eurasian tree sparrow | စာ/ ပသျှူးစာ | Passeriformes | Passeridae | *Passer montanus* | ပေါင်းသီးစေ့များ၊ စပါး စေ့များ၊သားပေါက်ချိန် တွင်ကင်းခြေများ၊ အင်းဆက်များ၊ကျောရိုးမဲ့ သတ္တဝါလေးများ |
| Streakeared bulbul | ဖွက်စာမွဲ/ ဖွတ်ချွဲ/ဖြူ | Passeriformes | Pycnonotidae | *Pycnonotus Blanfordi* | သစ်သီးများ၊ သစ်စေ့များ၊ပန်းပွင့်များ၊ အင်းဆက်များ |
| Common myna | ဆက်ရက်/ ဇရက် | Passeriformes | Sturnidae | *Acridotheres tristis* | စပါးစေ့များ၊ အင်းဆက်များ၊ စွန့်ပစ်အစားအစာများ၊ အသီးများ |
| Copper-smith barbet | ငှက်ပန်းတိမ် | Piciformes | Ramphastidae | *Megalaima haemacephala* | အရည်ရွှမ်းအသီးများ၊ ပန်းပွင့်၊ ပွင့်ချပ်/ပွင့်ဖတ်များ၊ အင်းဆက်များ |

ငှက်များသည် လူသားများအတွက် အရေးကြီးသော ဂေဟဗေဒဝန်ဆောင်မှုများကို ထောက်ပံ့ပေးလျှက်ရှိပါသည်။ ပံ့ပိုးခြင်းဝန်ဆောင်မှုများ(Provisioning Services)အနေဖြင့် အစားအစာအတွက် အသားများရရှိခြင်း၊ ငှက်မွေးဖြင့် အဝတ်အထည်များပြုလုပ်နိုင်ခြင်း၊ မစင်များမှမြေသြဇာရရှိခြင်း၊ ထိန်းညှိခြင်းဝန်ဆောင်မှုများ(Regulatory Services)အနေဖြင့် အသေကောင်နှင့် စွန့်ပစ်ပစ္စည်းများအား ရှာဖွေစားသောက်ခြင်း၊ ကျောရိုးရှိ/ကျောရိုးမဲ့ပိုးမွှားဦးရေကို ထိန်းညှိပေးခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် သစ်စေ့များအား သယ်ယူပို့ဆောင်ပေးခြင်း၊ ရိုးရာဓလေ့ထုံးစံဝန်ဆောင်မှု(Cultural Services)အနေဖြင့် အနုပညာနှင့် ဘာသာ

ရေးလုပ်ငန်းများတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ခြင်း။ အထောက်အကူပြုခြင်းဝန်ဆောင်မှုများ (Supporting Services) မြေဆီအာဟာရဓာတ်ကွင်းဆက်များကို ထောက်ပံ့ပေးခြင်း၊ မြေဆီလွှာဖြစ်ပေါ်လာစေရန် တွန်းအားပေးခြင်းတို့ဖြစ်ပါသည်။ ငှက်မျိုးစိတ်များအား သစ်စေ့ဖြန့်ဖြူးပေးသူ (Seed disperser)၊ ဝတ်မှုန်ကူးပေးသူ (Pollinator)၊ မြေဩဇာထောက်ပံ့ပေးသူ (Nutrient depositor)၊ မြက်များစားသောက်သူ (Grazer)၊ အင်းဆက်ပိုးမွှားစားသူ (Insectivore)၊ အသားစားသူ (Raptor)၊ အပုပ်အသိုးအသေကောင်များစားသူ (Scavenger)ဟူ၍ အတန်းအစား(၈)မျိုးခွဲခြားနိုင်ပါသည်။

သွားတိုက်၊ မျက်နှာသစ်၊ ပြင်ရင်း ဆင်ရင်းဖြင့်ပင် နံနက် ၆း၁၅ နာရီရှိသွားပါပြီ။ ငှက်ကြည့်ရန် ဝရန်တာကို ထွက်လိုက်ပါသည်။ တွေ့လိုက်ပါပြီ ငှက်ကလေးများ သစ်ကိုင်းများပေါ်၊ တိုက်ခေါင်မိုးပေါ်၊ အိမ်ခေါင်မိုးပေါ်များတွင် ဟိုမှသည်မှ ကူးလူးပျံသန်းနေပါသည်။ အတွေးတစ်ခု "တိုက်တာအဆောက်အဦများသည် ငှက်များအတွက် ခိုနားရန်နှင့် အသိုက်အတွက်သာ ထောက်ပံ့ပေးနိုင်ပါသည်၊ သစ်ပင်များမှာ ခိုနားရန်နေရာ၊ အသိုက်ဆောက်ရန်နေရာနှင့် အစားအစာများပါဖန်တီးပေးသောနေရာ ဖြစ်နေပြန်ပါသည်။"

ဟော… ဒီမှာ ငှက်ကလေးတစ်ကောင် ပန်းပွင့်တစ်ပွင့်မှ တစ်ပွင့်သို့ ကူးပြောင်းနေသည်။ ဟော… ဟိုမှာ ငှက်ကြီး ရေမြောင်းထဲမှာငါးရှာနေသလား ပိုးကောင်မွှားကောင်လေးများရှာနေသလား။ တချို့ငှက်များသည် တစ်ကိုယ်တည်း။ တချို့ငှက်များသည်အဖော်နဲ့၊ အချို့သည်အုပ်စုဖွဲ့၍ သွားကြလာကြ ပျံသန်းကြ၊ နားကြ၊ အစာရှာကြ၊ စားကြနှင့် အလုပ်ရှုပ်နေကြပါသည်။ နံနက်(၈)ထိုးပါပြီ ကျွန်မလည်း အလုပ်ရုံဆွေးနွေးပွဲသွားရန် ပြင်ရဆင်ရပါတော့မည်။ မနက်ဖြန်မနက်တွင်လည်း ငှက်ကြည့်ပါအုံးမည် ငှက်များသည်လည်း ၎င်းတို့၏တာဝန်ဝတ္တရားများကိုထမ်းဆောင်ရန် လာကြအုံးမည်ဟုထင်ပါသည်။

**ကျမ်းကိုးကားစာရင်း၊**


၁။ ကျော်ညွန့်လွင်၊ ခင်မမသွင်၊ (၂၀၀၃ ခုနှစ်)၊ မြန်မာနိုင်ငံငှက်များ (Birds of Myanmar)။

၂။ http://en.wikipedia.org/wiki/bird

၃။ SekerciogluC. H. (2006).Increasing Awareness of Avian Ecological Function. TRENDS in Ecology and Evolution, Vol.21, No.8.


**စာမျက်နှာ- ၂၁ မှ**

မျိုးစိတ်(Lower Risk-LR)ဟု သတ်မှတ်ထားသော မျိုးစိတ်သည် CD နှင့်သော်လည်းကောင်း၊ NT နှင့်သော်လည်းကောင်း မကိုက်ညီပါက ၎င်းမျိုးစိတ်ကို မျိုးသုဉ်းရန်အန္တရာယ်နည်းပါးသည့်မျိုးစိတ်(Least Concern-LC)ဟုသတ်မှတ်ပါသည်။

**အချက်အလက်ပြည့်စုံမှုမရှိသည့်မျိုးစိတ် (Data Deficient-DD)**

မျိုးစိတ်တစ်ခုကို ၎င်း၏ပျံ့နှံ့မှုနှင့်ဦးရေအပေါ်အခြေခံ၍ မျိုးသုဉ်းမည့်အန္တရာယ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကဲဖြတ်ရန် အချက်အလက်များမလုံလောက်သောမျိုးစိတ်ကို အချက်အလက်ပြည့်စုံမှုမရှိသည့်မျိုးစိတ်(Data Deficient-DD)ဟုသတ်မှတ်ပါသည်။ ဤအုပ်စုတွင်ပါဝင်သော မျိုးစိတ်သည် သေချာစွာလေ့လာမှုရှိနိုင်ပြီး ၎င်း၏ဇီဝဗေဒအရ ကောင်းစွာသိရှိပြီးဖြစ်သော်လည်း ပျံ့နှံ့တည်ရှိမှု၊ ကြွယ်ဝမှုနှင့်ပတ်သက်၍ သင့်တော်သည့်အချက်အလက်မရှိပါ။ ထို့ကြောင့် DD သည် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ကြုံတွေ့နေရသည့်အုပ်စုတွင် မပါဝင်ပါ။ ဤအုပ်စုတွင်ထည့်သွင်းသည့်မျိုးစိတ်များသည် အချက်အလက်များ ပိုမိုလိုအပ်ကြောင်းကိုပြသပြီး နောင်ဆောင်ရွက်ရန် အလားအလာရှိသည့် သုတေသနလုပ်ငန်းများမှ သင့်တော်သည့်အန္တရာယ်အမျိုးအစားခွဲခြားခြင်းကို ပြသနိုင်သည်ဟု အသိအမှတ်ပြုခြင်းဖြစ်သည်။ ရှိသမျှအချက်အလက်ကို အကောင်းဆုံးအသုံးပြုရန် အရေးကြီးပါသည်။ ကိစ္စအများအပြားတွင် DD နှင့်အန္တရာယ်ကျရောက်မှုအဆင့်တစ်ခုကို ရွေးချယ်ရာတွင် ဂရုစိုက်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အကယ်၍ မျိုးစိတ်တစ်ခု၏နယ်ပယ်သည် လုံးဝလုံလောက်မှုမရှိဟုယူဆရပြီး မျိုးစိတ်အားနောက်ဆုံးမှတ်တမ်းထားမှုမှာ ကာလအတန်ကြာမြင့်သွားပြီဆိုပါက အန္တရာယ်ကျရောက်နေသည့်အဆင့် သုံးသပ်ရမည်ဖြစ်ပါသည်။

**အကဲဖြတ်ဆန်းစစ်မှုမပြုရသေးသောမျိုးစိတ်(Not Evaluated-NE)**

အပင်မျိုးစိတ်တစ်ခုသည် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသောမျိုးစိတ်(Critically Endangered-CR)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်(Endangered-EN)နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်(Vulnerable-VU)တို့သတ်မှတ်ရန်ချမှတ်ထားသော စံနှုန်းများနှင့် စစ်ဆေးခြင်းမပြုရသေးပါက ၎င်းမျိုးစိတ်အား အကဲဖြတ်ဆန်းစစ်မှုမပြုရသေးသောမျိုးစိတ်(Not Evaluated-Ne)ဟုသတ်မှတ်ပါသည်။

# မြန်မာ့ရေဝပ်ဒေသများ တိုးချဲ့ထိန်းသိမ်းခြင်း

## မုတ္တမပင်လယ်ကွေ့၏ တစ်စိတ်တစ်ဒေသအား မြန်မာနိုင်ငံ၏စတုတ္ထမြောက်ရမ်ဆာဒေသ (Ramsar Site)အဖြစ်သတ်မှတ်ခြင်း



မြန်မာနိုင်ငံသည် ထူးခြားသည့် ရေဝပ်ဒေသ(Wetland)များတည်ရှိရာ နိုင်ငံဖြစ်သည့်အလျောက် တောင်တန်းရေဝပ်ဒေသများမှသည် ကြီးမားသော ရေချိုရေဝပ်ဒေသများ။ ကန်ကြီးများ၊ ဒီရေတော၊ ရွံ့နွံလတာပြင်နှင့် သန္တာကျောက်တန်းကဲ့သို့သော ကမ်းရိုးတန်းရေဝပ်ဒေသများအထိ စုံလင်စွာရှိပါသည်။ ထိုထူးခြားလှသည့် ဂေဟစနစ်များသည် လူသားတို့မှီခိုအားထားနေရသော အစားအစာမျိုးစုံနှင့်ရေကို ထောက်ပံ့ပေးစွမ်းနိုင်သည့်အပြင် ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ၎င်းဒေသတွင်းရှိ အသက်မွေးဝမ်းကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် အခြားသော ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးပါသည်။

ရေဝပ်ဒေသဂေဟစနစ်အား အမှတ်မထင် သို့မဟုတ် မသိကျိုးကျွံပြုသည့် အနှောင့်အယှက်များစွာနှင့် ရင်ဆိုင်နေရသော မြန်မာ့ရေဝပ်ဒေများသည် ရေရှည်အကျိုးမပြုသည့် ရေထုတ်ယူသုံးစွဲခြင်း၊ စိုက်ပျိုးမြေများ ကျူးကျော်ချဲ့ထွင်ခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် ဒေသမျိုးရင်းမဟုတ်သည့်မျိုးစိတ်များ နေရာအနှံ့တိုးချဲ့ဝင်ရောက်လာခြင်း စသည့်ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရပြီး ၎င်းတို့မှ ထောက်ပံ့ပေးနိုင်သည့် လူ့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေလျက်ရှိပါသည်။



ရေပျော်ငှက်များကျက်စားရာ ကမ္ဘာ့ရေဝပ်ဒေသများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၆၀ ခုနှစ်များမှ စတင်ဆွေးနွေးခဲ့သော ရမ်ဆာကွန်ဗင်းရှင်းသည် ကမ္ဘာတွင် အရင်ဦးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီမှုတစ်ခုဟု ဆိုနိုင်ပါသည်။ ထိုဆွေးနွေးမှုများအရ ၎င်းကွန်ဗင်းရှင်းကို ၁၉၇၁ ခုနှစ်၊ အီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ အတည်ပြုနိုင်ခဲ့သည့်အတွက် ရမ်ဆာကွန်ဗင်းရှင်းဟု အမည်ပေးခဲ့ပါသည်။ ထိုကွန်ဗင်းရှင်းမှ နိုင်ငံတကာအဆင့်အရေးပါသည့် ရေဝပ်ဒေသ သတ်မှတ်နိုင်ရေးအတွက် စံချိန်စံညွှန်းများကို ချမှတ်ထားရှိခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများမှ ထိုစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများကိုဖော်ထုတ်၍ ရမ်ဆာဒေသ(Ramsar Site)အဖြစ်တရားဝင်သတ်မှတ်ရပါသည်။



ယခုအခါ ကမ္ဘာပေါ်ရှိရေဝပ်ဒေသ ၂၂၀၀ ကျော်အား ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောနှင့် ဧရာတိုင်းဒေသကြီးရှိ မိန်းမလှကျွန်းတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောများကို ရမ်ဆာဒေသများအဖြစ်သတ်မှတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၁၇ခုနှစ် မေလ(၁၀)ရက်နေ့တွင်လည်း မုတ္တမပင်လယ်ကွေ့ဒေသ၏ မြောက်ဘက်အပိုင်းကိုလည်း မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ရမ်ဆာဒေသအဖြစ် သတ်မှတ်ခဲ့ပါသည်။ မေလ(၁၀)ရက်နေ့သည် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day)လည်း ဖြစ်ပါသည်။ ဧရိယာအားဖြင့် ၄၅,၀၀၀ ဟက်တာခန့်ကျယ်ဝန်းသော ၎င်းရမ်ဆာဒေသသည်

မွန်ပြည်နယ် စစ်တောင်းမြစ်ဝမှစ၍ ကျိုက်ထိုနှင့် ဘီလင်းမြို့နယ် အရှေ့ဘက်မြစ်ဝှမ်းဒေသ ကမ်းခြေတစ်လျှောက် ကျယ်ပြန့်ပါသည်။ ဤဒေသသည် ရမ်ဆာမှသတ်မှတ်ထားသည့် ရမ်ဆာရေဝပ်ဒေသ စံချိန်စံညွှန်း(၉)ချက်အနက် (၆)ချက်နှင့်ကိုက်ညီသောဒေသဖြစ်ပါသည်။ မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်ရှိမြစ်ဝှမ်းများအနက် ထူးခြားစွာ သက်ဝင်လှုပ်ရှားပြောင်းလဲနေသော မြစ်ဝှမ်းဒေသတစ်ခုဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိရွှံ့နွံ့ထူထပ်သည့် လတာပြင်များအနက် အကြီးမားဆုံးသော လတာပြင်တစ်ခုဖြစ်ပါသည်။ ဤသို့ တစ်မူထူးခြားနေသည့်အတွက်ကြောင့်လည်း ကမ္ဘာ့အဆင့် တန်ဖိုးထားထိန်းသိမ်းကာကွယ်ရမည် ဖြစ်ပါသည်။

ရန်ကုန်းသံလွင်နှင့် စစ်တောင်းမြစ်တို့မှ အနည်အနှစ်များနှင့် အာဟာရဓာတ်များရရှိသည့် ဤပင်လယ်ကွေ့ဒေသသည် ကျောရိုးမဲ့သတ္တဝါများပေါကြွယ်ဝစေကာ ဆောင်းခိုငှက်(၁)သိန်းခွဲခန့်ကို အစာရေစာပေးဝေနိုင်ပါသည်။ ဤပင်လယ်ကွေ့ဒေသသည် မျိုးသုန်းရန်အန္တရာယ်ရှိသည့် ရေညှောင့်နှုတ်ပိုင်းငှက်များ ဆောင်းခိုရာ ကမ္ဘာ့အရေးကြီးဆုံးသောနေရာများအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဤဒေသသည် တစ်ကမ္ဘာလုံး ရေညှောင့်နှုတ်ပိုင်းငှက်ကောင်ရေ၏ တစ်ဝက်ခန့်ကို ဆောင်းခိုခွင့်ပြုသည့်နေရာ ဖြစ်သည့်အပြင်၊ ရေလုပ်သားထောင်ပေါင်းများစွာ၏ အသက်မွေးဝမ်းကြောင်းကို အထောက်အပံ့ပေးသော နေရာတစ်ခုလည်းဖြစ်ပါသည်။ သို့ရာတွင် မုတ္တမပင်လယ်ကွေ့ဒေသသည် ခြိမ်းခြောက်မှုပေါင်းစုံနှင့် ရင်ဆိုင်နေရသည့် အခြေအနေသို့ရောက်ရှိနေပါသည်။ တရားမဝင်သေးငယ်သည့် ငါးဖမ်းပိုက်များအသုံးပြု၍ ငါးအရွယ်ပေါင်းစုံသာမက သားပေါက်များကိုပါ အလွန်အကျွံ ဖမ်းဆီးမှုများကြောင့် လွန်ခဲ့သောနှစ်ပေါင်း(၁၀)နှစ်ကျော်ခန့်မှစတင်၍ ငါးဖမ်းဆီးရရှိမှုအခြေအနေမှာလည်း (၅၀)ရာခိုင်နှုန်းမှ (၉၀)ရာခိုင်နှုန်းအထိလျော့ကျလာခဲ့ပါသဖြင့် တစ်နိုင်တစ်ပိုင် ရေလုပ်သားများအနေဖြင့် အခြားလုပ်ငန်းကို ပြောင်းလုပ်ရခြင်းနှင့် ရွှေ့ပြောင်းလုပ်သားအဖြစ် အသက်မွေးဝမ်းကြောင်းလုပ်ကိုင်နေရပါသည်။ ဤသို့ ငါးသယံဇာတလျော့နည်းကျဆင်းလာမှုများအား အချိန်မီအရေးယူ ကိုင်တွယ်ဖြေရှင်းခြင်းမပြုနိုင်ပါက ဤကမ်းရိုးတန်းဒေသ၏ ငါးဖမ်းဆီးရရှိမှုနှင့် စီးပွားရေးအခြေအနေမှာလည်း ပိုမိုကျဆင်းလာလိမ့်မည်ဖြစ်ပါသည်။ ထို့အတူ ဆောင်းခိုငှက်များမှာလည်း ဖမ်းဆီးခံရမှုများနှင့် ကြုံတွေ့လျက်ရှိပါသည်။

အဆိုပါဒေသအား ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဒေသခံများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် Swiss Agency for Development and Cooperation (SDC)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် "မုတ္တမပင်လယ်ကွေ့ဒေသ ရပ်ရွာအခြေပြု ကမ်းရိုးတန်း စီမံခန့်ခွဲမှု စီမံချက်"ကို အကောင်အထည်ဖော်နေသည့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့မှ အကြံပြုဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုခြင်းအရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမည်စာရင်းတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းစီမံကိန်းမှ မုတ္တမပင်လယ်ကွေ့အား ရေရှည်တည်တံ့စွာ အမျှော်အမြင်ရှိရှိ အသုံးချရေးမှုနှင့်အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်းကို ပံ့ပိုးပေးလျက်ရှိပါသည်။ ဤရမ်ဆာဒေသ၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အစိုးရမှသတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေမဟုတ်သည့် ဧရိယာတွင် သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ဤရမ်ဆာဒေသအား ဒေသအစိုးရ၊ ဒေသခံများနှင့် INGO/ NGO များ ပူးပေါင်း၍ ရမ်ဆာစံချိန်စံညွှန်းနှင့်အညီ စီမံအုပ်ချုပ်သည့် ရမ်ဆာနယ်မြေအဖြစ် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရမ်ဆာကွန်ဗင်းရှင်းရုံးအဖွဲ့မှ Dr. Lew Young၊ Senior Advisor for Asia-Oceania ကလည်း ရမ်ဆာကွန်ဗင်းရှင်းအနေဖြင့် မုတ္တမပင်လယ်ကွေ့ဒေသ၏ အရှေ့ဘက်ခြမ်းကိုလည်း ရမ်ဆာဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီးစီးမှုကို နှစ်လိုအားရစွာဖြင့် မြင်တွေ့လိုပါကြောင်း၊ ဤဒေသသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လတာပြင်ဖြစ်ပြီး ဤကဲ့သို့သော ဂေဟစနစ်မှာလည်း လယ်ယာမြေနှင့် အခြားမြေအဖြစ် ပြောင်းလဲအသုံးချခြင်းများကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်လည်းကောင်း ကမ္ဘာတစ်ဝန်းတွင် ပျက်ဆီးယိုယွင်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ရမ်ဆာဒေသအဖြစ် သတ်မှတ်နိုင်ခြင်းသည်လည်း မြန်မာနိုင်ငံအနေဖြင့် ပြည်သူနှင့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသောဂေဟစနစ်များ၊ ၎င်းတို့၏ဝန်ဆောင်မှုများကို ကာကွယ်ထိန်းသိမ်းမည်ဆိုသည့် ကတိကဝတ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်သူတို့၏ အသက်မွေးဝမ်းကြောင်းအတွက် အရေးပါမှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စီမံအုပ်ချုပ်မှု အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့လိုပါကြောင်း သတင်းပါးခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ရမ်ဆာဒေသ (Ramsar Site)အဖြစ် သတ်မှတ်နိုင်ခြင်း အထိမ်းအမှတ် အခမ်းအနားကိုလည်း ၂၀၁၇ ခုနှစ်၊ မေလ(၃၀)ရက်နေ့က International Union for Conservation of Nature (IUCN)နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ မွန်ပြည်နယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

# သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဆွေးနွေးခဲ့သမျှ မှတ်မှတ်ရရ



ဗယ်ဂျာ

## ဘာတွေကို ဘယ်နှစ်ရာခိုင်နှုန်းထိန်းကြမလဲ

ကြွရောက်လာတဲ့ ပရိသတ်ကြီး။ ဘယ်လိုလဲ ခင်ဗျာ။ ထိန်းကြမလား။ (ပရိသတ်ဖြေ- ထိန်းကြရမှာပေါ့ခင်ဗျာ။ ထိန်းပါ့မယ်။)

ဘယ်နှစ်ရာခိုင်နှုန်း ထိန်းရမှာပါလဲခင်ဗျာ။(ပရိသတ်ဖြေ- ၁၀၀ ရာခိုင်နှုန်းထိန်းကြရမှာပါခင်ဗျာ။) မှန်ပါတယ်။ ဆွေးနွေးပွဲအစမှာပြောခဲ့သလို ကျွန်တော်တို့လူသားတွေဟာ အသက်ရှင်ရပ်တည်ရေးအတွက် သဘာဝဝန်းကျင်အပေါ်မှာ ၁၀၀ ရာခိုင်နှုန်းမှီခိုနေတာကြောင့် ၁၀၀ ရာခိုင်နှုန်းထိန်းကြရမယ်ဆိုတာကို ပရိသတ်ကြီး သဘောပေါက်လက်ခံသွားပြီဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

သစ်ပင်၊ သစ်တောတွေကို ထိန်းကြမယ်ဆိုတော့ အဲဒီသစ်ပင်၊ သစ်တောတွေ သက်သက်ကိုချည်း ထိန်းလို့တော့ မရပါဘူး။ သစ်ပင်၊ သစ်တောတွေပေါက်ရောက်နိုင်တဲ့ ပတ်ဝန်းကျင်အခြေအနေကိုပါ ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။ သစ်ပင်၊ သစ်တောတွေကို ထိန်းသိမ်းလျှက်ရှိပြီး၊သစ်ပင်တွေမျိုးဆက်ပြန့်ပွားရေးကို ကူညီနေတဲ့ တောတိရစ္ဆာန်တွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ တောတိရစ္ဆာန်ငယ်ကလေးတွေဖြစ်တဲ့ အင်းဆက်ပိုးမွှားတွေ၊ ပျားပိတုန်းတွေ၊ လိပ်ပြာတွေ၊ ငှက်တွေဟာ သစ်ပင်တွေ မျိုးဆက်ပြန့်ပွားနိုင်ဖို့အတွက် ဝတ်မှုန်တွေကူးပေးနေတာ၊ အချို့သော အပင်တွေ (ဥပမာ- ညောင်၊ စန္ဒကူး စသည်တွေ)ဟာ အကောင်ငယ်ကလေးတွေကြောင့် ပြန့်ပွားပေါက်ရောက်ရတာ စသည်ဖြင့်တွေရှိရမှာ ဖြစ်ပါတယ်။ ညောင်ပင်တစ်ပင်အောက်မှာ ညောင်စေ့တွေ ပလဲနေအောင် ပွထနေတာမြင်ဘူးပါလိမ့်မယ်။ အဲဒီညောင်စေ့တွေထဲကနေ အပင်ပေါက်နေတာ တွေ့ဘူးပါသလား။ (ပရိသတ်ဖြေ-မတွေ့ဘူးပါ။) ဒါဆို အဲဒီညောင်ပင်ပေါက်တွေ ဘယ်မှာတွေ့ဘူးပါသလဲ ခင်ဗျာ။ (ပရိသတ်ဖြေ-ဘုရားကြို ဘုရားကြား၊ ကျောင်းကြိုကျောင်း ကြားမှာပေါက်ပါတယ်) ဘယ်သူတွေကလာစိုက်ထားပါသလဲ ခင်ဗျာ။ (ပရိသတ်ဖြေ-ငှက်ကလေးတွေ၊ တိရစ္ဆာန်ငယ်ကလေးတွေ သစ်စေ့တွေစားလာပြီး မစင်စွန့်ရာက အပင်လေးတွေ ပေါက်လာတာဖြစ်ပါတယ်။) မှန်ပါတယ်ခင်ဗျာ။ သဘာဝအတိုင်းလည်း မဖြစ်ထွန်း၊ ကျွန်တော်တို့လူသားတွေ ကြိုးစားစိုက်တော့လည်း ဖြစ်ထွန်းမှုနည်းပေမယ့် အဲဒီလိုတောတိရစ္ဆာန်တွေရဲ့အကူအညီနဲ့မှပေါက်တဲ့ သစ်ပင်မျိုးတွေသဘာဝမှာ များစွာရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့လူသားတွေ အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သစ်ပင်၊ သစ်တောတွေ၊ တောတိရစ္ဆာန်တွေနဲ့ ၄င်းတို့ရဲ့ပတ်ဝန်းကျင်တွေကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းကြရမယ်ဆိုတာ ထင်ရှားပါတယ်။ သစ်ပင်၊ သစ်တောတွေ လုံးဝပျောက်ကွယ်သွားရင် ကျွန်တော်တို့လူသားတွေ၊ တိရစ္ဆာန်တွေ တစ်ကောင်တစ်မြီး၊ တစ်ယောက်တစ်လေမျှ အသက်ရှင်သန်နေနိုင်တော့မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ပရိသတ်ကြီးက စောဒကတက်စရာရှိပါတယ်။ သစ်ပင်၊ သစ်တောတွေ လုံးဝပျောက်ကွယ်တာ မဖြစ်နိုင်ပါဘူးလို့ပေါ့။ သစ်ပင်၊သစ်တောတွေ လုံးဝပျောက်ကွယ်တာ မဖြစ်ခင် သစ်ပင်၊ သစ်တောတွေ လျော့ပါးလာနေတာတော့ ကျွန်တော်တို့လူသားတွေငြင်းနိုင်မှာ မဟုတ်ပါဘူး။ သစ်ပင်၊ သစ်တောတွေ လုံးဝမရှိတော့ရင် ကျွန်တော်တို့လူ၊ တိရစ္ဆာန်တွေ အသက်ရှင်မနေနိုင်ဘူးဆိုရင် သစ်ပင်၊ သစ်တောတွေနည်းပါးလာခြင်း၊ လျော့ပါးလာခြင်းကြောင့်လည်း ကျွန်တော်တို့တစ်တွေ အသက်ရှင်သန်ဖို့ ပိုမိုခက်ခဲလာမယ်ဆိုတာ အလွယ်တကူတွက်လို့ရပါတယ်။ ယခုလက်ရှိ ကမ္ဘာမှာကြုံတွေ့နေကြရတဲ့ စားနပ်ရိက္ခာရှားပါးမှုပြဿနာ၊ နေထိုင်မှုဘဝခက်ခဲလာတဲ့ ပြဿနာတွေရဲ့ အခြေခံဟာ သဘာဝပတ်ဝန်းကျင်အခြေအနေ ယိုယွင်းလာမှုရဲ့ အကျိုးဆက်ဖြစ်တဲ့ သစ်ပင်၊သစ်တောတွေ လျော့နည်းလာတာကြောင့် ဖြစ်ရတယ်ဆိုတာ အထင်အရှားပဲဖြစ်ပါတယ်။ ဒါကြောင့် ကြွရောက်လာကြတဲ့ အစ်ကို၊ အစ်မ၊ ညီ၊ ညီမများ အနေနဲ့ သစ်ပင်၊သစ်တောတွေနှင့်တကွ သဘာဝပတ်ဝန်း

ကျင်တွေကို ဝိုင်းဝန်းထိန်းသိမ်းကြမယ်လို့ မျှော်လင့်ပါတယ်။

## ဘယ်လိုထိန်းကြမလဲ

သစ်ပင်၊ သစ်တောတွေနှင့်တကွ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းကြမယ်ဆိုတော့ မသုံးကြတော့ဘူးလား။ သစ်ပင်၊ သစ်တောနဲ့သယံဇာတတွေကို မထိကြတော့ဘူးလား။ မေးစရာရှိပါတယ်။ မျှစ်တွေ မချိုးကြတော့ဘူးလား။ မှိုတွေမစုဆောင်းကြတော့ဘူးလား။ ထင်းတွေမခုတ်ကြတော့ဘူးလား။(ပရိသတ်ဖြေ–ဘယ်ဖြစ်နိုင်မလဲ။မိမိတို့စားဝတ်နေရေးအတွက် ထုတ်ယူသုံးစွဲကြရပါမယ်။)

မှန်ပါတယ်။ သဘာဝကပေးထားတဲ့ သယံဇာတတွေဟာ လူ၊ တိရစ္ဆာန် စတဲ့သက်ရှိတွေ အသက်ရှင်ရပ်တည်ဖို့ပေးထားတဲ့ သဘာဝရဲ့လက်ဆောင်တွေပါ။ သုံးရမှာပါ။ ဒါပေမယ့် တစ်ဖက်ကလည်း ထိန်းဖို့လိုအပ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီတော့ကာ ထိန်းလည်းထိန်းရမယ်။ သုံးလည်း သုံးရမယ်ဆိုတော့ ဘယ်လိုလုပ်ကြမလဲ။ (ပရိသတ်ဖြေ–ထိန်းပြီးသုံးရပါမယ်။)

## အတိုးကိုသုံးရပါမယ်

ဖြေတာတော့မှန်ပါတယ်။ ဒါပေမယ့် ပိုပြီးတိတိကျကျပြောဖို့၊ သတ်မှတ်ဖို့လိုပါလိမ့်မယ်။ သုံးတော့သုံးရမှာပေါ့။ ဘယ်လိုသုံးကြမလဲ။ နည်းလမ်းလည်း ရှာကြရပါမယ်။ ကျွန်တော်တင်ပြသွားမယ့် နည်းလမ်း(၃)သွယ်ထဲက ပထမနည်းလမ်းကတော့ အတိုးကိုသာသုံးစွဲခြင်းဖြစ်ပါတယ်။ လူကြီးမင်း အစိုးရအောင်ဘာလေသိန်းထီဆု သိန်း ၁၅၀၀ ပေါက်တယ်ဆိုပါတော့။ အဲဒီပိုက်ဆံတွေကို ထီရုံးကနေထုတ်ယူလာပြီး အိမ်ကသေတ္တာကြီးထဲ''ဘုံးကနဲ''ပစ်ထည့်။ တစ်နေ့ကို တစ်ထောင်သုံးသုံး၊ တစ်သောင်းသုံးသုံး တစ်နေ့ကုန်မှာလား။ မကုန်မှာလား။ (ပရိသတ်ဖြေ–ကုန်မှာပေါ့ဗျာ)

မှန်ပါတယ်။ တစ်နေ့တော့ မလွဲမသွေကုန်မှာပေါ့။ ဒီလိုမဟုတ်ဘဲထုတ်ယူလာတဲ့ ဆုငွေသိန်း ၁၅၀၀ ကို ဘဏ်မှာအပ်။ တစ်လကို အတိုးငွေတစ်သိန်းရတယ်ဆိုပါတော့။ အဲဒီတစ်သိန်းကိုဘဲ လောက်ငအောင်ချွေတာပြီး သုံးနေရင် အဲဒီသိန်း ၁၅၀၀ ကုန်ပါဦးမလား။ (ပရိသတ်ဖြေ–မကုန်တော့ပါဘူး။)

အဲဒီမကုန်တဲ့ သိန်း ၁၅၀၀ ကို ကိုယ့်သား သမီးတွေအမွေပေးနိုင်ပြီပေါ့။ သားသမီးတွေကရတဲ့ အတိုးလေးကိုပဲ ဆက်သုံးနေမယ်ဆိုရင် ကိုယ့်မြေးလေးတွေအထိ အဲဒီအမွေကို လက်ဆင့်ကမ်းနိုင်ပြီပေါ့ဗျာ။ မိမိတို့ပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝသယံဇာတအများစုဟာ ဘဏ်မှာအပ်ထားတဲ့ သိန်း ၁၅၀၀ တွေပါ။ အတိုးကိုပဲသုံးခဲ့ကြမယ်ဆိုရင် အခုလိုဆွေးနွေးပွဲတွေလုပ်ပြီး ဟောပြောရတာတွေ လိုလာမှာမဟုတ်ပါဘူး။ အတိုးကိုပဲမသုံးခဲ့ကြဘဲ မိမိတို့မဆင်မခြင်သုံးခဲ့ကြတဲ့အတွက် အရင်းတွေပါ ပါကုန်တာ သေချာတာမို့ အခုလိုလာရောက်ပြီး ဆွေးနွေးပြောကြားနေရတာဖြစ်ပါတယ်။

အဲဒီတော့ ပိုက်ဆံ၊ ငွေကြေးအနေနဲ့တော့ အတိုးကိုတွက်လို့ရတာပေါ့။ ပတ်ဝန်းကျင်မှာတွေ့ရတဲ့ သယံဇာတတွေ (အထူးသဖြင့် အပင်တွေ)မှာ ဘယ်ဟာကို အတိုးလို့ခေါ်မလဲ။ အတိုးကိုသိဖို့အတွက် အစ်ကို၊ အစ်မတို့မှာ စဉ်းစားတွေးခေါ်နိုင်တဲ့ ဉာဏ်ရည်တွေကို သဘာဝတရားကြီးက ဖန်ဆင်းပေးထားပြီးဖြစ်ပါတယ်။ မိမိရဲ့တစ်ကိုယ်ရည်လိုအပ်ချက်၊ မိသားစုလိုအပ်ချက်အတွက် သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ မိမိလိုချင်၊ ရယူချင်တာကိုဘဲ အာရုံစိုက်ပြီးထုတ်ယူကြရင် အရင်းတွေပါ ပါကုန်မှာဖြစ်ပါတယ်။ မိမိရယူပြီးနောက် ကျန်ခဲ့မယ့် သဘာဝသယံဇာတတွေရဲ့ အခြေအနေကို ကြည့်ရမှာဖြစ်ပါတယ်။ ကျန်ခဲ့မယ့်သယံဇာတတွေက မပျက်မစီးဘဲ ကောင်းမွန်စွာဖြင့် ဆက်လက်ရှင်သန်ပွားများဖို့ အခြေအနေကောင်းနဲ့ ကျန်ခဲ့ဖို့လိုပါတယ်။ ဥပမာ– မိမိအိမ်အတွက် ထင်းပဲလိုလို၊ တိုင်ပဲလိုလို၊ မျောပဲလိုလိုခုတ်ရမယ့် သစ်ပင်ကို ရွေးချယ်တဲ့နေရာမှာ ကျပ်ညပ်နေတဲ့ သစ်ပင်အုပ်စုရှိတဲ့နေရာမှ ကြားထဲက သစ်ပင်လေးတွေကို ရွေးချယ်ခုတ်ယူမယ်ဆိုရင်တောကိုပြုစုပေးသလို တောင်ဖြစ်ပြီး အတိုးကိုသုံးစွဲတာဖြစ်ပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ ထီးတည်းရှိနေတဲ့ အပင်ကို ခုတ်လှဲမိရင်တော့ အရင်းတွေပါ ပါသွားမှာ ဖြစ်ပါတယ်။ အသီး၊အပွင့်လိုချင်လို့ အသီး၊အပွင့်သက်သက်ခူးယူတာ ပြဿနာမဟုတ်ပေမယ့် အသီး၊အပွင့်ရဖို့အတွက် အပင်တစ်ပင်လုံးကို ခုတ်လှဲပစ်မယ်ဆိုရင်တော့ နောက်လာနောက်သားအတွက် ချန်ထားရမယ့်အရင်းတွေပါ ပါကုန်မှာဖြစ်ပါတယ်။ ရှားပါးတဲ့တိရစ္ဆာန်၊ သားထိန်းတိရစ္ဆာန်နဲ့ ကိုယ်ဝန်ဆောင်တိရစ္ဆာန်တွေကိုရှောင်ရှားပြီး အမဲလိုက်တာ၊ သတ်မှတ်စည်းကမ်းချက်တွေနဲ့အညီ ငါးဖမ်းတာတွေဟာ အတိုးကိုသာ စားသုံးခြင်းဖြစ်တယ်လို့ ခံယူလို့ရပေမယ့် ရှားပါးတဲ့တိရစ္ဆာန်တွေ၊ သားထိန်းတိရစ္ဆာန်တွေ၊ ကိုယ်ဝန်ဆောင်တိရစ္ဆာန်တွေ ဖမ်းဆီးတာ၊ ငါးတွေကို ဘက်ထရီရှော့တိုက်ဖမ်းဆီးတာ၊ ဆေးချတာ၊ ဒိုက်နမိုက်သုံးငါးဖမ်းတာ စတာတွေဟာ အရင်းတွေကိုပြုတ်ပြုတ်ပြုန်းအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အချို့သော လွန်ကျူးမှုတွေကိုအရေးယူဆောင်ရွက်ဖို့ ဌာနဆိုင်ရာတွေက လက်လှမ်းမမီပါဘူး။ ကျေးရွာက ဩဇာတိက္ကမရှိတဲ့ ရပ်ရွာအကြီးအကဲများက ညှိနှိုင်းကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်ပေးမှသာ အောင်မြင်နိုင်မယ့် အလုပ်တွေဖြစ်ပါတယ်။

## ချွေတာရမယ်

ထိန်းသိမ်းဖို့ ဒုတိယနည်းလမ်းကတော့ ချွေတာ

ခြင်းဖြစ်ပါတယ်။ သဘာဝသယံဇာတတွေ ပေါပေါများများရှိစဉ်တုန်းကတော့ အတိုးကိုသုံးစွဲရုံမျှနဲ့ လုံလောက်နိုင်ပေမယ့် သဘာဝသယံဇာတတွေ ရှားပါးလာပြီဖြစ်တဲ့ အခုလိုအခါသမယမှာတော့ ချွေတာသုံးစွဲဖို့လည်း လိုအပ်လာနေပြီ ဖြစ်ပါတယ်။ မကုန်သင့်တာတွေကို လွယ်လင့်တကူ မကုန်ရအောင် သယံဇာတတွေကို သုံးစွဲတိုင်းမှာ မဖြုန်းတီးမိစေဖို့ အထူးဂရုပြုသုံးစွဲကြဖို့ တိုက်တွန်းလိုပါတယ်။ ဥပမာ စားသောက်စရာတွေ ချက်ပြုတ်ဖို့အတွက် ထင်းကိုသုံးစွဲတဲ့နေရာမှာ ထင်းကုန်များတဲ့ သုံးချောင်းထောက်မီးဖိုများကို အသုံးပြုခြင်း မပြုကြဘဲ ထင်းကုန်သက်သာတဲ့ စွမ်းအားမြှင့်မီးဖိုတွေ၊ ထင်းအစား အခြားလောင်စာသုံးလို့ရတဲ့ (ဥပမာ– စပါးခွံမီးဖိုတွေ)သုံးစွဲကြခြင်းဖြင့် သဘာဝသယံဇာတ တစ်မျိုးဖြစ်တဲ့ ထင်းကိုချွေတာရာ ရောက်ပါတယ်။

ဒီနေရာမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းက ကျေးရွာလေးတစ်ရွာမှာ ဆွေးနွေးပွဲ ကျင်းပစဉ်က ကရင်လူမျိုး ဖထီးတစ်ယောက် ပြန်လည်ဆွေးနွေးတာလေးကို တင်ပြရင်း ကျွန်တော့ဘဝ တစ်သက်တာ ချွေတာနေထိုင်ပုံကလေးကို တင်ပြလိုပါတယ်။ ဖထီးက ပြောပါတယ် "ဆရာက ချွေတာခိုင်းပြန်ပြီတဲ့..."၊ "ကိုယ်တိုင်က မကျင့်သုံးဘဲ ပြည်သူကိုလျှော့စားခိုင်းတာဆိုရင်တော့ လွန်တယ်လို့ ပြောရမှာပေါ့။ ကိုယ်တိုင်မဆောင်ရွက်နိုင်တဲ့ အကျင့်ကို အများပြည်သူကို ကျင့်ခိုင်းရင် မသင့်တော်ပေမယ့် ကိုယ်တိုင်က ကျင့်ခဲ့တဲ့ အကျင့်ဆိုရင်တော့ ပြောခွင့်ရှိသည်ဟု ယူဆပါကြောင်း။ သေချာတာကတော့ ဖထီးတို့ကိုချွေတာခိုင်းတဲ့ ကျွန်တော်ကတော့ ကိုယ်တိုင်ချွေတာသူဖြစ်၍လိပ်ပြာသန့်စွာ ပြောပါကြောင်း၊ ကျွန်တော်သည် ၁၉၉၇ခု နှစ်ခန့်မှစ၍ မိမိထမင်းစားပန်းကန်အတွင်းမှ အစားအစာများကို အလဟဿလွှင့်ပစ်ခဲ့မှုမျိုး လုံးဝမရှိပါကြောင်း၊ ထမင်းစေ့ တစ်စေ့ မကျန်စားခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ်မှစ၍ တောရိုင်းတိရစ္ဆာန် အသားများ လုံးဝမစားခဲ့ပါကြောင်း၊ ငါးတစ်ကောင်၊ နှစ်ကောင်စားလျှင် ဗိုက်ဝပြီ ဖြစ်သဖြင့် ငါးကောင်ရေ ထောင်သောင်းချီ စားသည့်၊ ငါးဥစားသည့် ဓလေ့ကိုလည်း ရှောင်ကြဉ်ခဲ့ပါကြောင်း၊ ချမ်းအေးသောရာသီတွင် မီးလှုံသည့် ဓလေ့ကိုလည်း စွန့်လွှတ်ခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်ခန့်မှစ၍ ညစာကို လက်သီးဆုပ်တစ်ဆုပ်စာခန့်သာ စားသုံးခဲ့ပါကြောင်း၊ အခုအခါမှာ မနက်စာနှင့်ညစာကို ဆန်ပြုတ်သောက်လျက်ရှိပါကြောင်း၊ နေ့လည်စာတစ်ခုသာ ပြည့်ပြည့်ဝဝစားသောက်လျက်ရှိပါကြောင်း၊ ကျွန်တော် ကိုယ်တိုင် ယင်းသို့ချွေတာခဲ့ခြင်းဖြစ်သဖြင့် ကျွန်တော့်အနေနှင့် ဖထီးတို့ကိုချွေတာရန်ပြောထိုက်သည်ဟုထင်ပါကြောင်း" ပြန်လည်ပြောကြားခဲ့ပါသည်။

## ပြန်လည်ဖြည့်တင်းကြမယ်

သယံဇာတများကို ထိန်းသိမ်းနိုင်ရေးအတွက် တတိယအချက် သို့မဟုတ် နောက်ဆုံးအချက်အနေနှင့် အနာဂတ်ကာလတွင် ဖောဖောသီသီ သုံးစွဲနိုင်ရေး ပြန်လည်ပြည့်ဖြိုးနိုင်သည့် သဘာဝသယံဇာတများကို ပြန်လည်ဖြည့်တင်းကြရန်၊ ဥပမာ သစ်ပင်သစ်တောများ စိုက်ပျိုးတည်ထောင်ကြရန် အကြံပြုဆွေးနွေးခဲ့ပါသည်။ ထို့အပြင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများသည် **"ထာဝရကုသိုလ်"** ရရှိစေသည့် အောက်ဖော်ပြပါ ကုသိုလ်အမျိုးအစားဝင်များဖြစ်ပါကြောင်း တင်ပြပါသည်–

ထာဝရကုသိုလ် (၆)မျိုး
၁။ရေချမ်းစင်တည်ခြင်း၊
၂။ရေတွင်းရေကန်တူးခြင်း၊
၃။လမ်း၊တံတားဖောက်လုပ်ခြင်း၊
၄။ဇရပ်၊ကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊
၅။အရိပ်ရပင်၊စားသုံးသီးပင်စိုက်ခြင်း၊
၆။ပန်းဉယျာဉ်စိုက်ခြင်း၊

သို့ဖြစ်၍ ငွေကြေးကုန်ကျမှုသိပ်မရှိသော သို့မဟုတ် လုံးဝမရှိသော သစ်ပင်ကြီးများ စိုက်ပျိုးခြင်းသည် နေစရာအရိပ်နှင့် စားစရာသစ်သီး၊ သစ်ဥ၊ သစ်ဖုတို့ကိုပေးသဖြင့် ငွေကြေးများစွာ အကုန်အကျခံ၍ ဆောင်ရွက်ရသည့် ဇရပ်၊ ကျောင်းဆောက်သလို၊ ရေတွင်း၊ ရေကန်တူးသလို ထာဝရကုသိုလ်ကို(၂)မျိုးမျှပင် ရရှိပါသဖြင့် ဆောင်ရွက်ထိုက်သည့် ကုသိုလ်မျိုးဖြစ်ပါကြောင်း၊ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ထာဝရကုသိုလ်ရယူကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။ ငွေကြေးချို့တဲ့သူများအနေနှင့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို စိုက်လိုက်မတ်တတ် ဆောင်ရွက်ကြခြင်းဖြင့် ငွေကြေးချမ်းသာသူများ ရေတွင်းရေကန်တူးသလို၊ ဇရပ်ကျောင်းကန် ဆောက်သလိုတန်းတူညီမျှသည့် ထာဝရကုသိုလ်များရရှိနိုင်မှာဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

## ထာဝရအကုသိုလ်

သစ်ပင်စိုက်ခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ရရှိသော အလုပ်များဖြစ်သကဲ့သို့ မမှန်မကန်ဆောင်ရွက်မှုဖြင့် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးလျက်ရှိသူများအဖို့မူ ထာဝရကုသိုလ်အစား ထာဝရအကုသိုလ်ရမှာ ဖြစ်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သစ်ပင်၊ သစ်တောကြီးများကို မိမိ၏တစ်ဦးတည်း ကိုယ်ကျိုးအလို့ငှါ ခုတ်ထွင်ဖျက်ဆီးမှုကြောင့် ဖြစ်ပေါ်လာသော ယင်းသစ်ပင်၊ သစ်တောများကိုမှီခိုနေသည့် သက်ရှိသတ္တဝါ (လူနှင့်တိရစ္ဆာန်)တို့၏ ဒုက္ခသည်တစ်ရက်၊ တစ်မနက်ဒုက္ခ မဟုတ်ပါကြောင်း၊ ရေရှည်ခံစားရသော ဒုက္ခဖြစ်၍ အဆိုပါသစ်ပင်၊ သစ်တောများ ခုတ်ထွင်ရှင်းလင်းသူ၊ သယ်ဆောင်သူ၊ ခွင့်ပြုသူ

အားလုံးသည် ထာဝရအကုသိုလ်ကို ကျူးလွန်သူများဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

သို့ဖြစ်ပါ၍ လူသားနှင့် တိရစ္ဆာန်တို့ အသက်ရှင်သန်ရေး မှီခိုအားထားနေရသောလေများကို သန့်စင်ပေးသည့်၊ ရေများကို စုဆောင်းပေးသည့်၊ အစားအစာများ ထုတ်လုပ်ပေးသည့် သစ်ပင်၊ သစ်တောများနှင့် အဆိုပါ သစ်ပင်၊ သစ်တောများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနေသည့် သစ်ပင်၊ သစ်တောများအနီးဝန်းကျင်ရှိ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်ကို မိမိတို့အကျိုးနှင့် မျိုးဆက်သစ်များ အကျိုးအတွက် ပိုင်းဝန်းထိန်းသိမ်းပေးကြရန် ယင်းသို့ထိန်းသိမ်းကြရာတွင် သဘာဝသယံဇာတများကို အတိုးကိုသာသုံးစွဲကြရန်၊ ချွေတာ သုံးစွဲကြရန်နှင့် အရင်းများတိုးပွားလာရေးအားထုတ်လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းရင်း ဆွေးနွေးပွဲကို နိဂုံးချုပ်အပ်ပါသည်။

ဒေသခံပြည်သူတို့၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဖြေရှင်းတင်ပြချက်များ ဆွေးနွေးပွဲကျင်းပခဲ့သည့် နေရာ ဌာနအသီးသီးတွင် ဆွေးနွေးပွဲကျင်းပပြီးနောက် ဒေသခံပြည်သူလူထု၏ အောက်ဖော်ပြပါ ဆွေးနွေးတင်ပြချက်များအပေါ်တွင်လည်း ဖော်ပြပါအတိုင်း ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည် –

**တနင်္သာရီတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်စဉ် တပ်ရင်းတပ်ဖွဲ့တစ်ခုမှ တပ်မတော်သားများနှင့် ဆွေးနွေးပွဲကျင်းပခဲ့စဉ် တပ်ကြပ်ကြီးတစ်ဦး၏မေးခွန်းနှင့် ပြန်လည်ဖြေဆိုချက် –**

မေး။ ကျွန်တော့် တောင်ယာအတွင်းသို့ လာရောက်ပြီး ကျွန်တော်စိုက်ပျိုးထားသည့် ပြောင်းဖူးများကို စားသောက်သည့် 'ဆတ်'သတ္တဝါအား ကျွန်တော်မှ သတ်ဖြတ်ပါက အပြစ်ရှိပါသလား။

ဖြေ။ ရှုထောင့်နှစ်ရပ်နှင့် ဖြေပါမည်။ ဥပဒေရှုထောင့်အရ ဖြေရလျှင်အပြစ်ရှိပါသည်။ သာမန်ကာကွယ်ထားသော'ဆတ်'တိရစ္ဆာန်ကို ဖမ်းဆီးသတ်ဖြတ်သည့်အတွက် ၁၉၉၄ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆ အရ အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ် ၅ နှစ်နှင့်ဒဏ်ငွေ ၅၀၀၀၀ ကျပ်ခံရနိုင်ပါသည်။ ဥပဒေရှုထောင့်မှ မဟုတ်ဘဲ လောကနီယာမ ရှုထောင့်အရလည်းတင်ပြပါမည်။ ဒီနားက ရွာလေးတစ်ရွာမှာ ဆရာ ငယ်စဉ်ကာလကတည်းကနေ လာခဲ့တယ်ဆိုပါတော့။ ဒီလိုနေလာရင်း တစ်နေ့တော့နေတဲ့ အိမ်ကလေးကိုပိတ်၊ ဝင်းတံခါးလေးပိတ်ပြီး ဆရာက ထိုင်းနိုင်ငံကိုသွား၊ စီးပွားရှာရော ဆိုပါတော့။ ဆရာ့အနေနဲ့ ထိုင်းနိုင်ငံရောက်ရှိ စီးပွားရှာနေချိန်မှာ မြန်မာပြည်အလယ်ပိုင်းက လူတစ်ယောက်က ဒီရွာကလေးကိုရောက်လာပြီး လူမရှိတဲ့ ဆရာ့ရဲ့အိမ်ကလေးမှာ တက်နေတယ်ဆိုပါတော့။ ထိုင်းနိုင်ငံမှာ တစ်နှစ်ခန့်နေရင်း စီးပွားရှာတဲ့ဆရာဟာ အခြေအနေသိပ်မဟန်တော့ တစ်နေ့ကိုယ့်ရွာကလေးကို ပြန်လာတယ်ဆိုပါတော့။ ဆရာရွာပြန်ရောက်တဲ့အချိန်မှာ ဆရာထားခဲ့တဲ့ အိမ်ကလေးမှာပြောခဲ့သလိုဘဲ မြန်မာပြည်အလယ်ပိုင်းက လူတစ်ယောက်တက်နေနေတာကို ဆရာတွေ့ရပြီ ဆိုပါတော့။ ဆရာဘာလုပ်မလဲ။
(တပ်ကြပ်ကြီးဖြေ–ဖယ်ခိုင်းမှာပေါ့ဗျာ။)
ဘာလို့လဲ။
(တပ်ကြပ်ကြီးဖြေ– ကျွန်တော်ဦးဆုံးနေနေတဲ့ ကျွန်တော့်ရဲ့အိမ်ပဲလေ။)
မှန်ပါတယ်ဆရာ။ အဲဒီလိုပါဘဲ။ ဆရာနဲ့ ဆရာပစ်သတ်လိုက်ပါတယ်ဆိုတဲ့ 'ဆတ်'ကလေး ဆရာပြောင်း စိုက်ပျိုးထားတဲ့မြေပေါ်မှာ ဘယ်သူအရင်ကျက်စားခဲ့တာလဲ။ ဆရာက အရင်ဦးခဲ့တာဆိုရင်တော့ ဆရာပစ်သတ်လိုက်တာ တရားတယ်လို့ပြောနိုင်ပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ 'ဆတ်'သတ္တဝါလေး ဦးစွာကျင်လည်ကျက်စားခဲ့တဲ့ မြေကလေးကို ခုတ်ထွင်ရှင်းလင်းပြီး ဆရာက ပြောင်းဖူးပင်တွေ စိုက်ခဲ့မိတယ်ဆိုရင်တော့ မျှစ်ထွက်ချိန်၊ မှို့ပွင့်ချိန် လာနေကျ'ဆတ်'ကလေးရောက်လာပြီး စားစရာ မျှစ်၊ မှို့အစားတွေ့တဲ့ ပြောင်းဖူးကိုစားမိတယ် ဆိုရင်တော့ အဲဒီ'ဆတ်'ကလေးကို ပစ်သတ်ထိုက်၊ မထိုက် ဆရာပဲစဉ်းစားပါတော့။

**ကန့်ဘလူမြို့နယ်/ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လစဉ်ပုံမှန် အစည်းအဝေးတစ်ခုတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦး၏ မေးခွန်းနှင့် ပြန်လည် ဖြေကြားချက် –**

မေး။ ကျွန်တော်တို့ရွာအနီးက ကျွန်တော်တို့ ရွာသားတွေ လုပ်ကိုင်ဆောင်ရွက်နေတဲ့ ယာတွေထဲကို တောဆင်ရိုင်းတွေ လာရောက်ဖျက်ဆီးလျက်ရှိပါတယ်။ သစ်တောဦးစီးဌာနမှ လူကြီးမင်းတို့ရဲ့ဆင်တွေကို ဘယ်လို ရှင်းလင်းပေးနိုင်ပါမည်လဲ။

ဖြေ။ တင်ပြတဲ့သူတွေက လူသားတွေဖြစ်တဲ့အတွက် လူသားအချင်းချင်းဘက်လိုက်ပြီး ကူညီရမှာဖြစ်ပေမယ့် အဲဒီလူကြီးမင်းတို့လုပ်ကိုင်နေတဲ့ တောဆင်ရိုင်းတွေလာရောက်ဖျက်ဆီးနေပါတယ်ဆိုတဲ့ ယာမြေ

နေရာတွေကိုဘယ်သူတွေက အရင်ဦးတာလဲ။ ယာလုပ်တာ စောသလား။ တောဆင်ရိုင်းတွေ ကျက်စားတာ စောသလားပေါ်မူတည်ပြီး ကျွန်တော်တို့ လူသားတွေတရား၏။ မတရား၏။ ဆင်ခြင်စဉ်းစားဖို့တော့လိုပါတယ်။ နောက်ပြီး ကျွန်တော့်လုပ်သက်တစ်လျှောက် တောဆင်ရိုင်းနဲ့ လူပဋိပက္ခ၊ မိကျောင်းနဲ့လူပဋိပက္ခ၊ ဒါတွေပဲကြားခဲ့ဖူးပါတယ်။ တခြားတောတိရစ္ဆာန်တွေကော အဲဒီယာမြေတွေမှာ ဝင်ရောက်ဖျက်ဆီးမှုမရှိဘူးလား။ ဆင်ဆိုတဲ့သတ္တဝါ တောင်ယာတွေထဲဝင်ရောက်မှုရှိတယ်ဆိုရင် ချေလိုသတ္တဝါ၊ ယုန်လိုသတ္တဝါ၊ လိပ်လိုသတ္တဝါလေးလည်း ဝင်ရောက်လိမ့်မယ်ထင်ပါတယ်။ အဲဒီလို အကောင်ငယ်ကလေးတွေ ဝင်ရောက်ရင်တော့ လူကြီးမင်းတို့ ယုန်ကလေး၊ လူကြီးမင်းတို့ လိပ်ကလေး ယာထဲဝင်ရောက်ဖျက်ဆီးနေပါတယ်။ ရှင်းပေးကြပါဦးလို့ ဘယ်သူမှ မအော်ကြပါဘူး။ တောဆင်ရိုင်းဝင်ဖျက်တော့မှ ကျွန်တော်တို့ တောဆင်ရိုင်းကြီးဖြစ်သွားရပါတယ်။ လိပ်ကလေး၊ ယုန်ကလေး ဝင်ရောက်ရင်တော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းလိုက်ကြတယ် မဟုတ်လား။ အဲဒီလိုရှင်းလိုက်ကြရာမှာလည်း တရားနည်းလမ်းတကျ မဟုတ်ဘဲ တရားမဝင်နည်းလမ်းတွေနဲ့ ရှင်းလိုက်ကြတာ များပါတယ်။ တောဆင်ရိုင်းကြီးဝင်ရင် သစ်တောဦးစီးဌာနက ဝင်ရောက်ကူညီဖြေရှင်းပေးရသလို ယုန်ကလေး၊ ချေကလေးဝင်ရင်လည်း ကိုယ့်ဖာသာ ကိုယ်မဖြေရှင်းကြဖို့၊ ယာအလုပ်များလုပ်ကိုင်ဖို့ မြေနေရာရွေးချယ်ရာမှာလည်း တိရစ္ဆာန်တွေ မူလကတည်းက ကျက်စားနေတဲ့နေရာများကို ရွေးချယ်မလုပ်ကြဖို့ တင်ပြလိုပါတယ်။

**ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ကျေးရွာကိုယ်စားလှယ်တစ်ဦး၏ မေးခွန်းနှင့်ပြန်လည်ဖြေကြားချက်–**

မေး။ ကျွန်တော်တို့ကျေးရွာက ၁၉၉၅ ခုနှစ်လောက်ကတည်း ကလုပ်ခဲ့တဲ့တောင်ယာတွေ အသိမ်းခံခဲ့ရပြီး ၂၀၀၀ပြည့်နှစ်လောက်မှာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်ထောင်ခဲ့ပါတယ်။ မူလကတည်းက ဓားမဦးချလုပ်လာတဲ့ ကျွန်တော်တို့ရဲ့ တောင်ယာမြေတွေကို ပြန်လည်လုပ်ပိုင်ခွင့် ပေးစေချင်ပါတယ်။

ဖြေ။ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ ခုနှစ်ကတည်းက အမိန့်ကြော်ငြာစာအမှတ် ၁၇၇/၁၉၄၁ နဲ့ ပြဋ္ဌာန်းခဲ့တာဖြစ်လို့ ကျေးရွာက ယာခုတ်ခဲ့တဲ့ အချိန်ထက်စောပါတယ်။ ယာမြေတွေ သိမ်းပြီးမှ ဘေးမဲ့တောတည်ထောင်တာ မဟုတ်ပါ။ ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးကိုတောင် ၁၉၈၆ ခုနှစ်က စတင်ဖွဲ့စည်းစီမံ အုပ်ချုပ်ခဲ့တာဖြစ်တဲ့အတွက် ဘေးမဲ့တောသတ်မှတ်တာများစွာ ရှေးကျပါတယ်။

မေး။ ဘေးမဲ့တောကို ၁၉၄၁ ခုနှစ်ကတည်းက သတ်မှတ်ထားတယ်လို့ ကျွန်တော်တို့သိမထားပါဘူး။ ကျွန်တော်တို့ ဓားမဦးချယာမြေတွေကို သိမ်းပြီးတော့မှ သတ်မှတ်တာလို့ဘဲ သိထားတဲ့အတွက် ကျွန်တော်တို့ရဲ့ ယာမြေတွေကို ပြန်လည်လုပ်ကိုင်ခွင့် ပေးစေချင်တာပါဘဲ။

ဖြေ။ ဒါဆိုရင် ဘေးမဲ့တောတည်ထောင်တဲ့ နှစ်ကာလနဲ့ ကျွန်တော်မဖြေရှင်းတော့ပါဘူး။ သဘာဝအတိုင်း ကျင်လည်ကျက်စားနေတဲ့ ရွှေသမင်လေး ခွာဦးချတဲ့နှစ်ကာလနဲ့ပဲ ဖြေရှင်းပါမယ်။ လူကြီးမင်း 'ဓားမဦးချ'တဲ့နှစ်နဲ့ ရွှေသမင်လေး'ခွာဦးချ'တဲ့နှစ် ဘယ်နှစ်က စောပါသလဲ။ လူကြီးမင်းဖြေပါ။ 'ခွာဦးချ'တဲ့နှစ်ထက် လူကြီးမင်း 'ဓားမဦးချ'တာစောရင် ယာမြေတွေပြန်ပေးပါ့မယ်။ အဲဒီလိုမဟုတ်ဘဲ ရွှေသမင်လေး'ခွာဦးချ'တာကစောတယ်ဆိုရင်တော့ လူကြီးမင်းအပါအဝင် ရွာသားအားလုံး ယခုကျူးကျော်ဆောင်ရွက်နေတာတွေပါဖယ်ပါ။

**(တင်ပြသော ကျေးရွာခေါင်းဆောင် ဒါကတော့...နဲ့ ရှေ့မဆက်နိုင်ဘဲ လက်မှိုင်ကျသွားရပေတော့သတည်း)**



# "လွတ်လပ်ရေး ရပြီး ခေတ် သစ်တောပညာရှင်များ"

**ဦးသန်းနွယ်(သစ်တော)**

စစ်ပြီးခေတ် လွတ်လပ်ရေးရရှိခံစားခဲ့ရတဲ့ခေတ် – ၁၉၄၈ ခုနှစ် နောက်ပိုင်း သစ်တောသိပ္ပံ ပညာသင်ကြားပြီး ရန်ကုန်တက္ကသိုလ်ကဆင်းခဲ့ကြတဲ့ သစ်တောပညာရှင်များ အကြောင်း သုံးသပ်တင်ပြလိုတာပါ။ ဆိုလိုရင်းကတော့ ၁၉၄၈ နောက်ပိုင်း ၁၉၅၃ ခုနှစ်မှာ ဆင်းကြတဲ့ သစ်တောသိပ္ပံ – ဘီအက်စ်(သစ်တော) (ရန်ကုန်)ဘွဲ့ရခဲ့တဲ့သူများက စပါတယ်။ ၁၉၅၃ ခုနှစ်ဆင်းဆိုတော့ – စတင်စုဆောင်းတဲ့နှစ်က ၁၉၅၁ ခုနှစ်ပါ။ ထိုစဉ်က သစ်တောသိပ္ပံဘွဲ့တက်လိုသူများက–

(က) ဥပစာသိပ္ပံအောင်မြင်ပြီးသူများ

(ခ) သိပ္ပံသက်သက်ဘာသာတွဲ (ဓါတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ)

(ဂ) ဘိုင်အိုတွဲ (ဓါတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)

(ဃ)အသက် (၂၂) နှစ်ထက်မကြီးသူများ – ဖြစ်ကြရပါတယ်။ ဥပစာသိပ္ပံဆိုတာက Intermediate of Science –တက္ကသိုလ်ဝင်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်မှာ ဒုတိယနှစ် (Sr.I.Sc) အောင်ပြီးသူများကို ဆိုလိုတာပါ။ အထက်ပါအရည်အချင်းနဲ့ ပြည့်စုံသူများက ရာထူးဝန်အဖွဲ့ (Public Service Commission-P.S.C)ကို လျှောက်ထားရပါတယ်။ သစ်တောဌာန(ထိုစဉ်က ဦးစီးဌာနမဖြစ်သေး)က သစ်တောသိပ္ပံဘွဲ့ရပြီး ကျောင်းဆင်းတဲ့နှစ်မှာ သစ်တောဝန်ထောက် မြန်မာနိုင်ငံ သစ်တောဝန်ထမ်း(အကြီးတန်း) Burma Forest Seivice (Senior Branch)ရာထူး မည်မျှလစ်လပ်မည်ကို ဆန်းစစ်ပြီးမှ ဘယ်နှစ်ယောက်ခေါ်မည်ကို ကြိုတင်တင်ပြထားရပါတယ်။

ရာထူးဝန်အဖွဲ့ သစ်တောဌာနမှ သစ်တောမင်းကြီးအဆင့်တစ်ဦးက ကိုယ်စားလှယ်အဖြစ် ရွေးချယ်ရေးအဖွဲ့မှာ ပါဝင်ရပါတယ်။ လျှောက်ထားသူများကို အားလုံးခေါ်ယူ နှုတ်မေးခွန်းမေးပြီး စစ်ဆေးပါတယ်။ လိုအပ်သောအရေအတွက်ထက် (တစ်)ဦးအရံထားပြီး အောင်စာရင်းထုတ်ပါတယ်။ ထိုပုဂ္ဂိုလ်များကို ကျန်းမာကြံ့ခိုင်ရေးအတွက် (၂၅)မိုင်လမ်းလျှောက်စေပါတယ်။ လမ်းလျှောက်အပြီးမှာ ခရိုင်ဆရာဝန်ကြီးရုံး(Civil Surgeon West)ခေါ်တဲ့ ကြည့်မြင့်တိုင်– ကျောင်းကြီးလမ်းကရုံးဟာ ပန်းတိုင်ပါ။ အဲဒီကို သတ်မှတ်တဲ့အချိန်အတွင်းဝင်သူများကို ကျန်းမာရေးဆေးစစ်ပါတယ်။ အောင်မြင်သူများကိုသာ ရွေးချယ်ခန့်ထားပါတယ်။

ရွေးချယ်ခံရသူများကို ရာထူးဝန်အဖွဲ့က အလုပ်သင်ကျောင်းသား(Student on Provision)ဆိုပြီး ခန့်စာအမိန့်ထုတ်ပေးပါတယ်။ အဲဒီကျောင်းသားများဟာ ရန်ကုန်တက္ကသိုလ်က တည်ထောင်ထားတဲ့ ကျောင်းဆောင်တွေမှာ အခမဲ့နေထိုင်ခွင့်ရပါတယ်။ တက္ကသိုလ်ကျောင်းလခလည်း မပေးရပါ။ နိုင်ငံတော်အစိုးရက အားလုံးတာဝန်ယူပါတယ်။ Text Books ပြဋ္ဌာန်းစာအုပ်များကို သစ်တောသိပ္ပံပညာဌာနက ထုတ်ယူငှားရမ်းရပါတယ်။ ကျောင်းသားက ဗလာစာအုပ် – ခဲတံ – ဖောင်တိန် – အဝတ်အစားများ တန်ဖိုးသာကုန်ကျပါတယ်။ တစ်နှစ်ကို (၃လ) နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလတွေမှာ သစ်တောအတွင်း ကွင်းဆင်းလက်တွေ့ပညာသင်ကြားရပါတယ်။ မီးရထားတွင် Upper Class မှလည်းကောင်း ၊ စားသောက်စရိတ်အတွက် တစ်လ ၁၃၅/– ချီးမြှင့်ပါတယ်။ မိုးကာတဲ နှစ်ယောက်တစ်လုံးနဲ့ အောက်လင်းဓါတ်မီးတစ်လုံး ဓါတ်ဆီအပါအဝင် အခမဲ့ပေးပါတယ်။ သုံးလနဲ့ကွင်းဆင်းပြီး တက္ကသိုလ်ကို ပြန်–သင်ကြား – စာမေးပွဲဖြေရပါတယ်။ ဒုတိယနှစ်မှာ ၄င်းသုံးလတွင် India နိုင်ငံ Dehradun မှာ ရှိတဲ့ Forest Research Institute (F.R.I)မှာ သင်တန်းတက်ဖို့နဲ့ အန္တိယပြည်ရှိ သစ်တောများ – သစ်တောသိပ္ပံကျောင်းများကို သက်ဆိုင်ရာမှ ဆရာကြီးတစ်ဦးက စောင့်ရှောက်ပံ့ပိုးပြီး လေ့ကျင့်ရပါတယ်။ ထိုတွင်နေစဉ် ရူးပီးငွေတစ်လ ၂၀၀/– ချီးမြှင့်ပါတယ်။ F.E လဲလှယ်ခွင့် ရူးပီးတစ်ထောင်လဲလှယ်ခွင့်ရပါတယ်။ ငွေလဲနှုန်းမှာ ထိုစဉ်က ရူးပီး ၁ မြန်မာကျပ် ၁ ကျပ်ပါ။ သုံးလပြည့်တဲ့ ဇန်နဝါရီလမှာ မြန်မာပြည်ပြန်ပြီး စာမေးပွဲဖြေဆိုရပါတယ်။ တတိယနှစ် – နောက်ဆုံးနှစ်မှာ Soil Science တက်ဖို့ စိုက်ပျိုးရေးတက္ကသိုလ် – မန္တလေးမှာ တစ်လကြာကျောင်းအိပ်ကျောင်းစားနဲ့ သင်ကြားရပါတယ်။ သစ်တောတွင်းသုံးလဆင်းပြီး တက္ကသိုလ်ပြန်ပြီး စာမေးပွဲကြီးဖြေရပါတယ်။ အောင်စာရင်းထွက်တဲ့နေ့ဟာ သစ်တောဝန်ထောက် (အစမ်းခန့်)တာဝန်ပေးခြင်း စတင်ခံစားရတဲ့နေ့ပါ။ ဘီအက်စ်(သစ်တော)ဘွဲ့ရတဲ့နေ့ဟာ အလုပ်စတင်ခန့်ထားခံရတဲ့နေ့ပါ။ ဒါတွေကတော့ သင်ကြားလေ့လာရတဲ့ အကြောင်းရင်းပါ။ ထိုစဉ်က မြန်မာနိုင်ငံ သစ်တောဝန်ထမ်း(အကြီးတန်း) အစမ်းခန့်ကာလရဲ့ လစာရင်းက ၃၅၀ – ၂၅ တိုး – ၇၀၀/– ပါ။ ခရီးစရိတ်တစ်နေ့ ၈/– နှုန်း – အမြဲတမ်းဖြစ်တဲ့နှစ်မှာ နှစ်တိုး ၂၅/– ခြောက်ကြိမ်ခံစားပြီး လစာရင်း ၅၀၀/– ဖြစ်တဲ့အခါ ခရီးစရိတ်က ၁၀/– ဖြစ်သွားပါတယ်။

အဲဒီလိုနဲ့ ၁၉၅၃ ခုနှစ်ဆင်းတဲ့ သစ်တောသိပ္ပံအောင်ကျောင်းသားများကို First Batch ပထမအရစ်ဆင်း ကျောင်းသားများလို့ သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။

၁၉၅၃ ခုနှစ်မှာ ဆင်းတဲ့ကျောင်းသားများက–

၁။ ဦးစန်းမောင်
၂။ ဦးသိန်းဟန်
၃။ ဦးခင်မောင်ကျော်
၄။ ဦးအောင်မြင့်
၅။ ဦးရင်ဖေ
၆။ ဦးစိန်ထွန်း
၇။ ဦးမောင်–တို့ဖြစ်ကြပြီး လက်ရှိစာရေးနေစဉ်အထိ အသက်ထင်ရှားရှိသူက ဦးအောင်မြင့်–ညွှန်ကြားရေးမှူး (ငြိမ်း) ဖြစ်ပြီး ဝတ္ထုကျော်ထင်ဘွဲ့ ရရှိခဲ့သူပါ။

၁၉၅၄ ခုနှစ်မှာ ဆင်းသော ကျောင်းသားများက

၁။ ဦးခင်မောင်အေး
၂။ ဦးစိန်ဝင်း
၃။ ဦးဘသွင်–တို့ဖြစ်ကြပြီး အသက်ရှင်သန်ဆဲ တစ်ဦးက ဦးဘသွင်–ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ပါ။

၁၉၅၅ ခုနှစ်ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးရဲလျှန်စွမ်း
၂။ ဦးမြင့်အောင်
၃။ ဦးကျော်မြင့်သန်း
၄။ ဦးဟောက်ဇနန်တင်မလိုင်း
၅။ ဦးရဲမြင့်
၆။ ဦးမောင်မောင်အေး
၇။ ဦးကိုကြီး–အဲဒီအသုတ်မှာ ဦးရဲလျှန်စွမ်း – ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဦးရဲမြင့် – ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)နဲ့ ဦးကိုကြီး – ညွှန်ကြားရေးမှူး (ငြိမ်း)တို့ အသက်ရှင်ဆဲ ရှိကြပါသေးတယ်။

၁၉၅၆ ခုနှစ်ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးစိုးကြည်
၂။ ဦးစိန်ဝင်း
၃။ ဦးတင်ညွှန့် တို့ဖြစ်ကြပြီး အားလုံးဟာ ကွယ်လွန် သွားကြပြီး ဖြစ်ပါတယ်။

၁၉၅၇ ခုနှစ်ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးဌေးဌေး
၂။ ဦးသိန်းလွင်
၃။ ဦးတင်လှ
၄။ ဦးသိန်းအောင်
၅။ ဦးအေးမြင့်
၆။ ဦးမြင့်ဆွေ (ခေါ်) ဦးမြင့်ဆွေဝင်း
၇။ ဦးတင်အောင်
၈။ ဦးမျိုးဆွေ–တို့ဖြစ်ကြပြီး ဦးဌေးဌေး – ညွှန်ကြား ရေးမှူး (ငြိမ်း)နဲ့ ဦးသိန်းလွင် – ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)တို့သာ အသက်ရှင်သန်ဆဲ ဖြစ်ကြပါတယ်။

၁၉၅၈ ခုနှစ်ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးသန်းမြင့်
၂။ ဦးခင်မောင်ထွေး
၃။ ဦးတင်မောင်ဦး
၄။ ဦးခင်လှိုင်
၅။ ဦးဉာဏ်ပို
၆။ ဦးကျော်စိန်
၇။ ဦးသာလှ–တို့အနက် ဦးသန်းမြင့်နှင့် ဦးသာလှ – ဦးတင်မောင်ဦး – ညွှန်ကြားရေးမှူး (ငြိမ်း)တို့သာ အသက် ရှင်သန်ဆဲဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးခင်မောင်မြ
၂။ ဦးကျော်မြင့်
၃။ ဦးဟုတ်လင်း
၄။ ဦးစောမောင်–တို့ဖြစ်ကြပြီး ဦးဟုတ်လင်းနဲ့ ဦးကျော်မြင့် – ညွှန်ကြားရေးမှူး(ငြိမ်း)တို့သာ အသက်ရှင်သန် ဆဲဖြစ်ပါတယ်။

၁၉၆၀ ခုနှစ် ဆင်းသော ကျောင်းသားများမှာ–

၁။ ဦးကော်လူအဒီ
၂။ ဦးစောရန်အောင်စိုး
၃။ ဦးညွှန့်နိုင်
၄။ ဦးတင်ဆွေလတ်
၅။ ဦးမြအောင်
၆။ ဦးတင်မောင်ကြည်
၇။ ဦးမောင်အေး
၈။ ဦးထွန်းအောင်
၉။ ဦးထွန်းမြင့်
၁၀။ ဦးအောင်–တို့ဖြစ်ကြပြီး အားလုံးသော နောင် တော်ကြီးများ ကွယ်လွန်သွားကြပြီး ဖြစ်ပါတယ်။ ထူးထူးဆန်း ဆန်း 8th Batch အားလုံး ကွယ်လွန်သွားကြပါပြီ။

ကွယ်လွန်သွားကြပြီးဖြစ်သော နောင်တော်ကြီးများ ကောင်းရာသုဂတိလားစေဖို့ ဆုတောင်းမေတ္တာပို့သအပ်သလို အသက်ရှင်သန်ဆဲ နောင်တော်ကြီးများအားလုံး ကျန်းမာ ချမ်းသာစွာနှင့် သက်တော်ရှည်ကြပါစေလို့ ဆုတောင်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါတယ်။

**ပြင်ဆင်ဖတ်ရှုပေးပါရန်**

**၂၀၁၇ ခုနှစ်၊ ဧပြီလထုတ် သစ်တောကြေးမုံတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးရှင် ဦးသန်းနွယ်(သစ်တော)ရေးသားသည့် 'သစ်တောဦးစီးဌာနတွင် အဆင်မြင့်ရာထူးများ ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်များစာရင်း' ဆောင်းပါးတွင်**

**» ၁၉၆၉- ဦးစန်းလွင် - ညွှန်ကြားရေးမှူးချုပ်(စိမံစာရင်း) အစား**
**- ဒုတိယညွှန်ကြားရေးမှူးချုပ် (စိမံစာရင်း)**
**ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့်**

**» ၁၉၇၄- ဦးစန်းလွင် -ညွှန်ကြားရေးမှူးချုပ်(စိမံစာရင်း)ဟု ဖြည့်စွက် ဖတ်ရှုပေးပါရန်**

**သစ်တောကြေးမုံ**

# အငြိမ်းစားယူမည့် သုတေသီတစ်ဦး၏ အတွေးနယ်

**ဒေါ်ဝေဝေသန်း**
**ဒု-ညွှန်ကြားရေးမှူး သစ်တောသုတေသနဌာန**

၁၉၈၁ ခုနှစ်မှာ သစ်တောသုတေသနဌာနကိုရောက်ရှိလာပြီး နေ့စားအဖြစ် တစ်သျှူးမွေးမြူရေး ဓာတ်ခွဲခန်းမှာ Media ဖျော်၊ ကျွန်းတစ်သျှူးလေးများ စုဆောင်း၊ မွေးမြူ၊ အညွှန့်၊ အမြစ်ထွက်အောင် ဟော်မုန်းအမျိုးမျိုးနဲ့ စမ်းသပ်ခဲ့တာအောင်မြင်မှုရခဲ့ပါတယ်။ ရောက်ခါစက ဓာတ်ခွဲခန်းအကူအဖြစ်ကူညီပေးနေတဲ့ အစ်မကြီးတစ်ယောက်ကို ရုံးရှေ့ချထားတဲ့ ပျိုးပင်လေးတွေဆီ လက်ညှိုးထိုးပြီး ဘာပင်တွေလဲဟုမေးရာ၊ ဘွဲ့ရပြီး ကျွန်းပင်တောင်မသိဘူးလားဟု အပြောခံခဲ့ရပါတယ်။ မှန်ပါတယ်၊ ကျွန်းပင်ကို သစ်တောသုတေသနဌာနရောက်မှ မြင်ဖူးတာကိုး၊ သူတို့စိတ်ထဲမှာတော့ ဘွဲ့ရပြီးရင် အရာရာကိုသိမြင်တတ်ကျွမ်းမယ်လို့ယူဆထားတာထင်ပါရဲ့။ လောကကြီးများ သင်ယူစရာတွေ၊ လေ့လာစရာတွေ မကုန်နိုင်လွန်းလို့ ပညာရှင်တွေရဲ့အချိန်နှင့်အမျှ ပင်ပန်းမှုတွေဟာ ငွေနဲ့သာတွက်လို့ရမယ်ဆိုရင် သူဌေးတွေဖြစ်ကုန်မှာသေချာပါတယ်။ သို့ပေမဲ့ ပညာရှင်အများစုဟာ ငွေဂုဏ်ထက်ပညာဂုဏ်ကိုသာ တန်ဖိုးထားတာမို့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အမြင်နဲ့ဆို ရယ်စရာသတ္တဝါတွေလို့မြင်မလားဘဲ။ ယခုခေတ်များမှာတော့ ပညာရှင်နဲ့စီးပွားရေးလုပ်ငန်းရှင်များဟာ ပူးပေါင်းဆောင်ရွက်တာတွေ၊ ပညာကိုအခြေပြုပြီး စီးပွားရေးဆန်ဆန် လုပ်လာတာတွေရှိနေပါပြီ။ ဒါဟာ တိုင်းပြည်ရဲ့စီးပွားအင်အားကိုဖွံ့ဖြိုးစေတာမို့ လက်ခံသင့်ပါတယ်။

၁၉၈၅ ခုနှစ်မှာတော့ တစ်သျှူးမွေးမြူရေးကနေ အပင်ရောဂါဗေဒဌာနစိတ်ကို မိမိသဘောနဲ့ပြောင်းရွှေ့ခဲ့ပါတယ်။ Pathology(ရောဂါဗေဒ)ဆိုတာ ဘာမှန်းမသိတော့ သစ်တောကာကွယ်ရေးဌာနစုရှိ ကီမိလဗေဒခေါ်တဲ့(Entomology) ပိုးမွှားဌာနစိတ်ကို ပိုမိုစိတ်ဝင်စားနေမိပါတယ်။ ကီမိလဗေဒကတက္ကသိုလ် တတိယနှစ်မှာ ဘာသာကြီးတစ်ရပ်အနေနဲ့ စာတွေ့လက်တွေ့သင်ခဲ့ရတာမို့ တတ်သိနားလည်ပြီးသား ဘာသာရပ်ဖြစ်ခဲ့တာမို့ပါ။ ဒါပေမဲ့လည်း ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ ပိုးကောင်တွေသတ်ရတဲ့ ကီမိလဗေဒမှာ အလုပ်မဝင်မိတာဘဲ ကောင်းလေစွလို့ မှတ်ယူမိပါတယ်။ ရောဂါဗေဒဘာသာရပ်ကို စိုက်ပျိုးရေးတက္ကသိုလ်က ထုတ်တဲ့ course တွေဖတ်၊ လက်တွေ့အတန်းတွေလိုက်တက်ရင်း နားလည်လာတော့ သစ်ပင်ဆရာဝန်လိုလို စိတ်ဝင်စားသွားပါတယ်။ ရောဂါဗေဒဌာနစိတ်ကို ရောက်ခါစက သုတေသနလုပ်ဖို့ proposalရေး၊ ဌာနမှူးဆီသွားတင်ရင် မဖတ်ဘဲနဲ့ကို ကိုယ့်ရှေ့မှာတင် အမှိုက်ခြင်းထဲပစ်ထည့်လိုက်ပါတယ်။ အသက်ရော၊ ရာထူးရောကွာတဲ့သူကို ဘာမှမပြောသာဘဲ တပ်ခေါက်ပြန်ခဲ့ရတာ အကြိမ်ကြိမ်မို့ proposal ရေးတင်ဖို့ထက် စာဖတ်တယ်၊ scrabble ကစားတယ်။ ကိုယ်ကဘာမှမတတ်သေးလို့ proposal အမှိုက်ခြင်းထဲရောက်တာ၊ ကိုယ့်ထက်ခံစားရသူကတော့ အမေရိကားက မဟာသိပ္ပံဘွဲ့ရလာတဲ့ ပိုးမွှားပညာရှင်ခင်မျာ သုတေသနလည်းလုပ်ခွင့်မရှိ၊ အလုပ်သာထွက်သွားရော စာတမ်း(၁)စောင်မှရေးမသွားနိုင်ဘူး။ ကိုယ်ကိုယ်တိုင်လည်း သုတေသနလုပ်ခွင့်မရဘဲ စာချည်းဖတ်နေခဲ့တာ၊ စာတမ်းအရေအတွက်နည်းပေမဲ့ စာဖတ်ခွင့်ရခဲ့တာမို့ အဲ့ဒီဌာနမှူးကို ကြဖန်ကျေးဇူးတင်လိုက်ပါတယ်။ စာဖတ်တယ်ဆိုတာလဲ သုတေသီရဲ့အလုပ်ပါ၊ ကမ္ဘာမှာ၊ မြန်မာမှာ၊ သစ်တောမှာ ဘာတွေဖြစ်နေလဲ၊ ငါဘာလုပ်လို့ရမလဲ၊ ကိုယ့်ပညာရပ်နဲ့ ပြင်ပဗဟုသုတကို ဆက်စပ်တွေးခေါ်စိတ်ကူးရာကနေ သုတေသနဆိုတာ ဖြစ်လာတာမို့ သုတေသီဖြစ်ရတာကိုလဲ ဂုဏ်ယူပါတယ်။ တွေးမိတာကဘာသာရပ်တိုင်းဟာ သူ့နေရာနဲ့သူ အရေးပါသလို လေ့လာနိုင်သလောက် မဆုံးနိုင်အောင် ကျယ်ပြန့်တာကို သိခဲ့ရပါတယ်။ ဒါ့ကြောင့် ငါ့ဘာသာရပ်ကမှ အသုံးဝင်တာ၊ အရေးကြီးတာ၊ သူများဘာသာရပ်ကိုအထင်သေးတာ၊ ချောင်ထိုးထားတာမျိုးမရှိစေဘဲ မိမိဘက်ကသာကျွမ်းကျင်အောင်ယုံကြည်မှုအပြည့်နဲ့သာ ကြိုးစားဂုဏ်ယူမယ်ဆိုရင် ခေါင်းဆောင်ကောင်းနဲ့တွေ့တဲ့အခါ နေရာတစ်နေရာရရှိလာမှာမလွဲပါဘူး။

နောက်ထပ် ကျေးဇူးတင်ရမှာကတော့ သစ်တောတက္ကသိုလ်နဲ့ စိုက်ပျိုးရေးတက္ကသိုလ်ပါ။ ရေဆင်းသစ်တော

တက္ကသိုလ်ရဲ့ ပထမဦးဆုံး မဟာသိပ္ပံသင်တန်းကိုတက်ခွင့်ရခဲ့ပါတယ်။ သစ်တောဘာသာရပ်များကို သင်ကြားခွင့်ရလို့ မိမိဘာသာရပ်နဲ့ ဆက်စပ်တွေးခေါ် ဆောင်ရွက်နိုင်ခဲ့သလို အဓိကကတော့ စာရင်းအင်းပညာ(Statistic)ကိုသင်ယူခွင့်ရခဲ့လို့ သုတေသနတွေမှာ စနစ်တကျဆန်းစစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဂျာမနီကရောက်လာတဲ့ ညွှန်ပါမောက္ခတွေနဲ့လဲ စာသင်ခဲ့ရ၊ presentation တွေပြင်ဆင်တင်ပြရတဲ့စနစ်ကလဲ အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။ သစ်တောတက္ကသိုလ်မှာ အပင်ရောဂါဗေဒဘာသာရပ် သင်ပေးမဲ့ဆရာက အန်ကယ်ဦးစီဒူးကလွဲလို့ မရှိတာမို့ စိုက်ပျိုးရေးတက္ကသိုလ်မှာ ဘက်တီးရီးယား၊ မိုင်းရပ်စ်၊ နီမတုတ်၊ မှိုဘာသာရပ်များကို စာတွေ့လက်တွေ့သင်ခဲ့ရ၊ စာမေးပွဲဖြေခဲ့ရတဲ့အခါ သစ်တောကလာတဲ့သူ အထင်သေးခံရမှာစိုးလို့ကြိုးစားခဲ့တာ ဂုဏ်ထူးများနဲ့အောင်ခဲ့ပါတယ်။ ပြောချင်တာကတော့ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အားနည်းတဲ့နယ်ပယ်ကို အားသာတဲ့ နယ်ပယ်က လက်တွဲကူညီခြင်းတို့ကြောင့် သစ်တောဌာနမှာ အပင်ရောဂါဗေဒပညာရှင်တစ်ဦး ရရှိစေခဲ့ပါတယ်။ ဒါပေမဲ့ မျိုးဆက်သစ်များကို ဆက်တိုက်မမွေးမြူနိုင်ဘဲ generation gap ဖြစ်ခဲ့တာကိုတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒါကြောင့် သစ်တောတက္ကသိုလ်နဲ့ စိုက်ပျိုးရေးတက္ကသိုလ်ဟာ ကျွန်မရဲ့ကျေးဇူးရှင် တက္ကသိုလ်တွေပါဘဲ။

သစ်တောတက္ကသိုလ်မှာ အချိန်ပိုင်းကထိကအဖြစ် ရောဂါဗေဒ ဘာသာရပ်ကိုပို့ချခဲ့ရာမှာ စာသင်ဖို့ စာဖတ်ရတာကြောင့် မိမိအတွက်လည်းအကျိုးရှိ သစ်တောကျောင်းသားတွေအတွက်လဲ လက်တွေ့ဆောင်ရွက်နေသူရဲ့ အတွေ့အကြုံတွေကို မျှဝေပေးနိုင်ခဲ့ပါတယ်။ အချိန်ပိုင်းလစာ နည်းနည်းလေးပေမဲ့စေတနာဝါသနာနဲ့ စာသင်ပေးခဲ့တဲ့အကျိုးကြောင့် တာဝန်နဲ့ပဲခရီးသွားသွား ကိုယ်ရေးကိုယ်တာကြောင့်ပဲသွားသွား ယခုအချိန်မှာ အရာရှိကြီးတွေဖြစ်နေတဲ့သူတွေကလိုလေသေးမရှိ ကူညီစောင့်ရှောက်ကြပါတယ်။

ကျွန်မတို့ခေတ်ကာလက တံခါးပိတ်ဝါဒခေတ်မို့ project တွေမရှိသလို ရာထူးကြီးကြီးလူတွေတောင် နိုင်ငံခြားသွားတယ်ဆိုတာ အလွန်ရှားပါးပါတယ်။ ကျွန်မတို့လိုပါမွှားတွေဆိုရင်ပိုဆိုးတာပေါ့။ (၅)နှစ်လောက်မှ တစ်ခါတောင် ကံကောင်းလို့၊ ပညာသင်ဆိုလဲ တစ်ယောက်စ နှစ်ယောက်စ၊ တကယ်ကို ရှားရှားပါးပါး အခွင့်အရေးပါ။ မမျှော်လင့်ဘဲ ၂၀၀၅ခုနှစ်မှာ FAO မှ APFISN (Asia-Pacific Forest Invasive Species Network)ရဲ့ focal person အဖြစ်ရွေးချယ်ခံခဲ့ရာကနေ ခေတ်အခြေအနေလဲ ပြောင်းလဲလာတာမို့ ခရီးစဉ်လေးတွေ စီပ်ခဲ့ရ၊ ကိုယ့်သုတေသနတွေလဲ တင်ပြခွင့်ရခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ချိတ်ဆက်မိပြီး နိုင်ငံတကာအတွေ့အကြုံကအရေးပါတာမို့ မိမိသုတေသနတွေ အဆင့်အတန်းမြင့်မားလာဖို့ ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာ အတွေ့အကြုံအတွက် ကြိုးစားရယူခဲ့ရတဲ့ အသီးအပွင့်တွေကတော့ ဂျာမနီနိုင်ငံသို့ DAAD ရဲ့ အထောက်အပံ့နဲ့ Eberswalde တက္ကသိုလ်မှာ ဗေဒါကနေ ဇီဝမြေသြဇာထုတ်တဲ့ပညာ၊ World Forestry Institute (Portland, Oregon State, USA)မှာ ပြည်ပမျိုးစိတ်များဆိုင်ရာ သုတေသနလုပ်ဖို့ မိမိဖာသာ funding ရအောင်လျှောက်ခဲ့ရတဲ့ ITTO Scholarship တွေကတော့ ဘဝရဲ့မှတ်တိုင်တွေပါ။ (ထောက်ခံပေးခဲ့၊ ခွင့်ပြုပေးခဲ့တဲ့ဆရာများကို ကျေးဇူးအထူးတင်ရပါတယ်။) နိုင်ငံခြားက အဆင့်မြင့်တက္ကသိုလ်ကြီးတွေမှာ ပညာသင်ခွင့်ရခဲ့ရင် ကံကောင်းတာမို့၊ မရခဲ့ရင်လဲ ပြည်တွင်းကနေ ကြိုးစားမယ်ဆိုရင် ထိုက်သင့်သလောက်တော့ ဖြစ်ထွန်းခွင့်ရမှာပါ။ အရေးကြီးတာက ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာတွေကို တန်ဖိုးထားကျေးဇူးတင် လေးစားလိုက်နာဖို့ပါ။ ဂါရဝတရားထားရမယ်ဆိုတာက လာဘ်ပေးကန်တော့ပန်းဆင်ပြီး မထိုက်တန်တဲ့ အခွင့်အရေးကို ဖန်တီးယူတာမျိုးကို မဆိုလိုပါဘူး။ အဲဒါမျိုးကလဲ ရေရှည်မခံတဲ့၊ သူတစ်ပါး မျက်စိစပါးမွေးစူးစေတဲ့စရိုက်မျိုးပါ။ အတွေ့အကြုံများသူ စီနီယာတွေက မှားတာကိုထောက်ပြအကြံပြုရင် နှိမ်တာလို့ခံယူတာ၊ အမှားကိုထောက်ပြရင်ရန်သူလိုမဆက်ဆံဘဲ ပညာယူကျေးဇူးတင်ပြုပြင်ဖို့၊ သုတေသနစာတမ်းအကြိုဖတ်ပွဲနဲ့ တကယ့်စာတမ်းဖတ်ပွဲများမှာ ဝေဖန်ထောက်ပြအကြံပြုသူတွေကို အချို့က မခေါ်မပြောဘဲတောင်နေကြတယ် ကြားရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်မရဲ့နောက်ဆုံးသုတေသနစာတမ်းမှာလဲ စီနီယာကြီးများရဲ့ထောက်ပြမှုအရ လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ခဲ့ရလို့ ကျေးဇူးတင်မဆုံးပါ။ အမှားကိုမြင်တတ်သူထောက်ပြနိုင်စွမ်းရှိသူတွေဟာ သာမန်လူတွေမဟုတ်ကြပါဘူး။ ဆရာကြီးလုပ်တာမဟုတ်ဘဲ အတွေ့အကြုံကို လက်ဆင့်ကမ်းတာသာ ဖြစ်ပါတယ်။ အမှားတွေနဲ့ တင်းကြမ်းမပြည့်နေအောင် စီနီယာတွေဆီက သင်ယူခဲ့မြင်ယူခဲ့တာတွေဟာ ဘဝမှာအင်အားတွေဖြစ်လာရပါတယ်၊ (မျိုးဆက်သစ်များကို မှန်ကန်တဲ့အခွင့်အလမ်းများအတွက် မှန်ကန်တဲ့လမ်းကြောင်းကို အကြံပြုတာပါ)။

ယနေ့လူငယ်များဟာ အလွန်မှပါးနပ်လျင်မြန်သူများပါ။ ဒီအရည်အချင်းကို ကောင်းမွန်တဲ့လမ်းကြောင်းမှာသာ အသုံးချတတ်မှ ကိုယ့်မိသားစု၊ ကိုယ့်ဌာန၊ ပတ်ဝန်းကျင်၊ နိုင်ငံရဲ့အနာဂါတ် တိုးတက်သာယာလှပနိုင်မှာပါ။ တချို့ပြောကြပါတယ် အလုပ်လုပ်ရတာ စိတ်မညစ်ဘူး၊ လူတွေနဲ့ပဲ စိတ်ညစ်ရတယ်။ မှန်တာပေါ့၊ ဒါဟာလူတိုင်းကြုံရ၊ ငြီးငွေ့ကြပါတယ်။ ဆရာတစ်ဦးပြောတာ

မှတ်သားထားပါတယ်။ လူကြီးဖြစ်လာတဲ့အခါ တာဝန်နဲ့ စေတနာအရ ပြောတာတွေကြောင့် အမုန်းခံရတတ်ပါတယ် တဲ့။ မတော်လောဘကြီးသူ၊ ဒေါသပွားသူ၊ ဟန်ဆောင်သူ၊ ရိုင်းစိုင်းသူ၊ ဖေါ်လံဖားသူ၊ ချောက်တွန်းတတ်သူ၊ လုပ်ငန်း မကျွမ်းကျင်သော်လည်း သင်ယူချင်စိတ်၊ ပူးပေါင်းလိုစိတ် မရှိသူ၊ တာဝန်ရှောင်သူ၊ ကိုယ်ရေးကိုယ်တာကိုဦးစားပေး သူစသည်တို့နဲ့တွေ့တဲ့အခါ စိတ်ပျက်ရသလို၊ ရိုးသားသူ၊ ကြိုးစားသူ၊ တာဝန်ယူသူ၊ ကျေးဇူးတရား သိတတ်သူ၊ သုတေသီကျင့်ဝတ်ကို လိုက်နာသူတို့နဲ့ အလုပ်လုပ်ရတဲ့ အခါမှာတော့ ပျော်ရွှင်စရာကောင်းပါတယ်။

တီဗွီမှာ ဆရာတော်တစ်ပါးဟောထားတာက လူ့ ဘဝသက်တမ်းတစ်လျှောက်မှာ ယေဘုယျအားဖြင့် အနှစ် (၂၀)ပညာဆည်းပူးတယ်၊ အနှစ်(၄၀)အလုပ်လုပ် စီးပွားရှာ ရတယ်။ ကျန်တဲ့ခန့်မှန်း အနှစ်(၂၀) ဘာလုပ်မလဲတဲ့။ အနှစ်(၂၀)ကျန်ချင်မှလည်း ကျန်မယ်။ တရားရှာချိန်အလွန် နည်းသွားပြီလို့ဆိုတာပါ။ အငြိမ်းစားယူပြီးတဲ့အခါ တရား ရှာဖြစ်မလား၊ ပရဟိတ(သို့မဟုတ်) ကိုယ်ကျိုးစီးပွားပဲလုပ် မိနေမလား၊ မနက်ဖြန်ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိ သလို ကိုယ့်ဖာသာလဲ ဆုံးဖြတ်ချက် မပီပြင်သေးပါဘူး။ ရုပ်ရှင်ကားကောင်းတွေကြည့်မယ်၊ ပြင်ပစာတွေဖတ်မယ်၊ စာရေးမယ်၊ ဒါကလဲ စိတ်ကူးယဉ်တာလား၊ အကောင်အ ထည်ဖော်ဖြစ်မလား၊ မိသားစုမှာ စာရေးဆရာတွေရှိတယ်။ ငယ်ငယ်က စာအုပ်ကောင်းတွေဖတ်နိုင်အောင် အားပေးတဲ့ အဖေ့ကိုကျေးဇူးတင်တယ်။ မောင်သာရရေးတဲ့ ယုန်နဲ့ အတူပြေး၊ ခွေးနဲ့အတူလိုက်ဆိုတာမျိုး၊ တချို့ကညံ့မှကြိုက် တယ်၊ ခပ်ညံ့ညံ့ဘဲကောင်းပါတယ်ဆိုတာမျိုး လူငယ်တွေ မတွေးစေချင်ဘူး၊ အကျိုးလိုမှ ညောင်ရေမလောင်းဘဲ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ တော်လို့မ ကြိုက်ရင် မကြိုက်တဲ့လူက ညံ့နေလို့ပဲလို့ တွေးတောကာ မိမိကံကြမ္မာကောင်းကို ကိုယ်တိုင်ဖန်တီးနိုင်ပါစေ။

သစ်တောသုတေသနဌာနက ခွဲခွာသွားတဲ့အခါ နှစ်ပေါင်းများစွာထိုင်ခဲ့တဲ့ ရုံးခန်းလေးရယ်၊ အလုပ်လုပ်ခဲ့တဲ့ ဓာတ်ခွဲခန်းလေးရယ်၊ ယခုလက်ရှိ နေ နေတဲ့အိမ်လေးနဲ့ ခြံဝင်းထဲက ပန်းမွှေးမွှေးတွေပွင့်တဲ့ သစ်ပင်လေးတွေ၊ နေ့စဉ် ရေဖြည့်ရတဲ့ လမ်းဘေးက သောက်ရေအိုးစင်လေးရယ်၊ ရုံးနဲ့အိမ်ကြားက လျှောက်လမ်းလေးရယ်၊ ရာသီအလိုက် ကျင်းပလေ့ရှိတဲ့ လူ့ပ်ရှားမှုတွေနဲ့ မိတ်ဆွေကောင်းတွေ ရယ်ကို အမှတ်ရနေမှာ သေချာပါတယ်။

*(ဤဆောင်းပါးဖြင့် ကျေးဇူးရှင်များ၊ ဖြူးဆရာ၊ မွှင်ဆရာ၊ သင်ဆရာများကို ဦးခိုက်ပါသည်။)*

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

'သ' ဘာဝသစ်တော၊ ကြွယ်ဝပေါ
သာမောဖွယ်ရာ၊ ပြည်မြန်မာ၊
'ယံ' ကောင်းကင်ထက်၊ မိုးရေစက်
သစ်ပင်ငယ်များ၊ အားဆေးတစ်ခွက်
'ဇာ' ပုဝါစိမ်း၊ ခြုံလွှာယိမ်း
သဘာဝတောများ၊ ထာဝစဉ်ထိန်း၊
'တ' ရားမဝင်သစ်များ၊ ဖမ်းဆီးကာ
သဘာဝတောကို၊ ကာကွယ်ပါ၊
'နှင့်' အတူရှိစေ၊ ပြည်သူတွေ
သစ်ပင်မျိုးစုံ၊ စိုက်ပျိုးလေ၊
'သ' ဘာဝသစ်ပင်၊ ကျေးဇူးရှင်
ရေ၊မြေ၊လေကိုကာကွယ်အစဉ်
'ဘာ' ပင်စိုက်စိုက်၊ ရှင်အောင်စိုက်
မိုးရွာသွန်းခိုက် ၊ သစ်ပင်စိုက်၊
'ဝ' ပြောသာယာ၊ ဤကမ္ဘာ
ပေးအပ်ရိက္ခာ၊ သစ်တောပါ၊
'ပတ်' ဝန်းကျင်စိမ်းလန်း၊ သစ်တောအစွမ်း
အေးချမ်းသာယာ၊ ဤမြေကမ္ဘာ၊
'ဝန်း' ခြံစည်းရိုး၊ သစ်ပင်မျိုးစုံ
စိုက်ပျိုးပါက၊အရိပ်လည်းရ၊ဝမ်းလည်းဝ၏၊
'ကျင်' ပြီး ရွှေ၊ ငွေ၊ ကျောက်မျက်တွေ
သစ်တောမြေမှ ရရှိပေ၊
'ထိန်း' သိမ်းကာကွယ်၊ သစ်တောနယ်မြေ
ရေရှည်တည်တံ့၊ စဉ်ခိုင်ခံ့စေ၊
'သိမ်း' ဆည်းသစ်များ၊ လုံခြုံထားရန်
ကြိုးစားသယ်ယူ၊ သတိမူ၊
'ရေး' သားဆောင်ပုဒ်၊ ကြော်ငြာတွင်ထုတ်ပြန်
သစ်တောမှန်သမျှ၊ ကာကွယ်ကြ၊
'ဝန်' ထမ်း၊ ပြည်သူပူးပေါင်းကူညီ
သဘာဝတောများ၊ စောင့်ရှောက်မည်၊
'ကြီး' မြန်သစ်ပင်၊စိုက်ပျိုးလျှင်
သုံးချင်ခဏ၊ အစဉ်ရ၏၊
'ဌာ' နမူဝါဒ၊ လိုက်နာအစဉ်
ပေးအပ်တာဝန်၊ ကျေပွန်စွာပင်
ထမ်းဆောင်ပါလေ၊ ဝန်ထမ်းတွေ၊
'န' ဒီမြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါင်းတို့
ရေမြဲဖို့ရာ၊ သစ်တောများမှသာ
စဉ်ထာဝရ၊ ကူညီကြ၏၊

ဦးဘုန်းကျော် (သစ်တောဝရိသည်)

# ဝင်ငွေလည်းရ ၊ ဝမ်းလည်းဝ အခြားသစ်တောထွက်ပစ္စည်းများ



နွေနောင်း (၂၀၁၀) ၊ သစ်တောသုတေသနဌာန

ယခုခေတ်အခါတွင် အခြားသစ်တောထွက်ပစ္စည်းများ၏ အခန်းကဏ္ဍသည် လူသားတို့၏ နေ့စဉ်အခြေခံစားဝတ်နေရေးအတွက်သာမက ဝင်ငွေရရှိရေးအတွက်ပါ အလွန်အရေးပါလာပေသည်။ ဤနေရာတွင် အခြားသစ်တောထွက်ပစ္စည်းများကို အရင်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုကြည့်ကြဦးစို့။ အခြားသစ်တောထွက်ပစ္စည်းဆိုသည်မှာ ''သစ်တောကြီးများ၊ အပင်များ ပေါက်ရောက်လျက်ရှိသောနေရာများ၊ သစ်တောမြေ ပြင်ပရှိအပင်များအားလုံးမှရရှိသည့် သစ်မှလွဲ၍ မည်သည့်ပစ္စည်းကိုမဆို''ဆိုလိုပေသည် (FAO 1999)။ သို့ဖြစ်၍ အပင်မှရရှိသည့် ဇီဝဓနဥပိုင်းအားလုံး (အသီး၊ အစေ့၊ အဖူး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်များ ...)ပါဝင်ပေသည်။ သို့သော် ယနေ့အချိန်ထိ အခြားသစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်၍ ကမ္ဘာတစ်လွှားလက်ခံကြသော တိကျသော အဓိပ္ပါယ်သတ်မှတ်ချက်မရှိသေးဟုလည်းဆိုကြပေသည်။ (Ahenkan and Boon 2016)

## မြန်မာနိုင်ငံရှိ အခြားသစ်တောထွက်ပစ္စည်းများ

မြန်မာနိုင်ငံရှိ အခြားသစ်တောထွက်ပစ္စည်းများကို ၎င်းတို့၏ သဘာဝနှင့်အသုံးပြုမှုများအပေါ် မူတည်၍ အမျိုးအစား(၁၃)မျိုးခွဲခြားထားရှိပါသည်။ ၎င်းတို့မှာ (၁)ဝါး၊ (၂)ကြိမ်၊ (၃)ဆိုးဆေးအခေါက်၊ (၄)လျှော်၊ (၅)အနံ့ရှိသော အခေါက်/သစ်သားများ (၆)အစေး၊သစ်စေးများ၊ (၇)ဟင်းခတ်အမွှေးအကြိုင်များ၊ (၈)အမိုးအကာပြုလုပ်သည့်ပစ္စည်းများ၊ (၉)ဆိုးဆေးပစ္စည်းများ၊ (၁၀)တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ (၁၁)ဆေးဖက်ဝင်အပင်များ (၁၂)စားသုံးနိုင်သောပစ္စည်းများနှင့် (၁၃) အထွေထွေတို့ဖြစ်ကြပါသည်။

## မိသားစု၏စားဝတ်နေရေးရိက္ခာကို ဖြည့်တင်းပေးသော သစ်တောထွက်ပစ္စည်းများ

### ဆောက်လုပ်ရေးလုပ်ငန်းသုံးအဖြစ် အသုံးပြုနိုင်သောပစ္စည်းများ

ဝါးသည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများအတွက် အိမ်အမိုး၊ အကာ၊ အခင်း၊ အိမ်တိုင်၊ ခြံစည်းရိုးနှင့် ဆောက်လုပ်ရေး အထောက်အကူပြုပစ္စည်းများအဖြစ် အလွန်အသုံးဝင်ပေသည်။ အသုံးအများဆုံးသော ဝါးမျိုးများမှာ ကျသောင်းဝါး၊ တင်းဝါး၊ မျှင်ဝါး၊ ကရင်ဝါး၊ သနပ်ဝါး၊ ဝါးဘိုးဝါး၊ ဝါးဘိုးမျက်ဆံကျယ်နှင့် ဝါးဖြူဝါးတို့ဖြစ်ကြပါသည်။ အခြားဆောက်လုပ်ရေးလုပ်ငန်းအတွက် အသုံးဝင်သော အခြားသစ်တောထွက်ပစ္စည်းများမှာ သက်ကယ်၊ ဓနိ၊ စလူ၊ အင်ဖက်နှင့် တောင်ထန်းတို့ဖြစ်ကြပြီး လျှော်မျိုးရင်းအပင်များဖြစ်သည့် လျှော်နီ၊ လက်ပံလျှော်၊ လျှော်ဂလူနှင့် တရော်တို့ကိုလည်း ကြိုးခွေထုတ်လုပ်ရန် အသုံးပြုကြပေသည်။

### လက်မှုပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုနိုင်သောပစ္စည်းများ

အခြားအသုံးဝင်သောလယ်ယာသုံးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများဖြစ်သည့် စကော၊ စကာ၊ ခြင်း၊ တောင်း၊ ဖျာ စသည့်ပစ္စည်းများကိုလည်း အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ဝါးနှင့်ကြိမ်တို့မှရရှိပေသည်။ မြန်မာနိုင်ငံရှိ အမြဲစိမ်းတောကြီးများနှင့် သမပိုင်းအမြဲစိမ်းတောများတွင် ကြိမ်မျိုးပေါင်း (၃၆)မျိုးခန့်ပေါက်ရောက်လျက်ရှိပြီး အသုံးများသော ကြိမ်မျိုးများမှာ ယမထာကြိမ်၊ ရေကြိမ်၊ ကြက်ဥကြိမ်၊ ခပေါင်းကြိမ်၊ ကြိမ်ပုပ်နှင့် သိုင်းကြိမ်တို့ဖြစ်ကြပါသည်။ အခြားအရေးပါသော မြန်မာလူမျိုးတို့ အဓိကအသုံးပြုသော သင်ဖြူးဖျာ

မှာလည်း သင်ပင်မှုရှိသော လျှော်ဖြင့်ရက်လုပ်ထားခြင်း ဖြစ်ပေသည်။

**စွမ်းအင်လောင်စာအဖြစ် အသုံးပြုနိုင်သောပစ္စည်းများ**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်နေပြည်သူများနှင့် အချို့သော မြို့နေလူတန်းစားများပင်လျှင် စွမ်းအင်အတွက် ထင်းနှင့်မီးသွေးကို အဓိကအသုံးပြုနေကြရဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ထို့နည်းအတူဖြစ်ပြီး ထင်းသည် အဓိကလောင်စာအဖြစ် အသုံးပြုသောပစ္စည်းဖြစ်ပေသည်။ ဤနေရာတွင် တစ်ခုပြောလိုသည်က ထင်းကိုအခြားသစ်တောထွက်ပစ္စည်းအဖြစ်သတ်မှတ်ရန် အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် တိတိကျကျ ဖော်ပြလေ့မရှိသော်လည်း သစ်မှလွဲ၍ အခြားသစ်တောထွက်ပစ္စည်းများဟု ဖော်ပြထားသောကြောင့် ထင်းကိုအခြား သစ်တောထွက်ပစ္စည်းအဖြစ် ထည့်သွင်းဖော်ပြလိုပါသည်။

**အစားအစာအဖြစ် အသုံးပြုနိုင်သောပစ္စည်းများ**

သစ်တောကြီးများမှ ဒေသခံကျေးလက်နေ ပြည်သူများအတွက် အသီးအနှံ၊ သစ်ဥသစ်ဖု၊ ဟင်းသီးဟင်းရွက်နှင့် တောကောင်များ၊ ပျားရည်နှင့်အစားအစာများကိုလည်း ထောက်ပံ့ပေးပါသည်။ ဥပမာ– မျှစ်၊ မှို၊ ဆီးဖြူ၊ ဖန်ခါး၊ အင်ဥ တို့မှာ အများဆုံးထုတ်ယူသုံးစွဲကြသည့် အခြားသစ်တောထွက်ပစ္စည်းများဖြစ်ကြပေသည်။ မြန်မာလူမျိုးများအနေဖြင့် နေ့စဉ်ထမင်းဟင်းချက်ပြုတ်ရာတွင်လည်း ဟင်းခတ်အမွှေးအကြိုင်များကို သုံးစွဲလေ့ရှိကြပြီး အသုံးပြုလေ့ရှိသောပစ္စည်းများမှာ ဖာလာ၊ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ကရဝေး တို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ သဘာဝတောကြီးများတွင် ဇီဝမျိုးစုံမျိုးကွဲများလည်း ကြွယ်ဝသည့်အလျောက် ငှက်များ၊ နို့တိုက်သတ္တဝါများ၊ ကုန်းနေရေနေသတ္တဝါများ၊ ငါးများနှင့် အင်းဆက်ပိုးမွှားများ စွာတည်ရှိပေသည်။ ဤသတ္တဝါများနှင့် ၎င်းတို့မှထွက်ရှိသည့် ပစ္စည်းများကိုလူတို့၏ အာဟာရဖြည့်တင်းရေးအတွက် ထုတ်ယူသုံးစွဲရုံသာမက ဝင်ငွေရရှိရေးအတွက်ပါ ထုတ်ယူနေကြကြောင်း တွေ့ရှိရပါသည်။

**ဆေးဖက်ဝင်သစ်တောထွက်ပစ္စည်းများ**

သစ်တောအပေါ်တွင် အမှီပြုနေထိုင်ကြသော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဖက်ဝင်အပင်များသည် အလွန်အရေးပါပေသည်။ ယနေ့ခေတ်အခါတွင် ခေတ်မီဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဖွံ့ဖြိုးတိုးတက်လာပြီဆိုသော်လည်း ထိုကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုများမှာ ဝေးလံခေါင်ဖျားဒေသများတွင်နေထိုင်သော ကျေးလက်နေပြည်သူများအတွက် သွားလာရခက်ခဲသည်ကတစ်ကြောင်း၊ ခေတ်မီဆေးဝါးများကိုဝယ်ယူသုံးစွဲရန် မတတ်နိုင်ကြသည်ကတစ်ကြောင်း အလှမ်းဝေးနေဆဲဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်းတို့အတွက် ဆေးဖက်ဝင်အပင်များမှာ သဘာဝတောတောင်ကြီးများထဲမှ အလွယ်တကူထုတ်ယူနိုင်ပြီး အဖိုးမဖြတ်နိုင်သော ကျန်းမာရေးစောင့် ရှောက်မှုဟုလည်း ဆိုနိုင်ပေသည်။ အသုံးပြုလေ့ရှိသော ဆေးဖက်ဝင်အပင်များမှာ ဘုံမရာဇာ၊ ဆူးဖြူ၊ နွယ်၊ ဘန့်ဘွေး၊ အုံးတုံ၊ ပွေးကိုင်း၊ တောရှောက်၊ ဝံအူ၊ တောင်တန်ကြီး၊ မယားနင်း စသည်တို့ဖြစ်ကြပေသည်။

**အခြားသစ်တောထွက်ပစ္စည်းများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု**

**နေ့စဉ်အခြေခံလိုအပ်ချက် ထောက်ပံ့ပေးနိုင်ခြင်း** (NTFPs in household provisioning)

ကျေးလက်နေ ဆင်းရဲချို့တဲ့သော ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အစားအစာ၊ စွမ်းအင်၊ အမိုးအကာ၊ ဆေးဝါးနှင့် အခြားအခြေခံလိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်သောကြောင့် အခြားသစ်တောထွက်ပစ္စည်းများကို နေ့စဉ်ဝမ်းစာဖူလုံရေး အထောက်အပံ့ပစ္စည်းများအဖြစ် သတ်မှတ်နိုင်ပေသည်။

**အိမ်၏ထွက်ငွေကိုစုဆောင်းထိန်းသိမ်းပေးနိုင်ခြင်း** (NTFPs allow cash saving)

အိမ်ထောင်စုများအနေဖြင့် အခြားလိုအပ်သော အခြေခံလိုအပ်ချက်များကို ဝယ်ယူသုံးစွဲရခြင်းထက် အခြားသစ်တောထွက်ပစ္စည်းများကို နေ့စဉ်မှီခိုအသုံးပြုနေခြင်းက ပိုမိုအကျိုးရှိစေပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားသစ်တောထွက်ပစ္စည်းများမှာ သဘာဝသစ်တောကြီးများမှ အလွယ်တကူနှင့် ကုန်ကျစရိတ်မရှိပဲ ထုတ်ယူသုံးစွဲနိုင်သောကြောင့် ဖြစ်ပေသည်။ ထိုကဲ့သောအခြေခံလိုအပ်သည့် အစားအစာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဆေးဝါးများကို သဘာဝတောကြီးများမှ မှီခိုအားထားနိုင်ခြင်းအားဖြင့် အခြားအခြေခံလိုအပ်ချက်များ– အထူးသဖြင့် သဘာဝမှထုတ်ယူသုံးစွဲခြင်း မပြုနိုင်သောပစ္စည်းများ (ဥပမာ– စိုက်ပျိုးရေးအတွက် လိုအပ်သော ဓာတ်မြေသြဇာ၊ မျိုးစေ့၊ ကလေးပညာရေး၊ အရေးပေါ်ကျန်းမာရေးအတွက် လိုအပ်သောငွေကြေးစသည်တို့)အတွက် ငွေကြေးပိုမိုစုဆောင်းထားနိုင်သည့်သဘောမျိုး သက်ရောက်သောကြောင့် အခြားသစ်တောထွက်ပစ္စည်းများသည် အိမ်၏ထွက်ငွေကို ထိန်းသိမ်းပေးသောပစ္စည်းများဟူ၍လည်း သတ်မှတ်နိုင်ပေသည်။

**ဝင်ငွေရရှိနိုင်ခြင်း** (NTFPs for cash generation)

အခြားသစ်တောထွက်ပစ္စည်းများကို အိမ်သုံးအတွက် သုံးစွဲရုံသာမက ပိုလျှံပါကရောင်းချခြင်း(သို့) တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေရရှိနိုင်ပါသည်။ အချို့သော အိမ်ထောင်စုများမှာ ပမာဏအနည်းငယ်ပဲထုတ်ယူ၍ ရောင်းချခြင်းအားဖြင့် မိသားစုအတွက် ဝင်ငွေအနည်းငယ်သာ ထောက်ပံ့ပေးနိုင်သော်လည်း အချို့သောမိသားစုများအနေဖြင့် အခြားသစ်တောထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းကို အချိန်ပြည့်လုပ်ငန်းတစ်ခုအဖြစ်လုပ်ကိုင်ကာ တန်ဖိုးမြှင့်ပစ္စည်း

များ ထုတ်လုပ်ရောင်းချခြင်းအားဖြင့် မိသားစု စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် လုပ်ဆောင်နိုင်သောကြောင့် အခြားသစ်တောထွက် ပစ္စည်းများသည် မိသားစုဝင်ငွေရပစ္စည်းများဟုလည်း ခေါ်ဆိုနိုင် ပေသည်။



ဆေးဖက်ဝင်အပင်များ (အမြစ်၊ ဥများနှင့် ပင်စည်များ)

**ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာပွဲများအတွက် အသုံးပြုနိုင်ခြင်း**
(NTFPs in local culture)

ဤအယူအဆမှာ ကျွန်တော်တို့နိုင်ငံတွင် တွေ့ရနည်း သော်လည်း အာဖရိက၊ နီပေါ၊ ဘူတန် စသည့်နိုင်ငံများတွင် အသုံးပြုလျက်ရှိကြသည်ကိုတွေ့ရပါသည်။ ၎င်းနိုင်ငံများတွင် ဘာသာရေးအယူအဆနှင့် ပတ်သက်သည့် ပွဲတော်များတွင် အခြားသစ်တောထွက်ပစ္စည်းကို အသုံးပြုလေ့ရှိကြပြီး တန်ဖိုး ထားကြလေ့ရှိကြကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ၎င်း ပစ္စည်းများကို ဒေသထွက်ယဉ်ကျေးမှုပစ္စည်းများအဖြစ် ရောင်း ချခြင်း၊ ၎င်းပစ္စည်းများမှ ပြုလုပ်သည့် အစားအစာ၊ သောက် စရာများကိုရောင်းချခြင်းဖြင့် ဝင်ငွေရလုပ်ငန်းအဖြစ်ပါ တွဲဖက် လုပ်ကိုင်နိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။



စကားဝါပန်း

**ထောက်ပံ့ပေးသော၊ ထိန်းညှိပေးသောဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ခြင်း**
(NTFPs providing supporting and regulation services)



အင်ဖက်များ

အထက်တွင် အခြားသစ်တောထွက်ပစ္စည်းများသည် ဒေသခံပြည်သူများ၏ စားဝတ်နေရေးအတွက် ထောက်ပံ့ထိန်း ညှိပေးသောပစ္စည်းအဖြစ် ဆောင်ရွက်ပေးနိုင်ကြောင်း ဖော်ပြ ခဲ့ပြီးဖြစ်ပေသည်။ ထို့အပြင် သစ်တောထွက်ပစ္စည်းများသည် ဇီဝမျိုးစုံမျိုးကွဲအတွက်လည်း ယေဘုယျအားဖြင့် ထောက်ပံ့ပေး နိုင်သည်ဟုလည်းယူဆနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားသစ်တောထွက်ပစ္စည်းများသည်လည်း ဇီဝမျိုးစုံမျိုးကွဲ တွင်အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်နေပြီး ဂေဟစနစ်နှင့် ဒဏ်ခံနိုင်မှုတွင် အရေးပါသော အခန်းကဏ္ဍ၌ ရပ်တည်နေသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်၍ သစ်တော ထွက်ပစ္စည်းများကို ကောင်းမွန်စွာစီမံခန့်ခွဲမှုမရှိခြင်း သို့မဟုတ် အလွန်အမင်းထုတ်ယူသုံးစွဲခြင်းကြောင့် မျိုးသုန်းပျောက်ကွယ် သွားစေခြင်းအားဖြင့် သစ်တောဂေဟစနစ် စက်ယန္တရားကြီးပုံမှန် လည်ပတ်မှုတွင် ထိခိုက်ဆုံးရှုံးမှုများရှိမှာ အမှန်ပင်ဖြစ်ပေသည်။



စားသုံးနိုင်သောမှိုများ

သို့ဖြစ်ပါ၍ ထိုကဲ့သောအရေးပါသော အခြားသစ် တောထွက်ပစ္စည်းများ၏ အခန်းကဏ္ဍကိုသိရှိပြီး ကောင်းမွန်စွာ အသုံးချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးအတွက်သာမက သစ်တောဂေဟစနစ်ကြီး ပုံမှန်ထိန်းညှိ လည်ပတ်နိုင်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း တိုက် တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

References

- Ahenkan, Albert, and Boon. 2016. "Assessing the Impact of Forest Policies and Strategies on Promoting the Development of Non-Timber Forest Products in Ghana." Accessed August 11.
- Lwin, KhinMaung. 1995. "Non-Wood Forest Products in Myanmar, In Beyond Timber: Social, Economic and Cultural Dimensions of Non-Wood Forest Products in Asia and the Pacific, RAP Publication 1995/13." Food and Agriculture Organization of the United Nations.
- Shackleton, Sheona, Charlie Shackleton, and Patricia Shanley. 2011. Non-Timber Forest Products in the Global Contex. http:// www.springer.com/ us/book/ 9783642179822.

# သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်သတင်းများ

တက်နေထွန်းတောအုပ်ကြီးတိုးချဲ့

## ရာသီဥတုပြောင်းလဲမှုနဲ့ လူသားတို့ပယောဂကြောင့် ခန်းခြောက်ခဲ့ရတဲ့ ပူးပိုရေကန်

ရာပေါင်းများစွာသော ဒေသခံတို့၏ မှီခိုရာ၊ ရေနေနှင့်အခြားသော တိရစ္ဆာန်တို့၏ကျက်စားရာ ဘိုလစ်ဗီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သည့် ပူးပိုရေကန်(Poopo Lake) ကြီးကတော့ ခြောက်ခန်းသွားလေပြီ။ အကျယ်အဝန်းအားဖြင့် ၉၇၇ စတုရန်းမိုင်ခန့်ရှိသည့် ရေကန်ကြီးတစ်ကန် အတိတ်မှာတည်ရှိခဲ့မှုကိုဖြင့် ပြန့်ကျဲနေတဲ့ ငါးအရိုးစုတွေ၊ အခြားတိရစ္ဆာန် အသေကောင်တို့ရဲ့ အကြွင်းအကျန်အချို့နဲ့ ပိုးလိုးပက်လက်ဖြစ်နေတဲ့ ငါးဖမ်းလှေတွေ၊ ရွံ့နဲ့ရေ မသဲကွဲတဲ့ ကန်အလယ်က ရေအိုင်သာသာရေကွက်လေးရှိနေလို့သာယုံရမယ့်အဖြစ်ပါ။

ဒါပေမယ့် ပူးပိုရေကန်ကြီးကတော့ဒီနေရာမှာ အမှန်အကန်ရှိခဲ့ပါတယ်။ နာမည်ကျော် ဟောလိဝုဒ်တည်ရှိရာ လော့စ်အိန်ဂျယ်လိစ်မြို့ အရွယ်အစားထက်နှစ်ဆခန့်ရှိတဲ့ ရေကန်ကျယ်ကြီးအဖြစ်တည်ရှိခဲ့တာပါ။ အန်တာဗီ(Untavi Village)ရွာသားတို့ရဲ့ ဝမ်းရေးကို ဖြည့်တင်းပေးနေတဲ့ ရေကန်သာကြီးအဖြစ်နဲ့ပေါ့။ ဒါပေမယ့် ဒေသခံတစ်ဝက်လောက်က သူ့ကျန်းမာရေး စဖောက်တဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သူ့ကိုစွန့်ခွာသွားကြပါပြီ။

ပူးပိုရေကန်ကြီးကို ဒီအခြေအနေရောက်အောင် မည်သူကများ တွန်းပို့ခဲ့ပါသလဲ? အဓိကတရားခံကတော့ ပြောင်းလဲလာတဲ့ ကမ္ဘာ့ရာသီဥတုပါ။ ပိုပြီးတိတိကျကျပြောရရင်ဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုရဲ့ နောက်ဆက်တွဲဖြစ်စဉ်တွေထဲကတစ်ခုဖြစ်တဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့်ပါပဲ။ ရေကန်ကြီးခန်းခြောက်မှုကို အဆက်မပြတ်လေ့လာခဲ့တဲ့ သုတေသနပညာရှင် မီလ်တန်ပဲရက်ဇ် (Milton Perez) အဆိုအရ ပူးပိုရေကန်တည်ရှိရာ ဘိုလစ်ဗီးယား အနောက်တောင်ပိုင်းဒေသဟာ အယ်လ်နီညိုဖြစ်စဉ်ကို ခပ်ပြင်းပြင်းနဲ့ ခပ်စိတ်စိတ်ခံစားခဲ့ရပါတယ်။ ဒေသရဲ့ပျမ်းမျှ အပူချိန်ဟာလည်း နှစ်ပေါင်း ၆၀ အတွင်း ၀.၉ ဒီဂရီဆဲစီးယပ်စ်အထိ ပိုမိုပူပြင်းခဲ့ပါတယ်။



ခန်းခြောက်နေသော ပူးပိုရေကန်ကြမ်းပြင်ပေါ်မှ တွေ့ရှိရသည့် ငါးရုပ်ကြွင်းတစ်ခု



ခန်းခြောက်နေသော ပူးပိုရေကန်ကြမ်းပြင်ပေါ်ရှိ ငါးဖမ်းလှေများ

အကျိုးဆက်ကတော့ ပူးပိုရေကန်ဟာ အငွေ့ပြန်ဆုံးရှုံးသွားတဲ့ ရေပမာဏကို ပြန်ဖြည့်ဖို့လုံလောက်တဲ့ အချိန်မရတော့ဘဲ ခန်းခြောက်သွားတော့တာပါပဲ။ အေပီ(The Associated Press)သတင်းဌာနရဲ့အဆိုအရ ပူးပိုရေကန်ဟာ မူလရေပြင်ရဲ့ နှစ်ရာခိုင်နှုန်းပဲကျန်ပါတော့တယ်။ အခြားသော ကျွမ်းကျင်သူတွေက ပူးပိုရေကန်ဟာ နဂိုအခြေအနေကို ပြန်ရောက်နိုင်တယ်လို့ယူဆပေမယ့် ပဲရက်ဇ်ကတော့ ပူးပိုကိုဆုံးရှုံးလိုက်ရပြီလို့ထင်နေပါတယ်။ ''ကျွန်တော်တော့ ကောင်းကင်လိုပြာလဲ့နေတဲ့ ပူးပိုကန်ရေပြင်ကို ပြန်မြင်ရမယ်လို့ မထင်တော့ပါဘူး''လို့ အေပီသတင်းဌာနကိုပြောခဲ့ပါတယ်။

ပူးပိုရေကန်ခြောက်သွေ့ပျောက်ကွယ်သွားမှုဖြစ်စေတဲ့ အကြောင်းရင်းတွေ ထဲမှာ အစိုးရရဲ့စီမံခန့်ခွဲမှု အမှားလည်းပါတယ်လို့ ဒေသခံတွေကပြစ်တင်နေကြပါတယ်။ ပူးပိုကန်ရဲ့ ရေအရင်းအမြစ်များစုဟာ ဒဲစကွာဒိုမြစ်(Desaguadero River)ကနေ စီးဝင်တာပါ။ ဒါပေမယ့်စိုက်ပျိုးရေးနဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေအတွက် ဒဲစကွာဒိုမြစ်ကိုလမ်းကြောင်းလွှဲ အသုံးပြုလာတာကြာပါပြီ။ သတ္တုလုပ်ငန်းအတွက် လမ်းကြောင်းလွှဲအသုံးပြုလာတာဆိုရင် ၁၉၈၂ ခုနှစ်ကတည်းကပါဟု ဒေသခံအုပ်စုရဲ့ခေါင်းဆောင် အိန်ဂျယ် ဖလောရက်စ်(Angel Flores)က အေပီသတင်းဌာနကိုပြောခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ဒဲစကွာဒိုမြစ်ကနေ ကန်ထဲကိုရေစီးဝင်မှုဟာ အင်မတန်နည်းပါးခဲ့ပါတယ်။ ''ဒီအဖြစ်အပျက်ဆိုးကြီးကိုဟန့်တားဖို့ ကြိုးစားအားထုတ်မှုတစ်စုံတရာလုပ်ခဲ့သင့်တာပါ'' ဟု ဒေသခံအုပ်စုခေါင်းဆောင်က မချိတင်ကဲထပ်မံပြောဆိုခဲ့ပါတယ်။

အစိုးရအရာရှိတွေကတော့ ဒေသခံတွေရဲ့ပြောဆိုမှုကို လက်မခံပါဘူး။ ရာသီဥတုပြောင်းလဲမှုကပဲ ပူးပိုကို ဒီအခြေအနေရောက်အောင်ပို့ခဲ့တာလို့ လက်ခံထားဆဲပါ။ ပြီးတော့ တစ်ချိန်မှာ ပူးပိုဟာမူလအခြေအနေကို ပြန်ရောက် မယ်လို့ယုံကြည်မျှော်လင့်နေပြီး ဥရောပသမဂ္ဂဆီကနေ ရေကန်ပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်ရန်အတွက် ဒေါ်လာသန်း ၁၄၀ ကိုတောင်းခံထားပါတယ်။

ပူးပိုရေကန်ကြီး မူလအခြေအနေပြန်ရောက် မရောက်ဆိုတာတော့ အချိန်ကလွဲပြီးဖြေဆိုနိုင်မယ့်သူရှိမယ်မထင်ပါဘူး။

***(TakePart သတင်းဝက်ဘ်ဆိုက်ပါ Samantha Cowan ၏ A Lake Twice the Size of Los Angeles Has Evaporated-and It May Never Return သတင်းဆောင်းပါးအား ဆီလျော်အောင်ဘာသာပြန်ဆိုပါသည်။)***

## စံချိန်တင် ရေမျက်နှာပြင်ကျဆင်းလာသည့် မိဒ်(Lake Mead)ရေကန်




**ခြောက်ခန်းသွားသော ဆည်ဧရိယာတစ်နေရာရှိ သတိပေးဆိုင်းဘုတ်တစ်ခု**

မိဒ်ရေကန်ဆိုသည်မှာ အမှန်တကယ်တော့ ကော်လိုရာဒိုမြစ်(Colorodo River)မြစ်ပေါ်မှာ တည်ဆောက်ထားသည့် ကမ္ဘာကျော် ဟူးဗားရေကာတာ(Hoover Dam)ကြီးကြောင့် ဖြစ်ပေါ်လာသည့် ဆည်တစ်ခုဖြစ်သည်။ ဆည်ရေပြည့်ချိန်တွင် ရေသိုလှောင်မှုပမာဏ ဧကပေသန်းပေါင်း ၂၆. ၁၂ (26.12 million acre feet)ထိ သိုလှောင်ထားနိုင်သော အမေရိကန်နိုင်ငံ၏ အကြီးဆုံးဆည်ကြီးဖြစ်သည်။ အယ်ရီဇိုးနား၊ ကယ်လီဖိုးနီးယား၊ နီဗားဒါးအစရှိသည့် ပြည်နယ်များ၏ လူဦးရေသန်းပေါင်းများစွာနှင့် စိုက်ပျိုးမြေများကို အကျိုးပြုနေသည့် ဆည်တစ်ခုလည်းဖြစ်သည်။

၁၄နှစ်ကြာ ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံစားရပြီးနောက် ဆည်ရေပြင်သည် အနိမ့်ဆုံးအခြေအနေထိ ကျဆင်းလာကြောင်း တာဝန်ရှိသူများက ကြေငြာခဲ့သည်။ လက်ရှိအချိန်တွင် ဆည်ရေမျက်နှာပြင်သည် ၁၀၈၁. ၇ ပေအထိ ကျဆင်းသွားပြီး ရေသိုလှောင်မှုပမာဏ ၃၉ ရာခိုင်နှုန်းသာကျန်ရှိတော့သည်။ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလရှည်လာသည်နှင့်အမျှ ရေမျက်နှာပြင် ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဝေဖန်မှုများ ကြုံတွေ့နေရသော်လည်း ပြန်လည်ထူထောင်ရေးဗျူရို၏ ဒေသဆိုင်ရာအကြီးအကဲ Terry Fulp (Regional Chief of U.S. Bureau of Reclamation) မှ ဆည်အပေါ်မှီခိုနေသည့် လူဦးရေသန်းပေါင်း ၄၀ အတွက် သိုလှောင်ရေ အလုံအလောက်ရှိသည်ဟု The Desert Sun သတင်းဌာနသို့ ပြောကြားခဲ့သည်။ သို့ရာတွင် ဆည်ရေမျက်နှာပြင် ၁၀၇၅ ပေထိကျဆင်းပါက နီဗားဒါးပြည်နယ်နှင့် အယ်ရီဇိုးနားပြည်နယ်များသည် ရေပြတ်တောက်မှု ဒဏ်ခံစားရမည်ဖြစ်ပြီး၊ ပေ ၈၀ ခန့် ဆက်လက်ကျဆင်းပါက ကယ်လီဖိုးနီးယား ပြည်နယ်သည် ရေပြတ်လပ်မှုဒဏ် အကြီးအကျယ်ခံစားရမည်ဖြစ်သည်။

နာဆာအဖွဲ့မှ အကြီးတန်းသိပ္ပံပညာရှင် Joe Famiglietti မှ လက်ရှိရေခွဲဝေပေးသည့် မူဝါဒကိုပြန်လည်သုံးသပ်

ရန်အကြံပြုထားသည်။ ထို့အပြင် ဆည်ရေကိုခွဲဝေသုံးစွဲနေသည့် ပြည်နယ်များအကြားအနာဂတ်တွင် ကြုံတွေ့ရနိုင်သည့် ပြဿနာများအပေါ် အတူတကွဖြေရှင်း ဆောင်ရွက်ကြဖို့ပါ တိုက်တွန်းထားသည်။

မြစ်ဖျားပိုင်းနှင့် ရေဝင်ဒေသများရှိရေခဲနှင့် နှင်းများအရည်ပျော်ခြင်းမှ ထွက်ရှိလာမည့် ရေပမာဏသည် ရေပြတ်လပ်မှုကို သက်သာစေနိုင်သည်ဆိုသည့် ယူဆချက်များလည်းရှိပါသည်။ သို့ရာတွင် ထိုယူဆချက်မှန်ကန်ခဲ့လျှင်တောင်မှ ရေတိုကာလအတွက်သာ သက်သာရာရနိုင်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်များကို ရေရှည်ရင်ဆိုင်ဖြေရှင်းနိုင်လောက်သည်အထိ အားကိုး၍ ရနိုင်မည်မဟုတ်ပါ။

အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများမှ ရေသယံဇာတဆိုင်ရာပြန်လည်သုံးစွဲရေး၊ စုဆောင်းသိုလှောင်ရေးနှင့် အခွန်အကောက်ဆိုင်ရာမူဝါဒများကိုပြန်လည်သုံးသပ်ရန် တိုက်တွန်းထားပါသည်။ သို့သော် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒချမှတ်သူများနှင့် နိုင်ငံရေးသမားများ၏ ထောက်ခံမှုနှင့် စိတ်ဝင်စားမှုကိုမရှိမဖြစ်လိုအပ်ပါသည်။

Source: http://www.takepart.com

## ကမ္ဘာ့မျိုးစေ့ဘဏ်၏ ဘေးကင်းလုံခြုံမှုကို စမ်းသပ်လိုက်သည့် ရာသီဥတုပြောင်းလဲမှု



စပါးဘတ် မျိုးစေ့ဘဏ်၏ဝင်ပေါက်အား အပေါ်စီးမှမြင်တွေ့ရပုံ



မျိုးစေ့များသိုလှောင်ရာ အတွင်းခန်းတစ်နေရာ

ကမ္ဘာ့မျိုးစေ့ဘဏ် စပါးဘတ်(Svalbard)ကို နော်ဝေနိုင်ငံ မြောက်ဝင်ရိုးစွန်းဒေသရှိ ဆီးနှင်းအမြဲဖုံးလွှမ်းလျက်ရှိသော တောင်တန်းများအောက်တွင် တည်ဆောက်ထားသည်။ ကမ္ဘာတစ်ဝန်းမှ စိုက်ပျိုးသီးနှံမျိုးစေ့များကို အဆိုပါမျိုးစေ့ဘဏ်တွင် စုဆောင်းသိမ်းဆည်းထားခြင်းဖြင့် သဘာဝနှင့် လူသားတို့၏ ပယောဂကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်ကပ်ဆိုးများ ကြုံတွေ့လာရပါက မျိုးသုန်းပျောက်ကွယ်ခြင်း မဖြစ်စေရန်ကာကွယ်နိုင်မည်ဖြစ်သည်။ စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၈ ခုနှစ်မှ ယခုအချိန်ထိ မျိုးစေ့သေတ္တာတစ်သန်းခန့် စုဆောင်းသိုလှောင်နိုင်ခဲ့ပြီး ကမ္ဘာ့စိုက်ပျိုးသီးနှံမျိုးစိတ်အားလုံး၏ သုံးပုံတစ်ပုံခန့်ကို သိုလှောင်ထိန်းသိမ်းနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ် မတ်လအတွင်း သွားရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး၏ နော်ဝေနိုင်ငံ ခရီးစဉ်အတွင်းတွင် မြန်မာ့သစ်ခွမျိုးစိတ်(၂၇၀)ကို သိုလှောင်ထိန်းသိမ်းနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

စပါးဘတ်ကိုဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကပ်ဆိုးများ၏ ဖျက်ဆီးမှုဒဏ်ကို ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်တည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအခြေအနေအောက်တွင် ၎င်း၏ဘေးကင်းလုံခြုံမှုကို မေးခွန်းထုတ်စရာ အခြေအနေတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာ့စံချိန်တင်ပူပြင်းခဲ့သည့် ၂၀၁၆ အကုန်တွင် မျိုးစေ့ဘဏ်တည်ဆောက်ထားသည့် တောင်တန်းဒေသများတွင် ဆီးနှင်းများအရည်ပျော်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကြုံတွေ့ခဲ့ရသည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် မျိုးစေ့ဘဏ်အတွင်း ရေစိမ့်ဝင်ခြင်းကြုံတွေ့ခဲ့ရသည်။ ကံကောင်းသည့်အချက်မှာ မျိုးစေ့ဘဏ်အတွင်း အပူချိန်ဖြစ်သည့် အနုတ်(၁၈)ဒီဂရီဆဲလ်စီးယပ်ကြောင့် စိမ့်ဝင်လာသည့် ရေများခဲသွားကာ မျိုးစေ့များသိုလှောင်ထားသည့် အခန်းတွင်းသို့ဝင်ရောက်ခြင်းမှ ကာကွယ်လိုက်နိုင်ခြင်းဖြစ်သည်။

နောင်တွင်မျိုးစေ့ဘဏ်ဘေးကင်းရေး စီမံအုပ်ချုပ်ရာ၌ ရာသီဥတုပြောင်းလဲလာခြင်းကို အလေးထားစဉ်းစားရတော့မည်ဖြစ်သည်။ မျိုးစေ့ဘဏ်တည်ဆောက်ထားရာဒေသသည် အခြားသောကမ္ဘာ့ဒေသများထက် ပိုမိုပူနွေးလာပြီး ၂၀၁၆ အကုန်တွင် ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီဆဲလ်စီးယပ်ထိမြင့် တက်ခဲ့သည်။ နော်ဝေအစိုးရမှတာဝန်ရှိသူ Hege Njaa Aschim အဆိုအရ မျိုးစေ့ဘဏ်တည်ဆောက်ခဲ့စဉ်က ယခုကဲ့သို့ဆိုးရွားသည့် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိခဲ့ချေ။ သို့ရာတွင် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု အကျိုးဆက်များသည် စပါးဘတ်ကို ကွက်၍မျက်နှာသာ

ပေးမည်မဟုတ်ပါ။

ယခုအချိန်တွင် တာဝန်ရှိသူများသည် မျိုးစေ့ဘဏ်ကို ၂၄ နာရီမပြတ် စောင့်ကြည့်နေရပြီး ကြိုတင်ပြင်ဆင်မှုများကိုလည်းစတင်ဆောင်ရွက်နေရပြီဖြစ်သည်။ အခန်းတွင်းအပူချိန်ကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ပစ္စည်းများကိုနေရာရွှေ့ခြင်း၊ ရေနစ်မြုပ်ခြင်းဖြစ်ပေါ်ပါက ချက်ခြင်းဖြေရှင်းနိုင်ရန် ရေစုပ်စက်များတပ်ဆင်ခြင်းနှင့် ရေထုတ်မြောင်းများဖောက်ခြင်း စသည်တို့ကိုဆောင်ရွက်နေသည့်အပြင် မျိုးစေ့ဘဏ်ကို ရေလုံစေရန် အစီအမံများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မျိုးစေ့ဘဏ်ကို ထာဝရတည်တံ့စေဖို့ တည်ဆောက်ခဲ့တာပါဟု မျိုးဗီဇဆိုင်ရာစင်တာမှ Asmund Asdal က ပြောကြားခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုက စပါးဘတ်၏တည်ရှိမှုကို စတင်စမ်းသပ်လိုက်ပါပြီ။ ကံကောင်း၍သာ ကမ္ဘာတစ်ဝန်းရှိ အဖိုးတန်မျိုးစေ့များရေမြုပ်ခြင်းဘေးက လွတ်ကင်းခဲ့ခြင်းဖြစ်သည်။ ကံကောင်းခြင်းကို အကြိမ်တိုင်းမျှော်လင့်၍မရနိုင်ပါ။ သို့ဖြစ်၍ ဖောက်ပြန်ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုအခြေအနေအောက်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။

Source – the guardian

## Essential Watch Words for Young Generation in Myanmar Society

အမည်မသိစာဆို(ပြင်ဦးလွင်)

| | |
|---|---|
| ၁။ သေချာတိကျခြင်း | 1. Accuracy |
| ၂။ လိုက်လျောညီထွေကျင့်ကြံခြင်း | 2. Adaptability |
| ၃။ စွန့်စားစိတ်ရှိခြင်း | 3. Adventure |
| ၄။ နှစ်သက်ဖွယ်ဖြစ်ခြင်း | 4. Agreeableness |
| ၅။ တိုးတက်ချင်စိတ်ရှိခြင်း | 5. Ambition |
| ၆။ အကောင်းအမြတ်ကိုသိမြင်ခြင်း | 6. Appreciation of the Beautiful |
| ၇။ သတိရှိခြင်း | 7. Caution |
| ၈။ ကြည်လင်ရွှင်ပြခြင်း | 8. Cheerfulness |
| ၉။ သန့်ပြန့်စင်ကြယ်ခြင်း | 9. Cleanliness |
| ၁၀။စွဲမြဲစူးစိုက်ခြင်း | 10. Concerntration |
| ၁၁။ရောင့်ရဲတင်းတိမ်ခြင်း | 11. Contentment |
| ၁၂။ပူးပေါင်းဆောင်ရွက်ခြင်း | 12. Co-operation |
| ၁၃။ရဲရင့်သတ္တိရှိခြင်း | 13. Courage |
| ၁၄။ယဉ်ကျေးသိမ်မွေ့ခြင်း | 14. Courtary |
| ၁၅။သိချင်တတ်ချင်စိတ်ရှိခြင်း | 15. Curiosity |
| ၁၆။စိတ်ဆုံးဖြတ်ခြင်း | 16. Decision |
| ၁၇။ဝတ္တရားကျေခြင်း | 17. Dutifulness |
| ၁၈။ကြိုးစားအားထုတ်ခြင်း | 18. Effort |
| ၁၉။ယုံကြည်မှုရှိခြင်း | 19. Faith |
| ၂၀။မိတ်ဖွဲ့စိတ်ရှိခြင်း | 20. Friendliness |
| ၂၁။ပေးကမ်းစွန့်ကြဲခြင်း | 21. Gemerosity |
| ၂၂။ကျေးဇူးသိတတ်ခြင်း | 22. Gratitude |
| ၂၃။ပျော်ရွှင်ခြင်း | 23. Happiness |

# ပိုးဆေးနွယ်ရှင် (ခေါ်) ရှီးပဒီး

ဒေါ်ကြည်ကြည်ခိုင်၊ သုတေသနလက်ထောက် (၂)
သစ်တောသုတေသနဌာန

ဇီဝမျိုးစုံမျိုးကွဲများ ကွင်းဆင်းလေ့လာခြင်း သုတေသနလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် ကချင်ပြည်နယ်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ဆောင်ပနားအပူပိုင်း ရုက္ခဗေဒဥယျာဉ်(XTBG)မှ ပညာရှင်များနှင့်အတူ လိုက်ပါဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ ဤခရီးစဉ်တစ်လျှောက်လုံး ကျွန်မ၏စိတ်အဝင်စားဆုံးဖြစ်ခဲ့သည့်အရာကို ပြောရမည်ဆိုပါက ပိုးဆေးနွယ်ရှင်(ခေါ်)ရှီးပဒီးမှို (*Ophiocordyceps sinensis*)ဖြစ်ပါသည်။ Codyceps မျိုးစုများစွာရှိသည့်အနက် *Ophiocordyceps sinensis* သည် ကမ္ဘာပေါ်တွင်အကျော်ကြားဆုံး မျိုးစိတ်ဖြစ်ပါသည်။

ရုက္ခဗေဒအရ– Synonyns
*Sphaeria sinensis* Berk.(1843)
*Cordyceps sinensis* (Berk.) c.
Kingdom : Fungi
Division : Ascomycota
Class : Sordariomycetes
Order : Hypocreales
Family : Ophiocordycipitaceae
Genus : Ophiocordyceps
Species : O.sinensis



ရှီးပဒီးသည် ခူကောင်၊ ပေါက်ဖက်ကလေးများပေါ်တွင်အခြေတည်ပြီး ဖြစ်ပေါ်လာသည့် မှိုတစ်မျိုးဖြစ်ပါသည်။ သက်ရှိပိုးလောင်းလေးမှာ ကပ်ပါးမှိုဝင်လာ၍ ပိုးလောင်းလေးမှာသေဆုံးသွားပြီး ၎င်း၏ကိုယ်ထည်မှ တုတ်ချောင်းပုံကိုယ်ထည်ရှိတဲ့ မှိုထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ကပ်ပါးမှိုနှင့်လိပ်ပြာမဖြစ်ခင် ပိုးတုံးလုံးတို့ပေါင်းစပ်ထားသော အပင်တစ်ဝက် သတ္တဝါတစ်ဝက် ဆေးဖက်ဝင်ပစ္စည်းလည်းဖြစ်ပါသည်။ ပိုးတုံးလုံးပေါ်သို့ ကပ်ပါးမှိုသာလာမကပ်ခဲ့လျှင် ပိုးတုံးလုံးမှာလိပ်ပြာဖြစ်သွားမည်ဖြစ်ပါသည်။ ကပ်ပါးမှိုလာကပ်ရခြင်းကြောင့် ရှီးပဒီးအဖြစ်သို့ပြောင်းသွားခြင်းဖြစ်ပါသည်။









ၚင်းကိုအမြင့်ပေ(၁၄၀၀၀)ကျော် အမြင့်ရှိသည့် တိဘက်၊ နီပေါ၊ ဟိမဝန္တာနှင့် ကချင်ပြည်နယ် ရေခဲတောင်တန်းပေါ်၌သာတွေ့ရှိရပြီး ဧပြီလနှင့်ဩဂုတ်လအတွင်းရရှိနိုင်ပါသည်။ တွေ့ရှိရန်ခက်ခဲသကဲ့သို့ စုဆောင်းရန်လည်း ခက်ခဲလှပါသည်။ ပူတာအိုဒေသရှိ ရဝမ်လူမျိုးအချို့နှင့် ဒေသခံတို့သည် ရှီးပဒီးကိုစီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ တချို့မှာ ပူတာအိုတွင်ရောင်းချပြီး၊ တချို့ကတော့ တရုတ်ပြည်နယ်စပ်သို့ သွားရောက်ရောင်းချကြသည်ကို ဒေသခံများ၏ပြောပြချက်အရသိရှိခဲ့ရပါသည်။ ပူတာအိုလေဆိပ်တွင်လည်း ရှီးပဒီးနှင့် တောပျားရည်တို့ ရောစပ်ထားသော ပုလင်းများကို ဆေးဖက်ဝင်အဖြစ်ရောင်းချနေကြသည်ကိုလည်း  တွေ့ရှိခဲ့ရပါသည်။

ရှီးပဒီး၏အပင်ဘဝ(mycelium)သည် ဆေးဖက်ဝင်သောကြောင့် တန်ဖိုးကြီးလှပါသည်။ အပင်နှင့်သတ္တဝါနှစ်မျိုးပေါင်းစပ်၍ရရှိသော တစ်ခုတည်းသော သဘာဝဆေးဝါးလည်းဖြစ်ပါသည်။ ၚင်းတွင်သဘာဝအတိုင်း အခြားအပင်များ၌မတွေ့ရသော ဓာတုဒြပ်ပေါင်းများပါဝင်သဖြင့် ဦးနှောက်သွေးလှည့်ပတ်ခြင်းနှင့် နှလုံးသွေးလှည့်ပတ်ခြင်းအပေါ် အကျိုးသက်ရောက်စေပါသည်။  ကျောက်ကပ်ပျက်စီးသောသူများအတွက် ပိုးဆေးနွယ်ရှင်ကိုတစ်နေ့(၃. ၅)ဂရမ် သောက်သုံးပေးပါက ကျောက်ကပ်၏ လုပ်ငန်းဆောင်တာများ တိုးတက်ကောင်းမွန်စေပါသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက တရုတ်တိုင်းရင်းဆေးပညာတွင် ပိုးဆေးနွယ်ရှင်ကို အသက်ရှူလမ်းကြောင်း ကျန်းမာရေး၏ ကာကွယ်စောင့်ရှောက်သူဟုပင် တင်စားသတ်မှတ်ခဲ့ကြပါသည်။  အောက်စီဂျင်လုံလောက်စွာမရရှိသော  ပတ်ဝန်းကျင်၌ပင်ရရှိသော  အောက်စီဂျင်အနည်းငယ်ကိုထိရောက်စွာအသုံးပြုနိုင်ရန် ပြုလုပ်ပေးပါသည်။ ၚင်းတွင်ပါဝင်သော အဆီအနှစ်သည် လေပြွန်ကျုံ့ပြီးကျဉ်းခြင်းကို တားဆီးပေးသောကြောင့် လေပြွန်ရောင်နေသူများ၊ ပန်းနာရင်ကြပ်ရောဂါရှိသူများ၊ မောပန်းနွမ်းနယ်သူများနှင့် ကင်ဆာရောဂါရှိသူများအတွက်လည်း  အသုံးပြုနိုင်ပါသည်။

ယနေ့တွင် မြန်မာနိုင်ငံ၊ လှိုင်သာယာစက်မှုဇုန်ရှိ ဒေါက်တာခင်မောင်လွင်၏  FAME စက်ရုံ၌ ပိုးဆေးနွယ်ရှင်(ခေါ်)ရှီးပဒီးမှ  ဆေးဝါးများထုတ်လုပ်လျက်  ပြည်ပနိုင်ငံများသို့  တင်ပို့ရောင်းချနေသည်သာမက  ပြည်တွင်း၌လည်းရွှေပန်းတိုင်ကုမ္ပဏီမှ ကိုယ်စားလှယ်ယူပြီး(Cordyforte)  ဆေးဝါးများရောင်းချလျက်ရှိနေပါသည်။  ထို့ကြောင့်ယခင်ကရှေးဘုရင်မင်းများသာ  သုံးစွဲနိုင်သောဆေးဝါးများ  ကိုလွယ်ကူစွာရရှိနေခြင်းမှာလည်း  ဝမ်းသာစရာတစ်ခုပင်ဖြစ်ပါသည်။

ဆေးဖက်ဝင်တန်ဖိုးကြီးလှသော ရှီးပဒီးကိုစိုက်ပျိုး၍ မရနိုင်သောကြောင့် တရုတ်သိပ္ပံပညာရှင်များက မျိုးရိုးဗီဇဆိုင်ရာ သုတေသနလေ့လာမှုများပြုလုပ်ခဲ့ကြရာ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာမှ သုတေသနစာတမ်းပေါင်း (၉၆)စောင်ပြုလုပ်ပြီးဖြစ်ပါသည်။ အလွန်အမင်းစုဆောင်းမှုကြောင့် တရုတ်ပြည်တွင် အမျိုးအစားခွဲခြားရန် ရှားပါးမျိုးစိတ်စာရင်းဝင်နေသော (endanger  species)မျိုးစိတ်တစ်မျိုးလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှီးပဒီးမှိုများအား ကချင်ပြည်နယ်၏ ရေခဲတောင်များတွင်သာ သဘာဝအလျောက်ရှင်သန်ပေါက်ရောက်သည်ကိုတွေ့ရှိနိုင်ပြီး သိပ္ပံနည်းကျ မျိုးပွားမွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအား  ကောင်းစွာအထောက်အပံ့ပြုနိုင်သည့်  တန်ဖိုးရှိသောဒေသထွက်ကုန်တစ်ခုလည်းဖြစ်ပါသည်။

ထို့ကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းအား ကောင်းစွာအထောက်အပံ့ပြုနေသည့် ရှီးပဒီးမှို၏ပြင်ပရုပ်သွင် (morphology)နှင့် ကြီးထွားပုံအလေ့အထ (growth habits)တို့ကို သုတေသနပြုဆောင်ရွက်ရန်နှင့် ရှီးပဒီးမှိုများမျိုးသုန်းပျောက်ကွယ်ခြင်းအား ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့်အပြင် ဒေသခံများအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နည်း၊  မျိုးပွားနည်းပညာပေးသင်တန်းများ  လိုအပ်ပါကြောင်း  တင်ပြလိုက်ရပါသည်။

References:  https://en.m.wikipedia.org>wiki>
Dr.KhinMaungLwin, Healthplus, FAME Pharmaceuticals



# FUTURE CHANGES, RICKS AND IMPACTS. of Climate Change

## by

U Sein Thet, Director (Rtd).

**Climate Changes, Risks and Impacts**

Continued emission of greenhouse gases will cause further warming and long-lasting changes in all components of the climate system, increasing the likelihood of severe, pervasive and irreversible impacts for people and ecosystems. Limiting climate change would require substantial and sustained reductions in greenhouse gas emissions which, together with adaptation, can limit climate change risks.

**Key drivers of future climate**

Cumulative emissions of $CO_2$ largely determine global mean surface warming by the late 21st century and beyond. Projections of greenhouse gas emissions vary over a wide range, depending on both socio-economic development and climate policy. Anthropogenic GHG emissions are mainly driven by population size, economic activity, lifestyle, energy use, land use patterns, technology and climate policy. The Representative Concentration Pathways (RCPs), which are used for making projections based on these factors, describe four different 21st century pathways of GHG emissions and atmospheric concentrations. Air pollutant emissions and land use.

**Projected changes in the climate system**

Surface temperature is projected to rise over the 21st century under all assessed emission scenarios. It is very *likely* that heat waves will occur more often and last longer, and that extreme precipitation events will become more intense and frequent in many regions. The ocean will continue to warm and acidify, and global mean sea level to rise. Future climate will depend on committed warming caused by past anthropogenic emissions, as well as future anthropogenic emissions and natural climate variability. The global mean surface temperature change for the period 2016-2035 relative to 1986-2005 is similar for the four RCPs and will likely be in the range 0.3ÚC to 0.7ÚC. It is virtually certain that there will be more frequent hot and fewer cold temperature extremes over most land areas on daily and seasonal timescales, as global mean surface temperature increases. It is very *likely* that heat waves will occur with a higher frequency and longer duration. Cold winter extremes will continue to occur.

**Future risks and impacts caused by a changing climate**

Climate change will amplify existing risks and create new risks for natural and human systems. Risks are unevenly distributed and are generally greater for disadvantaged people and communities in countries at all levels of development. Risk of climate-related impacts results from the interaction of climate-related hazards (including hazardous events and trends) with the vulnerability and exposure of human and natural systems, including their ability to adapts. Rising rates and magnitudes of warming and other changes in the climate system, accompanied by ocean acidification, increase the risk of severe, pervasive and in some cases irreversible detrimental impacts. Some risks are particularly relevant for individual regions while others are global. The overall risks of future climate change impacts can be reduced by limiting the rate and magnitude of climate change, including ocean acidification. Climate change is projected to undermine food security. Due to projected climate change by the mid-21st century and beyond, global marine species redistribution and marine biodiversity reduction in sensitive regions will challenge the sustained provision of fisheries productivity

and other ecosystem services For wheat, rice and maize in tropical and temperate regions, climate change without adaptation is projected to negatively impact production for local temperature increases of 2ÚC or more above late 20th century levels, although individual locations may benefit

**Climate change beyond 2100, irreversibility and abrupt changes**

Many aspects of climate change and associated impacts will centuries, even if anthropogenic emissions of greenhouse gases are stopped. The risks of abrupt or irreversible changes increase as the magnitude of the warming increases. Stabilization of global average surface temperature does not imply stabilization for all aspects of the climate system. Shifting biomes, soil carbon ice sheets, ocean temperatures and associated sea level rise all have their own intrinsic long timescales which will result in changes lasting hundreds to thousands of years after global surface temperature is stabilized. It is virtually certain that global mean sea level rise will centuries beyond 2100, with the amount of rise dependent on future emissions. The threshold for the Greenland ice sheet a millennium or more, and an associated sea level rise of up to 7m, is greater than about 1ÚC but less than about 4ÚC of global warming with respect to pre-industrial temperatures. Abrupt and irreversible ice loss from the Antarctic ice sheet is possible, but current evidence and understanding is insufficient to make a quantitative assessment.

**Potential Climate Change Impacts**

According to V&A working group of Myanmar INC; In the vulnerability assessment, six potential climate change impacts are selected such as tropical storm/strong wind, flood/storm surge, intense rain, extreme day temperature, drought and sea level rise. The climate change impacts are applied to three selected vulnerability indicators from water resources sector, agricultural sector, forestry sector, health. sector, coastal zone sector and biodiversity sector. The highest score is shown at health sector which is followed next by sectors of biodiversity, water resources, forestry, coastal zone and agriculture.

In ***public health sector***, maximum score is (5.3) in Ayeyawady Region which is followed by Rakhine State, Taninthayi Region, Bago Region and Mon State. Minimum score is (2.0) in Chin State.
In ***biodiversity sector***, maximum score is (4.7) in Sagaing Region followed by Rakhine State, Bago, Ayayawady Taninthayi Regions and Mon State. It is minimum (1.1) in Yangon Region.

In ***water resource sector***, maximum score is (4.5) in Manadalay and Bago Region followed by Mandalay, Bago and Ayeyawady Regions and Kayah State. It is minimum (0.7) in Taninthayi Tegion.
In ***coastal zone sector***, Maximum score is (2.9) in Ayeyawady Region followed by Rakhine State, Yangon Region, Bago Region and Mon State. It is Minimum (1.3) in Taninthayi Region. There is no score in the remaining eight inland States and Regions.

In ***agriculture sector***, maximum score is (1.6) in Ayeyawady Region followed by Bago, Sagaing, Mandalay and Magway Regions. It is minimum (0.2) in Chin State.

Current climate change and possible climate in near future may be disseminated timely and effectively to the key socioeconomic sectors, and different stakeholders including public, through the different available media with special emphasis to the targeted region. Establishment of a National Climate Centre may be considered with especially dedicated staff so that the center can concentrate with due responsibility of function to provide climate change information the immediate need of DMH. Policies, legalistic requirement and necessary regulation have to be prepared collectively against climate change vulnerability, adaptation and strategy that will also somehow promise peaceful modern developed state of Myanmar. Therefore, vulnerability and adaptation assessment of socioeconomic sectors to climate change impacts need institutions, technology, tools, funds and enhanced collaboration, technology, tools funds and enhanced collaboration with national, regional and international agencies.

*Reference :*

- Climate Change 2014 Synthesis Report, IPCC 2014.
- Climate Change in Myanmar, U Sein Thet 2014.

**နောက်ကျောဖုံးမှအဆက်**

**အပွင့်**

လိင်စုံ ပန်းပွင့်ဖြစ်ပြီး ပင်စည်ထိပ်ဖျားအနီးမှ ၁ မှ ၂ မီတာရှည်သော ပွင့်ကိုင်းပေါ်တွင် စုပြုံ၍ပွင့်ပါသည်။ အမပွင့်သည် ထိပ်တွင် အချင်းဝက် ၂၅ မှ ၃၀ စင်တီမီတာရှိသော အလုံးပုံစံရှိပါသည်။ အုတ်ခဲရောင်မှ အဝါရောင်ရှိသော အဖိုပွင့်များသည် ကြောင်မြီးပန်းခိုင်ဖြစ်ပြီး အမပန်းပွင့်လုံး အောက်တွင်ရှိပါသည်။ ဝတ်မှုန်များသည် အတောင့်ပုံစံရှိပြီး ယင်ကောင်ကဲ့သို့သော အင်းဆက်များဖြင့် ဝတ်မှုန်ကူးပါသည်။

**အသီး**

အသီးခိုင်သည် လုံးဝိုင်းသော ပုံစံရှိ၍ အချင်းဝက် ၄၅ စင်တီမီတာရှိပါသည်။ အသီးတစ်ခုချင်းအနေဖြင့် အညို ရောင်ရှိပြီး ဥရင်းသွယ်ပုံစံရှိပါသည်။ ပတ်ပတ်လည် သီးပြီး အစေ့ခွံမှာ ထူထဲသောအမျှင်များဖြင့် ဖုံးအုပ်ထားပါသည်။ အရွယ်အစားမှာ အရှည် ၁၀–၁၅ စင်တီမီတာ၊ အနံ ၅–၈ စင်တီမီတာရှိပါသည်။ အသီးတစ်သီးစီတွင် ၄–၅ စင်တီမီတာ အရွယ်အစားရှိသော အဖြူရောင် ဥ သဏ္ဍာန်အစေ့ တစ်ခု ပါရှိပါသည်။ အစေ့ခွံများသည် အခေါင်းပေါက်ပါရှိပြီး အမျှင် ထူသောအခွံကြောင့် ရေတွင် မျောပါနိုင်ပါသည်။

**မြန်မာနိုင်ငံအတွင်း ပျံ့နှံ့ပေါက်ရောက်မှု**

ဒီရေအတက်အကျ နေ့စဉ်ရှိသော မြစ်နှင့်ချောင်း ကမ်းပါးတစ်လျှောက် လတာမြေ(နွန်းမြေ)ရှိသော အနိမ့်ပိုင်းများတွင် အစုလိုက်ပေါက်ရောက်ပါသည်။ ရေချိုဒေသတွင် ကောင်းစွာဖြစ်ထွန်း၍ သဲဆန်လွန်းခြင်းနှင့် ရေငန်ဓာတ် ၃ ရာခိုင်နှုန်းထက် ပိုများလွန်းခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိ သောကြောင့် အဆိုပါဒေသများတွင် အရွက်သေးငယ်ခြင်း၊ အဝါရောင်ပြောင်းခြင်းတို့ဖြစ်ပေါ်စေပါသည်။ ဒီရေရောက် ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် အခြားဒီရေရောက် ဒေသများတွင် သဘာဝအပင်များ တွေ့ရှိရသကဲ့သို့ ပြန်လည် စိုက်ပျိုးထားသော အပင်များကိုလည်း တွေ့ရှိရပါသည်။

**အသုံးပြုပုံ**

ပန်းပွင့်များကို အချိန်နှင့်အညီပြုပြင်ပေးနိုင်ပါက ဓနိ ချိုရည်များစွာထွက်ပါသည်။ ၎င်းအရည်ကို ထပ်မံ၍ ဓနိအခါး ရည်၊ အရက်ပြန်လည်ချက်ခြင်းတို့တွင် သုံးပါသည်။ သကြား၊ ပအုန်းရည် ခေါ် (vinegar) အချဉ်ရည်ပြုလုပ်ရာတွင်လည်း သုံးပါသည်။ စနစ်တကျ စီမံချက်လုပ်ပါက ဓနိသကြားသည် ကြံ၊ သကြားမုန်လာဥနီတို့မှထွက်သော သကြားတို့ထက် ပိုမို ထွက်ရှိပြီး အချိုဓာတ်လည်းပိုပါသည်။ ဓနိရွက်များကို အမိုး သက္ကယ်၊ ထီး၊ ဦးထုပ်၊ ဖျာ၊ ခြင်းတောင်း၊ ဆေးလိပ်ဖက်တို့ အဖြစ် ပြုလုပ်သုံးစွဲကြပါသည်။ အဖူးနှင့်အသီးကို စားသုံးကြ ပါသည်။ ဓနိရိုးတံအမျှင်များအား ပြုပြင်ဖန်တီး၍ ကြိုးကျစ်ခြင်း၊ တံမြက်စည်းနှင့် စုတ်တံများ ပြုလုပ်သုံးစွဲကြပါသည်။




Even in socio-economic mega-projects, the approaches should be used for minimizing the impacts on biodiversity and ecology.

**လူမှုစီးပွားရေးနှင့် ပတ်သက်သော အကြီးစားစီမံကိန်းများတွင် ပင်လျှင် ဇီဝပဒေသာနှင့် ဂေဟစနစ်အပေါ်သက်ရောက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစား ပေးရမည်။**

## သစ်တောကြေးမုံ

# ဓနိ

ဦးမိုးအောင်
လက်ထောက်ညွှန်ကြားရေးမှူး



*Nypa fruticans* Wurmb.
ARECAECAE
Local name: Dani (ဓနိ)

အောက်ခံမြေသားပျော့၍ အနိမ့်ပိုင်း ကမ်းနားစပ်တစ်လျှောက်တွင် ပေါက်ရောက်ပါသည်။ အမြဲတမ်း သို့မဟုတ် အချိန်ကြာကြာ ရေချိုလွှမ်းမိုးသောဒေသတွင် အစုလိုက် သီးသန့်ပေါက်ရောက်ပါသည်။ သမိုင်းမှတ်တမ်းများအရ ဓနိဝတ်မှုန်များကို ကရိကျွန်းခေတ်၊ လွန်ခဲ့သော နှစ်သန်းပေါင်း ၆၅-၇၀ ကတည်းကပင် တွေ့ရှိခဲ့ပါသည်။ ဩစတြေးလျ အပင်စာရင်းတွင် တတိယခေတ်ဦး အဲအိုဆင်း‌ေခတ်တွင် ကတည်းက ကောင်းစွာဖြစ်ထွန်းနေကြောင်း သိရှိရပါသည်။ မျိုးစိတ်တစ်ခုတည်းရှိသော မျိုးစုဖြစ်ပါသည်။

### အရွယ်အစားနဲ့ပုံသဏ္ဍာန်

အစုလိုက် အရုံလိုက်ပေါက်သော ပင်စည်မဲ့ အုန်း၊ ထန်းမျိုးရင်းပင်များ ဖြစ်ပါသည်။ အောက်ခြေတွင် မာကျောသည့်အမြစ်များ ဖြာထွက်လျက်ရှိပါသည်။ ဓနိပင်များ၏ ထူထဲများပြားသော အမြစ်များကြောင့် အခြားသော ဒီရေတော အပင်များထက် ရေစီးကြမ်းသောဒဏ်ကို ပိုမိုခံနိုင်ပါသည်။

### အရွက်

ဓနိကိုင်းများသည် ထောင်မတ်နေပြီး အနည်းငယ်ကော့လျက် ၄ မှ ၉ မီတာထိရှည်ပါသည်။ ဓနိခိုင်နှင့် ဓနိရွက်များ အောက်ခြေတွင် ခိုင်မာစွာတွယ်ဆက်နေပါသည်။ ဓနိကိုင်းတစ်ခုလျှင် အရွက် ၁၀၀ မှ ၁၂၀ ထိပါရှိပြီး အရွက်တစ်ရွက်ချင်းအနေဖြင့် အရှည် ၆၀ မှ ၁၃၀ စင်တီမီတာ၊ အနံ ၅ မှ ၈ စင်တီမီတာထိရှိပါသည်။ အပေါ်မျက်နှာပြင်သည် အစိမ်းရောင်တောက်တောက်ရှိပြီး အချို့အရွက်များ၏ အောက်မျက်နှာပြင်တွင် အဆွေးမှုန်များရှိပါသည်။ ပုံမှန်အားဖြင့် ဖြောင့်တန်းစွာရှိသော အလယ်ရိုးတံတွင် အညိုရောင်အပိုင်းမှာ ၂ စင်တီမီတာအထက်တွင် ရှိပါသည်။

### သိသာထင်ရှားသောလက္ခဏာများ

အုန်း၊ ထန်း မျိုးရင်းဝင် ဒီရေတောပင်ဖြစ်ပါသည်။ မြစ်ကမ်းတစ်လျှောက်တွင် သီးခြားစုပြုံပေါက်နေသော အပင်စုဖြစ်ပါသည်။







စာမျက်နှာ ( ၄၉ )သို့